# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**စောင့်ရှောက်ထားအပ်သောစိတ်**

အလွန့်အလွန်မြင်နိုင်ခဲသော၊ အလွန့်အလွန် သိမ်မွေ့သော၊ အလိုရှိရာအာရုံ၌ ကျလေ့ရှိသော စိတ်ကို ပညာရှိသည် စောင့်ရှောက်ရာ၏။ စောင့်ရှောက်ထားအပ်သော စိတ်သည် ချမ်းသာကို ရွက်ဆောင်တတ်၏။

စိတ္တဝဂ်(ဓမ္မပဒ-၃၆)


၁၃၈၃ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၆ ရက် | ၂၀၂၂ ခုနှစ်၊ မတ် ၂၂ ရက်၊ အင်္ဂါနေ့ | အတွဲ (၆၁)၊ အမှတ် (၁၇၃)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက် လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အာဆီယံအလှည့်ကျဥက္ကဋ္ဌ၏ မြန်မာနိုင်ငံဆိုင်ရာအထူးကိုယ်စားလှယ် ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ် H.E. Mr. Prak Sokhonn နှင့် အာဆီယံအတွင်းရေးမှူးချုပ်တို့အား လက်ခံတွေ့ဆုံ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အာဆီယံအလှည့်ကျဥက္ကဋ္ဌ၏ မြန်မာနိုင်ငံဆိုင်ရာအထူးကိုယ်စားလှယ် ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ် H.E. Mr. Prak Sokhonn နှင့် အာဆီယံအတွင်းရေးမှူးချုပ် H.E. Dato Lim Jock Hoi တို့အား လက်ခံတွေ့ဆုံစဉ်။

နေပြည်တော် မတ် ၂၁

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အာဆီယံအလှည့်ကျဥက္ကဋ္ဌ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ်၊ နိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီး H.E. Mr. Prak Sokhonn နှင့် အာဆီယံအတွင်းရေးမှူးချုပ် H.E. Dato Lim Jock Hoi တို့အား ယနေ့ နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ❐

## ယနေ့ ဖတ်စရာ


**နိုင်ငံတော်နှင့် ပြည်သူအပေါ် အစဉ်ထာဝရ အလုပ်အကျွေးပြု ပေးဆပ်နေသည့် တပ်မတော်**
*(၇၇)နှစ်မြောက် တပ်မတော်နေ့အကြို ဂုဏ်ပြုဆောင်းပါး* စာ - ၈

**လူ ၁၃၂ ဦး လိုက်ပါလာသည့် ခရီးသည်တင် လေယာဉ် တရုတ်တောင်ပိုင်းတွင် ပျက်ကျ**
နိုင်ငံတကာသတင်း စာ - ၁၄

**ပူးပေါင်းဆောင်ရွက်မှုမှသည် အောင်မြင်မှု မှတ်တိုင်ဆီသို့ MYANCOPHARM ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး**
ဆောင်းပါး စာ - ၁၆

# အစိမ်းရောင်တံတိုင်းကြီးများကို ပြန်လည်ထူထောင်၊ ထိန်းသိမ်းကာကွယ်

ယခုနှစ် အပြည်ပြည်ဆိုင်ရာ သစ်တောများနေ့၏ ဆောင်ပုဒ်မှာ "မျှတဆင်ခြင်ထုတ်သုံးလျှင်၊ သစ်တောများတည်မြဲထာဝစဉ်" ဟူ၍ ဖြစ်သည်။ မြန်မာနိုင်ငံသည် နိုင်ငံ့ဧရိယာ၏ ၄၂ ရာခိုင်နှုန်းကျော်ကို သစ်တောများ ဖုံးလွှမ်းလျက်ရှိရာ တောင်ပေါ်ဒေသ၊ အပူပိုင်းဒေသ၊ ကမ်းရိုးတန်းဒေသများတွင် မတူကွဲပြားသော သစ်တောအမျိုးအစားများ ပေါက်ရောက်လျက်ရှိသည်။ သတိပြုရမည့်အချက်မှာ မြန်မာ့သစ်တောများသည် လူတို့၏ ပယောဂကြောင့် နှစ်စဉ်ပျက်စီးပြုန်းတီးမှုပမာဏ ကြီးမားစွာဖြင့် ဆုံးရှုံးနေခြင်းပင်ဖြစ်သည်။

မြန်မာနိုင်ငံတွင် သစ်တောများ ပြုန်းတီးမှုလျှော့ချရေးနှင့် သစ်တောထိန်းသိမ်းရေးအတွက် သစ်ထုတ်လုပ်မှုများ ရပ်ဆိုင်းခြင်း၊ သစ်တောများ ပြန်လည်တည်ထောင်ခြင်း၊ တောရိုင်းတိရစ္ဆာန်များ၏ နေရင်းဒေသများ ပြန်လည်တည်ထောင်ခြင်း၊ အမြဲတမ်းသစ်တောများကို နိုင်ငံ့အကျယ်အဝန်း၏ ၃၀ ရာခိုင်နှုန်း၊ သဘာဝနယ်မြေများကို နိုင်ငံ့အကျယ်အဝန်း၏ ၁၀ ရာခိုင်နှုန်းအထိ ဖွဲ့စည်းရန် ဆောင်ရွက်နေခြင်းတို့ ရှိနေသလို အခြားတစ်ဖက်တွင်လည်း ဥပဒေမဲ့ သစ်ခိုးမှုများ၊ ထင်းမီးသွေးထုတ်ယူမှု၊ တောမီးရှို့မှုများ၊ သားငှက်တိရစ္ဆာန်များ ဖမ်းဆီးသတ်ဖြတ် မှောင်ခိုရောင်းဝယ်မှုများလည်း များစွာရှိနေသည်။ သစ်တောများ ပျက်စီးပြုန်းတီးမှုတွင် ဒီရေတောများလည်းပါရှိရာ ၎င်းတို့၏ အရေးပါမှုကို ဒေသခံပြည်သူများအား အသိပညာပေးခြင်း၊ ဒီရေတောများ ကာကွယ်ထိန်းသိမ်းခြင်းနှင့် ပြန်လည်ထူထောင်ခြင်းတို့တွင် ပါဝင်လာစေရန် စည်းရုံးဆောင်ရွက်ခြင်းတို့ ပြုလုပ်သွားကြရန်လိုသည်။

မြန်မာနိုင်ငံသည် အာရှတွင် တတိယအကြီးဆုံး ဒီရေတောဂေဟစနစ်ကြီးကို ပိုင်ဆိုင်ထားသော်လည်း ပျက်စီးပြုန်းတီးမှုနှုန်း အမြင့်ဆုံးနိုင်ငံများထဲတွင် ပါဝင်နေသည်။ ဒီရေတောများသည် ပင်လယ်ဒီရေဝင်ရောက်ရာ ကမ်းဦးရေတိမ်ပိုင်း ကမ်းတက်မြေများတွင် ပေါက်ရောက်ပြီး အပင်များ၏ အမြစ်များက နုန်းမြေအတွင်း နက်ရှိုင်းစွာ တိုးဝင်နေကာ လေရှူမြစ်များကလည်း ရွှံ့နွံများပေါ် ထိုးထွက်နေခြင်းကြောင့် ရေလှိုင်းဒဏ်၊ မုန်တိုင်းဒဏ်၊ ဆူနာမီဒဏ်နှင့် ကမ်းပြိုမှုတို့ကို ကာကွယ်ပေးနိုင်ကြသည်။ ထို့အပြင် ဒီရေတောများသည် ငါး၊ ပုစွန်၊ ကဏန်း စသည့်ရေသတ္တဝါများ ခိုအောင်းရာ၊ ပေါက်ဖွားရာ နေရာများလည်းဖြစ်သည်။ လမု၊ ကနစို၊ ဓနိ စသည့်အလေ့ကျပင်များ ပေါက်ရောက်နေသည့်အတွက် သာမန်အားဖြင့် တန်ဖိုးမရှိဟု ယူဆလေ့ရှိကြသော်လည်း ဂေဟစနစ်အတွက် လွန်စွာတန်ဖိုးကြီးလှသည်။ ဒီရေတောများ၏ ကာဗွန်ဒိုင်အောက်ဆိုက် စုပ်ယူမှုက အခြားသစ်တောအမျိုးအစားများထက် မြင့်မားပြီး သဘာဝပတ်ဝန်းကျင် အညစ်အကြေးများကိုပါ စုပ်ယူတားဆီးပေးနိုင်သည့် သဘာဝရေစစ်ကြီးများအဖြစ်လည်း တင်စားကြသည်။

ဒီရေတောများ ပျက်စီးပြုန်းတီးမှုများသည် ထင်း၊ မီးသွေးများထုတ်ယူခြင်း၊ ငါးပုစွန်ကန်များ တူးဖော်ခြင်း၊ ဆားလုပ်ငန်းအတွက် ဆားကွင်းများပြုလုပ်ခြင်း၊ လယ်ယာစိုက်ပျိုးမြေများ ဖော်ထုတ်ခြင်း၊ လူနေမြို့ရွာများ တိုးချဲ့ခြင်း စသည်တို့ကြောင့်ဖြစ်ရာ အဖိုးတန်သစ်မာများ ထုတ်ယူနိုင်သည့် သစ်တောများနှင့် မတူဘဲ သစ်တောမြေများကို အခြားနည်းဖြင့် အသုံးချလိုမှုကြောင့် ပိုမိုပျက်စီးရသည်ဟု ယူဆစရာဖြစ်သည်။ ဒီရေတောများသည် လူသားတို့အတွက် သဘာဝဘေးအန္တရာယ်မှ အကောင်းဆုံး အကာအကွယ်ပေးနိုင်သည်ကို ၂၀၀၈ ခုနှစ် နာဂစ်မုန်တိုင်း အတွေ့အကြုံအရ သိရှိခဲ့ပြီးဖြစ်ရာ မပျက်မစီးအောင်ထိန်းသိမ်းရေး၊ ပြန်လည်ထူထောင်ရေးတို့ကို သက်ဆိုင်ရာဌာနကသာမက၊ အသင်းအဖွဲ့များ၊ ဒေသခံပြည်သူများကပါ တက်ကြွစွာ ပါဝင်ကြရမည်ဖြစ်သည်။

မိမိတို့ နိုင်ငံသည် သဘာဝဘေးအန္တရာယ်ကျရောက်နိုင်ခြေမြင့်မားသည့်နိုင်ငံများတွင် ပါဝင်နေခြင်းဖြစ်သည့်အတွက် မုန်တိုင်း၊ ဒီလှိုင်းနှင့် ဆူနာမီလှိုင်းတို့ ကဲ့သို့သော သဘာဝဘေးအန္တရာယ်များမှ ကာကွယ်နိုင်သည့် အစိမ်းရောင်တံတိုင်းကြီးများ သဖွယ်ဖြစ်သော ဒီရေတောများကို ထိန်းသိမ်းကြရန်နှင့် ထူထောင်ကြရန် တိုက်တွန်းနှိုးဆော်အပ်ပါကြောင်း။ ။

## (၇၇) နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်များ

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ကို ကာကွယ်စောင့်ရှောက်လျက် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသော ပြည်ထောင်စုကြီး ပေါ်ထွန်းလာစေရေးအတွက် အမျိုးသားနိုင်ငံရေးဦးဆောင်မှု အခန်းကဏ္ဍတွင် တပ်မတော်က ပါဝင်ကူညီဆောင်ရွက်ရေး။

၂။ နိုင်ငံတော်အစိုးရ၏ အမျိုးသားရေးလုပ်ငန်းစဉ်အဖြစ် အဓိကဆောင်ရွက်လျက်ရှိသည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားနပ်ရိက္ခာပေါများဖူလုံရေး လုပ်ငန်းစဉ်များတွင် တပ်မတော်အနေဖြင့် ကျရာအခန်းကဏ္ဍမှ တစ်တပ်တစ်အား တာဝန်ယူဆောင်ရွက်ရေး။

၃။ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် တပ်မတော်က တိုင်းရင်းသားပြည်သူအားလုံးနှင့် လက်တွဲပူးပေါင်းဆောင်ရွက်ရေး။

၄။ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီးပေါ်ထွန်းလာစေရေး အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရေး တပ်မတော်က လိုအပ်သည်များ ကူညီဆောင်ရွက်ပေးရေး။

၅။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီမျိုးချစ်တပ်မတော် တည်ဆောက်ရေး။

## (၇၇) နှစ်မြောက် တပ်မတော်နေ့ စစ်ကြောင်းကြီးများအား မိဘပြည်သူများ လာရောက်ဂုဏ်ပြုနိုင်

(၇၇) နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားတွင် ချီတက်ကြမည့် စစ်ရေးပြစစ်ကြောင်းကြီးများအား တန်းစီကွင်းမှ စစ်ရေးပြကွင်းသို့ ချီတက်ရာလမ်းကြောင်းတစ်လျှောက် ဂုဏ်ပြုပန်းစည်း ကမ်းလိုသူ မိဘပြည်သူများအနေဖြင့် တယ်လီဖုန်းဖြင့် ကြိုတင်စာရင်း ပေးသွင်းထားနိုင်ပြီး မတ်လ(၂၄)၊ (၂၅) ရက်နေ့များတွင် နိုင်ငံသားစိစစ်ရေးကတ်ပြား(မူရင်း) ရောင်စုံလိုင်စင်ဓာတ်ပုံ (၂)ပုံတို့နှင့်အတူ လုံခြုံရေးဝင်ခွင့်ကတ်များကို လူကိုယ်တိုင် (လူကိုယ်တိုင်) လာရောက်ထုတ်ယူကာ ဝင်ရောက်ခွင့်ပြုသွားမည်ဖြစ်ပါသည်။ အောက်ပါလိပ်စာသို့ဆက်သွယ်ဆောင်ရွက်နိုင်ပါကြောင်း အသိပေး အကြောင်းကြားအပ်ပါသည်။

လုံခြုံရေးဆပ်ကော်မတီ
(နေပြည်တော်တိုင်းစစ်ဌာနချုပ်)
နေပြည်တော်
ဖုန်း၊၀၃၂-၃၀၀၀၉

## ရာဇဝတ်အထူးအယူခံမှု ( ၂ ) မှုကို စီရင်ချက် ချမှတ်၊ တရားမ အထူးအယူခံမှု ( ၅ ) မှုကို ရုံးထိုင်ကြားနာ

နေပြည်တော်  မတ်  ၂၁

ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများဖြစ်ကြသော ဦးမျိုးတင့်၊ ဦးခင်မောင်ကြီး၊ ဦးတင်ဟုန်၊ ဒေါ်ခင်မေရီ တို့ပါဝင်သည့် အထူးအယူခံခုံရုံးသည် ယနေ့ နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် ရုံးခန်းအမှတ် (၁) ၌ ရုံးထိုင်၍ ရာဇဝတ်အထူးအယူခံမှုအမှတ် ၈/၂၀၂၁ (ပဲခူး)၊ ၉/၂၀၂၁(မန္တလေး) စုစုပေါင်း ရာဇဝတ်အထူးအယူခံမှု (၂) မှုတို့ကို စီရင်ချက် ချမှတ်သည်။

ထို့ပြင် တရားမအထူးအယူခံမှုအမှတ် ၁၇/၂၀၂၀ (ရန်ကုန်)၊ ၁၈/၂၀၂၀ (ရန်ကုန်)၊ ၁၅/၂၀၂၀ (မန္တလေး)၊ ၄/၂၀၂၁ (ဧရာဝတီ)နှင့် ၅/၂၀၂၁ (ဧရာဝတီ) စုစုပေါင်း တရားမ အထူးအယူခံမှု (၅) မှု တို့ကို ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်ရေး ညွှန်ကြားချက်များနှင့်အညီ ရုံးထိုင်ကြားနာခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ကမ်းနီး/ကမ်းဝေး ငါးဖမ်း၊ ငါးသယ်ရေယာဉ်များအား အသိပေးကြေညာခြင်း

မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ၂၀၂၂ခုနှစ် မတ် ၂၀ ၁၀:၃၀ နာရီအချိန် ထုတ်ပြန်ချက်(မုန်တိုင်းငယ်သတိပေးချက်အရ ဆိုင်ကလုန်းမုန်တိုင်း(Cyclonic Storm)အဖြစ်သို့ ရောက်ရှိနိုင်ပြီး (၂၁-၃-၂၀၂၂)ရက်နေ့ ညပိုင်းတွင် မြန်မာနိုင်ငံ၊ ကိုကိုးကျွန်းအနီးသို့ လည်းကောင်း၊ (၂၂-၃-၂၀၂၂)ရက်နေ့ နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး၊ ဟိုင်းကြီးကျွန်းအနီးသို့ လည်းကောင်း၊ (၂၂-၃-၂၀၂၂) ရက်နေ့ ညပိုင်းတွင် ရခိုင်ကမ်းရိုးတန်းအနီးသို့ လည်းကောင်း ရောက်ရှိနိုင်သည်ဟု ခန့်မှန်းပြီး မုန်တိုင်းငယ်အရှိန်ကြောင့် မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်ပြီး လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန် ပင်လယ်ပြင်တို့တွင် ကိုးပေမှ ၁၂ ပေ ခန့်ရှိနိုင်ပါကြောင်း ထုတ်ပြန်ကြေညာထားပါသဖြင့် တိုင်းဒေသကြီး/ ပြည်နယ်အခြေပြုလုပ်ကိုင်ဆောင်ရွက်နေသော ကမ်းနီး/ကမ်းဝေး ငါးဖမ်း၊ ငါးသယ်ရေယာဉ်များအနေဖြင့် မုန်တိုင်းအန္တရာယ်မှ သတိပြုရှောင်ရှားနိုင်ရေးအသိပေး ကြေညာအပ်ပါသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
ငါးလုပ်ငန်းဦးစီးဌာန

## ❖ အာဆီယံ ဘုံသဘောတူညီချက် (၅)ရပ်အပေါ် အကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများ၊ မြန်မာနိုင်ငံရှိ ပြည်သူများအတွက် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများရရှိစေရေး ဆောင်ရွက်လျက်ရှိမှုအခြေအနေများ၊ အာဆီယံတွင် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးဆိုင်ရာကိစ္စရပ်များ၊ ယခုခရီးစဉ်သည် ပထမဆုံးခြေလှမ်းဖြစ်၍ တွေ့ဆုံဆွေးနွေးမှုများမှတစ်ဆင့် တိုးတက်မှုများရရှိစေရေး တို့နှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေး

❒ *ရှေ့ဖုံးမှ*

### အမြင်ချင်းဖလှယ်ဆွေးနွေး

ထိုသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံအနေဖြင့် ၂၀၁၀ ခုနှစ်မှစ၍ ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းခဲ့မှုနှင့် ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် မဲမသမာမှုများ ဖြစ်ပေါ်ခဲ့မှုကြောင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အနေဖြင့် လူထုဆန္ဒခံယူ၍ အတည်ပြုထားသည့် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ နိုင်ငံတော်၏တာဝန်ကို ထမ်းဆောင်ခဲ့ရမှုအခြေအနေများ၊ နိုင်ငံရေးသဘောထားမတိုက်ဆိုင်မှုကြောင့် ဖြစ်ပေါ်လာသည့် ဆန္ဒပြမှုများမှတစ်ဆင့် ဆူပူအကြမ်းဖက်မှုများ၊ အကြောင်းမဲ့သတ်ဖြတ်မှုများ၊ နိုင်ငံပိုင်အဆောက်အဦများ၊ စာသင်ကျောင်းများကို ဖျက်ဆီးမှုများနှင့် မိုင်းထောင်ဖောက်ခွဲမှုများ ဖြစ်ပေါ်ခဲ့မှုနှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ် လုံခြုံရေးအတွက် ဆောင်ရွက်လျက်ရှိမှု အခြေအနေများ၊ အာဆီယံ ဘုံသဘောတူညီချက် (၅)ရပ်အပေါ် အကောင်အထည်ဖော် ဆောင်ရွက်နေမှုအခြေအနေများ၊ မြန်မာနိုင်ငံရှိ ပြည်သူများအတွက် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကူအညီများ ရရှိစေရေး ဆောင်ရွက်လျက်ရှိမှုအခြေအနေများ၊ အာဆီယံတွင် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များ၊ ယခုခရီးစဉ်သည် ပထမဆုံးခြေလှမ်းဖြစ်၍ တွေ့ဆုံဆွေးနွေးမှုများမှတစ်ဆင့် တိုးတက်မှုများ ရရှိစေရေးတို့နှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

### တက်ရောက်

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးဝဏ္ဏမောင်လွင်၊ ဦးကိုကိုလှိုင်၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး အာဆီယံအလှည့်ကျဥက္ကဋ္ဌ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်၊ ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့်အတူ စက်မှု၊ သိပ္ပံ၊ နည်းပညာနှင့် တီထွင်ဆန်းသစ်မှုဝန်ကြီး H.E. Kitti Setta Pandita Cham Prasidh၊ အာဆီယံအတွင်းရေးမှူးချုပ် H.E. Dato Lim Jock Hoi ၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ကမ္ဘောဒီးယားနိုင်ငံ သံအမတ်ကြီး H.E. Mr. Chhouk Bunna နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အာဆီယံအလှည့်ကျဥက္ကဋ္ဌ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ် H.E. Mr. Prak Sokhonn အား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

# အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် အာဆီယံအလှည့်ကျဥက္ကဋ္ဌ၏ မြန်မာနိုင်ငံဆိုင်ရာအထူးကိုယ်စားလှယ်၊ ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ်၊ နိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီး မစ္စတာ ပရပ်ဆုတ်ခွန်း ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် မတ် ၂၁

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ဝန်ကြီးဌာန(၁) ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်သည် အာဆီယံအလှည့်ကျဥက္ကဋ္ဌ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်၊ ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ်၊ နိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီး မစ္စတာ ပရပ်ဆုတ်ခွန်း ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့ ညနေ ၄ နာရီ ၄၅ မိနစ်တွင် နေပြည်တော်ရှိ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေး ဖော်ဆောင်မှုဗဟိုဌာန၌ လက်ခံတွေ့ဆုံသည်။ (ဝဲပုံ)



### နှုတ်ခွန်းဆက်စကား ပြောကြား

တွေ့ဆုံစဉ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန(၁) ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်နှင့် အာဆီယံအလှည့်ကျဥက္ကဋ္ဌ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်၊ ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ်၊ နိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီး မစ္စတာ ပရပ်ဆုတ်ခွန်း တို့က နှုတ်ခွန်းဆက်စကား ပြောကြားကြသည်။

### ရင်းနှီးပွင့်လင်းစွာ ဆွေးနွေး

ထို့နောက် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အကောင်အထည်ဖော်မှုများကို ပါဝါပွိုင့်ဖြင့် ရှင်းလင်းတင်ပြပြီး မြန်မာနိုင်ငံ၏ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုအခြေအနေများကို နှစ်ဖက်အပြန်အလှန် အမြင်ချင်းဖလှယ်၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ ဘဝနတ်ထံပျံလွန်တော်မူခဲ့သည့် နိုင်ငံတော်ဩဝါဒါစရိယ ရွှေကျင်နိကာယာဓိပတိဥက္ကဋ္ဌ ဓမ္မသေနာပတိ ပန္နရသမရွှေကျင်သာသနာပိုင် ဘဒ္ဒန္တဝိဇ္ဇောတ မဟာထေရ်မြတ်ကြီး၏ ဥတုဇရုပ်ကလပ်တော်မြတ်အား ဖူးမြော်ကြည်ညိုစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဘဝနတ်ထံပျံလွန်တော်မူခဲ့သည့် နိုင်ငံတော်ဩဝါဒါစရိယ ရွှေကျင်နိကာယာဓိပတိဥက္ကဋ္ဌ ဓမ္မသေနာပတိ ပန္နရသမရွှေကျင်သာသနာပိုင် ဘဒ္ဒန္တဝိဇ္ဇောတ မဟာထေရ်မြတ်ကြီး၏ ဥတုဇရုပ်ကလပ်တော်မြတ်အား သွားရောက်ဖူးမြော်ကြည်ညို၊ အန္တိမအဂ္ဂိစျာပနပူဇော်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် လိုအပ်သည်များညှိနှိုင်းဆောင်ရွက်ပေး

နေပြည်တော် မတ် ၂၁

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် အမှတ်(၈)ရပ်ကွက် ဝိဇ္ဇောတာရုံစာသင်တိုက်၏ ဦးစီးပဓာနမဟာနာယက နိုင်ငံတော်ဩဝါဒါစရိယ ရွှေကျင်နိကာယာဓိပတိ ဥက္ကဋ္ဌ ဓမ္မသေနာပတိ ပန္နရသမရွှေကျင်သာသနာပိုင် အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တ ဝိဇ္ဇောတ မဟာထေရ်မြတ်ကြီးသည် သက်တော် (၉၃) နှစ်၊ သိက္ခာတော် (၇၃) ဝါအရ ၁၃၈၃ ခုနှစ် (တပေါင်းလပြည့်ကျော်(၄) ရက်) ခရစ်နှစ် ၂၀၂၂ ခုနှစ် မတ်လ ၂၀ ရက် တနင်္ဂနွေနေ့ နံနက် ၂ နာရီ ၁၂ မိနစ်တွင် ဘဝနတ်ထံပျံလွန်တော်မူခဲ့သည်။

## သွားရောက်ဖူးမြော်

ဆရာတော်ဘုရားကြီး၏ ကြွင်းကျန်ရစ်သည့် ရုပ်ကလပ်တော်မြတ်အား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဇနီး ဒေါ်ကြူကြူလှ၊ ကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ ကောင်စီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေး၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကို၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး မိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်၊ ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများ လိုက်ပါ၍ ယနေ့ မွန်းလွဲပိုင်းတွင် သွားရောက်ဖူးမြော်ကြည်ညိုသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဆရာတော်ဘုရားကြီး၏ ကြွင်းကျန်ရစ်သည့် ရုပ်ကလပ်တော်မြတ်အား ဖူးမြော်ကြည်ညိုစဉ်။

## ငွေကျပ်သိန်း ၁၀၀ ပေးအပ်လှူဒါန်း

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ အဖွဲ့ဝင်များသည် သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များနှင့် သီတဂူဆေးရုံတော်များ၏ အဓိပတိ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက အဂ္ဂမဟာပဏ္ဍိတ မဟာဓမ္မ ကထိက ဗဟုဇနဟိတဓရ တွဲဖက်ရွှေကျင်သာသနာပိုင် သီတဂူဆရာတော် ဘဒ္ဒန္တ ဉာဏိဿရအား ဖူးမြော်ကြည်ညို၍ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အန္တိမအဂ္ဂိစျာပနပူဇော်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ငွေကျပ်သိန်း ၁၀၀ ကို ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူ တစ်ဦးက လက်ခံရယူသည်။

## လိုအပ်သည်များ မှာကြားဖြည့်ဆည်း

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဆရာတော်ဘုရားကြီး၏ ကြွင်းကျန်ရစ်သည့် ရုပ်ကလပ်တော်မြတ်အား ဖူးမြော်ကြည်ညိုပြီး အန္တိမအဂ္ဂိစျာပနပူဇော်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးတို့ကို လိုအပ်သည်များ မေးမြန်း၍ လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

## မှတ်တမ်းတင်လက်မှတ်ရေးထိုး

ယင်းနောက် သီတဂူဆရာတော်ကြီးထံမှ အနုမောဒနာ တရားနာကြား၍ လှူဒါန်းမှု အစုစုအတွက် အမျှပေးဝေကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က သံဝေဂ မှတ်တမ်းစာအုပ်တွင် မှတ်တမ်းတင်လက်မှတ်ရေးထိုးခဲ့သည်။

အဆိုပါ ရွှေကျင်နိကာယာဓိပတိဥက္ကဋ္ဌ ဆရာတော်ဘုရားကြီးသည် ၁၂၉၁ ခုနှစ် တပေါင်းလဆန်း ၇ ရက် ဗုဒ္ဓဟူးနေ့တွင် မွန်ပြည်နယ် မုဒုံမြို့နယ် စာစဉ်ရပ်ကွက်၌ ခမည်းတော် ဦးနု၊ မယ်တော် ဒေါ်ထွားတို့မှ ဖွားမြင်ခဲ့ခြင်းဖြစ်ကြောင်း၊ ဆရာတော်လောင်းလျာသည် ၁၃၀၄ ခုနှစ်တွင် မုဒုံမြို့ ကျောက်ဝိုင်းစာသင်တိုက် ဆရာတော် ဘဒ္ဒန္တ ဇဝန ကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟကို

*စာမျက်နှာ ၅ သို့*



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှနှင့် အဖွဲ့ဝင်များ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များနှင့် သီတဂူဆေးရုံတော်များ၏ အဓိပတိ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက အဂ္ဂမဟာပဏ္ဍိတ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ တွဲဖက်ရွှေကျင်သာသနာပိုင် သီတဂူဆရာတော် ဘဒ္ဒန္တဉာဏိဿရထံမှ အနုမောဒနာ တရားနာကြားစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ သီတဂူဆရာတော်ကြီးထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အန္တိမအဂ္ဂိ ဈာပနပူဇော်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ငွေကျပ်သိန်း ၁၀၀ ပေးအပ်လှူဒါန်းစဉ်။

*စာမျက်နှာ ၄ မှ*

ခံယူကာ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့ပြီး ၁၃၁၁ ခုနှစ်တွင် ဗဟန်းမြို့နယ် ကံသာကျောင်းသစ်ကျောင်း သီလဝိသောဓနီသိမ်တော်၌ ရန်ကုန်မြို့ ဦးဖေသိန်း ဒေါ်ကြင်ရန်တို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ရှိတော်မူခဲ့ခြင်းဖြစ်ကြောင်း၊ ဆရာတော်ဘုရားကြီးသည် ပရိယတ္တိစာပေများကို ကြိုးစားအားထုတ်လေ့လာသင်ယူတော်မူခဲ့ပြီး သာသနဓဇ သိရီပဝရ ဓမ္မာစရိယ သိရောမဏိနှင့် Dip.BD ဘွဲ့တို့ကို ရရှိတော်မူခဲ့ကြောင်း၊ မရမ်းကုန်းမြို့နယ် ဝိဇ္ဇောတာရုံစာသင်တိုက်၌ စာသင်သားရဟန်း၊ သာမဏေများအား စာပေကျမ်းဂန်များ သင်ကြားပို့ချတော်မူခဲ့ခြင်း၊ ရေးသားပြုစုတော်မူခဲ့ခြင်း၊ သာသနိက အဆောက်အဦများ တည်ဆောက်ပြုပြင်မွမ်းမံခဲ့ခြင်းနှင့် သီရိမင်္ဂလာကမ္ဘာအေးစေတီတော်၊ စွယ်တော်မြတ်စေတီတော်ဂေါပကအဖွဲ့တို့၏ ဩဝါဒါစရိယဆရာတော်အဖြစ်လည်းကောင်း၊ သံဃာအဖွဲ့အစည်းအဆင့်ဆင့်တွင် မြို့နယ်သံဃနာယကအဖွဲ့ (ရွှေကျင်) ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖြစ် လည်းကောင်း၊ နိုင်ငံတော်ဝိနည်းဓိုရ်အဖြစ် လည်းကောင်း၊ ပန္နရသမ ရွှေကျင်သာသနာပိုင်အဖြစ် လည်းကောင်း၊ နိုင်ငံတော်ဩဝါဒါစရိယဆရာတော်အဖြစ်လည်းကောင်း သာသနာ့တာဝန်များကို ထမ်းဆောင်တော်မူခဲ့ကြောင်း၊ ထိုကဲ့သို့ ဗုဒ္ဓသာသနာအကျိုးကို ထက်သန်သော ဝီရိယဖြင့် သယ်ပိုးဆောင်ရွက်တော်မူခဲ့သောကြောင့် နိုင်ငံတော်အစိုးရက ၁၃၇၉ ခုနှစ်တွင် အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့၊ ၁၃၈၂ ခုနှစ် တွင် အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိကဘွဲ့တံဆိပ်တော်မြတ်တို့ကို ဆက်ကပ်လှူဒါန်းခဲ့ကြောင်း၊ ဆရာတော်ဘုရားကြီးသည် သာသနာတော်အကျိုးကို သယ်ပိုးဆောင်ရွက်တော်မူရင်း သက်တော် (၉၃)နှစ်၊ သိက္ခာတော် (၇၃)ဝါအရ ၁၃၈၃ ခုနှစ် တပေါင်းလပြည့်ကျော်(၄) ရက် ၂၀၂၂ ခုနှစ် မတ်လ ၂၀ ရက် တနင်္ဂနွေနေ့ နံနက် ၂ နာရီ ၁၂ မိနစ်တွင် ဘဝနတ်ထံ ပျံလွန်တော်မူခဲ့ကြောင်းနှင့် မတ် ၂၂ရက် အင်္ဂါနေ့ မွန်းလွဲ ၁ နာရီတွင် ကိုဗစ်-၁၉ စည်းမျဉ်းများနှင့်အညီ အန္တိမအဂ္ဂိ ဈာပနပူဇော်ပွဲ ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် မတ် ၂၁**

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရန်ကုန် မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ မန္တလေး မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာနိုင်သည်။

**မိုး/ဇလ**

# ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် အာဆီယံအလှည့်ကျဥက္ကဋ္ဌ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်အား လက်ခံတွေ့ဆုံ

## တူညီဆန္ဒ(၅)ချက် အကောင်အထည်ဖော်ရာတွင် မြန်မာနိုင်ငံအနေဖြင့် အာဆီယံနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်မည်

**နေပြည်တော် မတ် ၂၁**

နိုင်ငံခြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်သည် အာဆီယံအလှည့်ကျဥက္ကဋ္ဌ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ်၊ နိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီး မစ္စတာ ပရပ်ဆုတ်ခွန်းနှင့် အာဆီယံ အတွင်းရေးမှူးချုပ် မစ္စတာ ဒါတိုလင်ကျောက်ဟွိုင်တို့အား ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေး ဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။



ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် အာဆီယံအလှည့်ကျဥက္ကဋ္ဌ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ်၊ နိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီး မစ္စတာ ပရပ်ဆုတ်ခွန်းနှင့် အာဆီယံ အတွင်းရေးမှူးချုပ် မစ္စတာ ဒါတိုလင်ကျောက်ဟွိုင်တို့အား လက်ခံတွေ့ဆုံစဉ်။

### အလေးထားပြောကြား

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက တူညီဆန္ဒ(၅)ချက် အကောင်အထည်ဖော်ခြင်းသည် မြန်မာဦးဆောင်သည့် မြန်မာ့ကိုယ်ပိုင်လုပ်ငန်းစဉ် ဖြစ်ရမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားပြီး အထူးကိုယ်စားလှယ်၏ မြန်မာနိုင်ငံသို့ ပထမအကြိမ် လာရောက်သည့် ခရီးစဉ်ဖြစ်ပြီး ယင်းမှတစ်ဆင့် နားလည်မှုနှင့် ယုံကြည်မှုကို တည်ဆောက်နိုင်ကာ အာဆီယံတွင် ပူးပေါင်းဆောင် ရွက်မှုကို မြှင့်တင်နိုင်လိမ့်မည်ဟု အလေးထားပြောကြားသည်။

### ပူးပေါင်းဆောင်ရွက်မည်

ထို့ပြင် ပြည်ထောင်စုဝန်ကြီးက တူညီဆန္ဒ(၅)ချက် အကောင်အထည်ဖော်ရာတွင် မြန်မာနိုင်ငံအနေဖြင့် အာဆီယံနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်မည် ဖြစ်ကြောင်း ထပ်လောင်းကတိပြုခဲ့ပြီး မြန်မာနိုင်ငံ၏ ကတိကဝတ်သည် အပြောသက်သက် မဟုတ်ဘဲ အလုပ်ဖြင့် သက်သေပြခဲ့သည်မှာ ဂျကာတာတွင် ပြုလုပ်ခဲ့သည့် အာဆီယံ နိုင်ငံ့ခေါင်းဆောင်များ အစည်းအဝေးကပင် ဖြစ်ကြောင်း ပြောကြားသည်။

### တည်ခင်းဧည့်ခံ

တွေ့ဆုံပွဲသို့ နိုင်ငံခြားရေး ဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် အာဆီယံအလှည့်ကျဥက္ကဋ္ဌ၏ မြန်မာနိုင်ငံဆိုင်ရာအထူးကိုယ်စားလှယ် ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် အာဆီယံ အတွင်းရေးမှူးချုပ်တို့အား နေပြည်တော်ရှိ M Gallery Hotel ၌ ညစာဖြင့် တည်ခင်းဧည့်ခံသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင် အာဆီယံအလှည့်ကျဥက္ကဋ္ဌ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်အား လက်ခံတွေ့ဆုံ

## မြန်မာနိုင်ငံသို့ လူသားချင်းစာနာထောက်ထားမှု အကူအညီပေးခြင်းဆိုင်ရာ ပထမအဆင့်လုပ်ငန်းစဉ် အကောင်အထည်ဖော်ခြင်း၊ ဒုတိယအဆင့်အတွက် ပြင်ဆင်ဆောင်ရွက်ထားရှိမှုများ အမြင်ချင်းဖလှယ်ဆွေးနွေး

**နေပြည်တော် မတ် ၂၁**

အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် မြန်မာနိုင်ငံသို့ AHA Centre မှတစ်ဆင့် လှူဒါန်းသည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီ စီမံခန့်ခွဲရေးလုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ ဦးကိုကိုလှိုင်သည် အာဆီယံ အလှည့်ကျဥက္ကဋ္ဌ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ်၊ နိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီး မစ္စတာ ပရပ်ဆုတ်ခွန်းနှင့် အာဆီယံ အတွင်းရေးမှူးချုပ် မစ္စတာ ဒါတိုလင်ကျောက်ဟွိုင်တို့အား ယနေ့ မွန်းလွဲ ၃ နာရီတွင် နေပြည်တော်ရှိ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

### အမြင်ချင်းဖလှယ်ဆွေးနွေး

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးနှင့် အထူးကိုယ်စားလှယ်တို့သည် မြန်မာနိုင်ငံသို့ လူသားချင်းစာနာထောက်ထားမှု အကူအညီပေးခြင်းဆိုင်ရာ ပထမအဆင့် လုပ်ငန်းစဉ် အကောင်အထည်ဖော်ခြင်း၊ ဒုတိယအဆင့်အတွက် ပြင်ဆင်ဆောင်ရွက်ထားရှိမှုများနှင့် အပြန်အလှန် စိတ်ဝင်စားမှုရှိသည့် ကိစ္စရပ်များအပေါ် အမြင်ချင်း ဖလှယ်ဆွေးနွေးခဲ့ကြသည်။

### တက်ရောက်

တွေ့ဆုံပွဲသို့ ကျန်းမာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် မြန်မာနိုင်ငံသို့ AHA Centre မှတစ်ဆင့် လှူဒါန်းသည့် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကူအညီ စီမံခန့်ခွဲရေးလုပ်ငန်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဒေါက်တာ သက်ခိုင်ဝင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် မြန်မာနိုင်ငံသို့ AHA Centre မှတစ်ဆင့် လှူဒါန်းသည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီ စီမံခန့်ခွဲရေးလုပ်ငန်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဒေါက်တာ ဒေါ်သက်သက်ခိုင်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် နိုင်ငံခြားရေး ဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။



ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင် အာဆီယံအလှည့်ကျဥက္ကဋ္ဌ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ်၊ နိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီး မစ္စတာ ပရပ်ဆုတ်ခွန်းနှင့် အာဆီယံအတွင်းရေးမှူးချုပ် မစ္စတာ ဒါတိုလင်ကျောက်ဟွိုင်တို့အား လက်ခံတွေ့ဆုံစဉ်။

**သတင်းစဉ်**

## ထူးခြားသည့် နေ့အပူချိန်များ

**နေပြည်တော် မတ် ၂၁**

ထူးခြားသည့်နေ့အပူချိန်များမှာ ချောက်မြို့တွင် ၄၃ ဒီဂရီစင်တီဂရိတ်၊ မကွေးမြို့နှင့် တောင်တွင်းကြီးမြို့တို့တွင် ၄၂ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။

မိုး/ဇလ

# ပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာများကို ရင်ဆိုင်ဖြေရှင်းရာတွင် သစ်တောများ၏ ရေရှည်တည်တံ့မှုနှင့် ပတ်ဝန်းကျင်ဆိုင်ရာဝန်ဆောင်မှုများသည် အရေးကြီးသောအခန်းကဏ္ဍတစ်ရပ်အဖြစ် ပါဝင်နေ

**နေပြည်တော် မတ် ၂၁**

အပြည်ပြည်ဆိုင်ရာသစ်တောများနေ့ အခမ်းအနားကို ယနေ့နံနက်ပိုင်းက နေပြည်တော်ရှိ သစ်တောသုတေသနဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ တက်ရောက် အဖွင့်အမှာစကား ပြောကြားသည်။

**အလေးထားဆောင်ရွက်**

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးက ယနေ့ကမ္ဘာ့နိုင်ငံအသီးသီးတွင် ပတ်ဝန်းကျင် ယိုယွင်းပျက်စီးလာမှုများကြောင့် ရာသီဥတုပြောင်းလဲမှုများနှင့်အတူ သဘာဝဘေးအန္တရာယ်များကို နှစ်စဉ် ရင်ဆိုင်ကြုံတွေ့နေရကြောင်း၊ ပတ်ဝန်းကျင်ဆိုင်ရာပြဿနာများကို ရင်ဆိုင်ဖြေရှင်းရာတွင် သစ်တောများ၏ ရေရှည်တည်တံ့မှုနှင့် ပတ်ဝန်းကျင်ဆိုင်ရာဝန်ဆောင်မှုများသည် အရေးကြီးသော အခန်းကဏ္ဍတစ်ရပ်အဖြစ် ပါဝင်နေကြောင်း၊ ၂၀၁၂ ခုနှစ်၊ ကုလသမဂ္ဂအထွေထွေညီလာခံတွင် မတ် ၂၁ ရက်ကို အပြည်ပြည်ဆိုင်ရာ သစ်တောများနေ့အဖြစ် သတ်မှတ်ကြေညာခဲ့ကြောင်း၊ ယခုနှစ်အတွက် သတ်မှတ်ထားသော "မျှတဆင်ခြင် ထုတ်သုံးလျှင်၊ သစ်တောများတည်မြဲ ထာဝစဉ် " " Forests and Sustainable Production and Consumption " ဆောင်ပုဒ်နှင့်အညီ သစ်တောသယံဇာတများကို ထာဝစဉ်တည်တံ့အောင် ထိန်းသိမ်းရန်နှင့် စနစ်တကျထုတ်ယူသုံးစွဲရန် အလေးထားဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ သစ်တောများသည် သစ်၊ လောင်စာ၊ အစားအစာနှင့် တိရစ္ဆာန်အစာများကို ထောက်ပံ့နေသည့်အပြင် ရာသီဥတုပြောင်းလဲမှု လျော့ချခြင်း၊ ဇီဝမျိုးစုံမျိုးကွဲ၊ မြေဆီလွှာနှင့် မြစ်ချောင်းများကို ကာကွယ်ပေးခြင်းတို့ကြောင့် ကမ္ဘာမြေကြီး ရေရှည်တည်တံ့ကောင်းမွန်စေရေး၊ ဂေဟစနစ်တည်ငြိမ်ရေးနှင့် လူသားများ၏ ကောင်းကျိုးအတွက် မရှိမဖြစ် လိုအပ်ကြောင်း။

**စီမံချက်ချမှတ်ဆောင်ရွက်**

သစ်တောသယံဇာတများကို ထုတ်ယူသုံးစွဲသည့်အခါ ရေရှည်တည်တံ့စေသော နည်းလမ်းများကို ကျင့်သုံးခြင်းဖြင့် လူသားများအတွက်သာမက ကမ္ဘာမြေကြီးအတွက်ပါ အကျိုးရှိသည့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို တည်ဆောက်နိုင်မည်ဖြစ်ကြောင်း၊ သစ်တောပြုန်းတီးမှု လျှော့ချရေးနှင့် သစ်တောများ ထာဝစဉ်တည်တံ့စေရေးအတွက် အမြဲတမ်းသစ်တောနယ်မြေများကို နိုင်ငံဧရိယာ၏ ၃၀ ရာခိုင်နှုန်း၊ သဘာဝထိန်းသိမ်းရေးနယ်မြေများကို နိုင်ငံဧရိယာ၏ ၁၀ ရာခိုင်နှုန်း တိုးချဲ့ဖွဲ့စည်းနိုင်ရန် စီမံချက်ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ သစ်ထုတ်လုပ်မှု ရပ်နားခြင်းနှင့် သစ်ထုတ်လုပ်မှု လျှော့ချခြင်းများကို ဆောင်ရွက်သကဲ့သို့ သစ်အလုံးလိုက် တင်ပို့ခြင်းကိုလည်း ရပ်ဆိုင်းခဲ့ပြီး ထွက်ရှိသောသစ်ခွဲသားများကို အပြည့်အဝ ထိရောက်စွာအသုံးချနိုင်ရေးနှင့် တန်ဖိုးမြှင့်ခွဲသားများ ထုတ်လုပ်ရေး၊ သစ်အခြေခံစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း၊ သစ်တောများရေရှည်တည်တံ့ရေးနှင့် စနစ်တကျ ထုတ်ယူသုံးစွဲနိုင်ရေးအတွက် ဆက်စပ်ဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အရပ်ဘက် လူမှုအဖွဲ့အစည်းများ၊ ပုဂ္ဂလိကနှင့် ပြည်သူများ ပူးပေါင်းပါဝင်မှသာ အောင်မြင်နိုင်မည်ဖြစ်သည့်အတွက် အားလုံးပူးပေါင်းဆောင်ရွက်ကြရန် အလေးအနက်ထား တိုက်တွန်းပါကြောင်း ပြောကြားသည်။



**အထိမ်းအမှတ် Video Clip ကိုပြသ**

ယင်းနောက် အပြည်ပြည်ဆိုင်ရာသစ်တောများနေ့အထိမ်းအမှတ် Video Clip ကိုပြသပြီး သစ်တောစိုက်ခင်းများ တည်ထောင်ခြင်းလုပ်ငန်းများတွင် ထူးချွန်စွာ ဆောင်ရွက်ခဲ့ကြသည့် မြို့နယ် သုံးမြို့နယ်နှင့် သဘာဝဝန်းကျင်နှင့် သားငှက်တိရစ္ဆာန်ထိန်းသိမ်းရေးတွင် စွမ်းဆောင်ရည်ထူးချွန်သည့် သဘာဝထိန်းသိမ်းရေးနယ်မြေများမှ ဥယျာဉ်အုပ်ချုပ်ရေးမှူး သုံးဦးတို့ကို ပြည်ထောင်စုဝန်ကြီးက ဆုများပေးအပ်ချီးမြှင့်သည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ပြသထားသော ပိုစတာများအား လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

**ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်**

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ရုံးအင်ကြင်းခန်းမ၌ ကျင်းပသော သစ်တောဦးစီးဌာန ပြည်နယ်နှင့် တိုင်းဒေသကြီးများ၏ ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်အတွင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှုများအပေါ် စိစစ်သုံးသပ်ချက်နှင့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်မည့်လုပ်ငန်းများ အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားပြီး ပြည်နယ်နှင့် တိုင်းဒေသကြီး တာဝန်ခံများ၏ ရှင်းလင်းတင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



## ဒုတိယဝန်ကြီး ဦးကျော်မျိုးထွဋ် အာဆီယံအလှည့်ကျဥက္ကဋ္ဌ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ်အား နေပြည်တော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်

**နေပြည်တော် မတ် ၂၁**

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးထွဋ်သည် မြန်မာနိုင်ငံသို့ လာရောက်သည့် အာဆီယံ အလှည့်ကျဥက္ကဋ္ဌ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ်၊ နိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီး မစ္စတာ ပရပ်ဆုတ်ခွန်းနှင့် အာဆီယံအတွင်းရေးမှူးချုပ် မစ္စတာ ဒါတိုလင်ကျောက်ဟွိုင်အား ယနေ့နံနက်ပိုင်းတွင် နေပြည်တော် အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

**သတင်းစဉ်**

## ကျိုင်းတုံမြို့ရှိ နမ့်ခင်ချောင်းတစ်လျှောက် နေရောင်ခြည်စွမ်းအင်သုံး ဆိုလာစနစ်ဖြင့် ရေတင်၍ ချောင်းဘေးတစ်လျှောက်ရှိ မြေများတွင် ရာသီသီးနှံထုတ်လုပ်နိုင်ရန်အတွက် တောင်သူများအား မျိုးစေ့ပေးအပ်

**နေပြည်တော် မတ် ၂၁**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ရှိ နမ့်ခင်ချောင်းတစ်လျှောက် နေရောင်ခြည်စွမ်းအင်သုံး ဆိုလာစနစ်ဖြင့်ရေတင်၍ ချောင်းဘေးတစ်လျှောက်ရှိ မြေများတွင် ရာသီသီးနှံထုတ်လုပ်နိုင်သည့် တောင်သူများကို မျိုးစေ့ပေးအပ်ပွဲကို ယနေ့တွင် အဆိုပါချောင်းဘေး၌ ပြုလုပ်ရာ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်း၊ တြိဂံ ဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် မျိုးမင်းထွန်းနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဒေသခံတိုင်းရင်းသားများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် ဌာနဆိုင်ရာအသီးသီးမှ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်မည့်အစီအမံနှင့် ဆောင်ရွက်ထားရှိမှုတို့ကို လည်းကောင်း၊ ဒေသခံတိုင်းရင်းသားတောင်သူများက လိုအပ်ချက်များ၊ အခက်အခဲများအား အသီးသီးတင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းညှိနှိုင်းဆောင်ရွက်ပေးခဲ့ပြီး ဒေသခံတိုင်းရင်းသားတောင်သူများထံ မျိုးစေ့များ ပေးအပ်ထောက်ပံ့ကာ နမ့်ခင်ချောင်းတစ်လျှောက် နေရောင်ခြည်စွမ်းအင်သုံး ဆိုလာစနစ်ဖြင့် ရေတင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုတို့အား လိုက်လံကြည့်ရှုခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

**နေပြည်တော် မတ် ၂၁**

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ မြိတ်မြို့တွင် ၁ ဒသမ ၅၇ လက်မ၊ မြဝတီမြို့တွင် ၁ ဒသမ ၄၂ လက်မ၊ မအူပင်မြို့တွင် ၁ ဒသမ ၃၈ လက်မ၊ ခရမ်းမြို့တွင် ၁ ဒသမ ၃၀ လက်မ၊ ကော့သောင်းမြို့တွင် ၁ ဒသမ ၂၅ လက်နှင့် ကော့ကရိတ်မြို့၊ ပိုင်ကျုံမြို့နှင့် ရေးမြို့တို့တွင် ၀ ဒသမ ၅၅ လက်မစီတို့ ဖြစ်ကြသည်။

**မိုး/ဇလ**

(၇၇)နှစ်မြောက် တပ်မတော်နေ့အကြို ဂုဏ်ပြုဆောင်းပါး

# နိုင်ငံတော်နှင့် ပြည်သူအပေါ် အစဉ်ထာဝရ အလုပ်အကျွေးပြု ပေးဆပ်နေသည့် တပ်မတော်

*အညတြ*

နိုင်ငံတိုင်းတွင် တစ်ခုတည်းသော တပ်မတော်တစ်ရပ်ရှိသည်။ တပ်မတော်တိုင်းသည် မိမိနိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်လျက်ရှိသည်။ တပ်မတော်၏အဓိကတာဝန်မှာ ကာကွယ်ရေးတာဝန်ဖြစ်သည်။ တိုင်းပြည်တစ်ပြည်၌ လူမျိုး၊ နယ်ပယ်၊ အစိုးရ၊ အချုပ်အခြာအာဏာဟူသည့် အင်္ဂါရပ်လေးခုရှိရာ ထိုအင်္ဂါရပ်လေးခုကို ထိပါးလာသည့် အန္တရာယ်ဟူသမျှအား တပ်မတော်သည် ကာကွယ်စောင့်ရှောက်ပေးရန် တာဝန်ရှိသည်။

နိုင်ငံတော်အပေါ် ကျရောက်လာနိုင်သည့် အန္တရာယ်ဆိုသည်မှာ စစ်ရေးသက်သက်သာ မဟုတ်ပေ။ နိုင်ငံရေးအပိုင်းမှသော်လည်းကောင်း၊ စီးပွားရေးအပိုင်းမှသော်လည်းကောင်း အဘက်ဘက်မှ ကျရောက်လာနိုင်ပါသည်။ အထူးသဖြင့် နိုင်ငံတစ်နိုင်ငံအတွက် အရေးအကြီးဆုံးဖြစ်သည့် လူမျိုး၊ နယ်ပယ်၊ အစိုးရနှင့် အချုပ်အခြာအာဏာဟူသည့် အင်္ဂါရပ်ကြီး တစ်ခုစီ တစ်ခုစီ လျော့နည်း၊ ယိုယွင်း၊ ပျက်စီးထိပါးခြင်း ခံရပါက နိုင်ငံတွင် အလွန်ကြီးမားသော အန္တရာယ်ကျရောက်လာနိုင်ပါသည်။ ထိုအန္တရာယ်များ ထိပါးခြင်းမခံရစေရန် အမျိုးသားရေးတာဝန်အဖြစ် ခံယူ၍ ကာကွယ်စောင့်ရှောက်ရပါသည်။

### စွက်ဖက်သိမ်းပိုက်ရန် ကြံစည်

တပ်မတော်သားတိုင်းသည် ပါတီနိုင်ငံရေး၊ ပုဂ္ဂိုလ်နိုင်ငံရေးတို့တွင် စွက်ဖက်မည်မဟုတ်သော်လည်း နိုင်ငံတော်၏ အမျိုးသားရေးတာဝန်ကိုမူ မျက်ခြည်မပြတ်စောင့်ကြည့်နေရမည်ဖြစ်ပါသည်။ ကမ္ဘာ့နိုင်ငံရေးသမိုင်း၊ မြန်မာ့နိုင်ငံရေးသမိုင်းတို့ကို လေ့လာကြည့်လျှင် တိုင်းပြည်တစ်ပြည်အား တိုက်ရိုက်နည်းဖြင့်ဖြစ်စေ၊ သွယ်ဝိုက်သောနည်းဖြင့်ဖြစ်စေ စွက်ဖက်သိမ်းပိုက်နိုင်ရန်အတွက် သာသနာပြုဆိုင်ရာ (Missionary)၊ ကုန်သည်ဆိုင်ရာ (Merchant)၊ စစ်ရေးဆိုင်ရာ (Military) ဟူသည့် (MMM) နည်းလမ်းသုံးသွယ်ဖြင့် ကြံစည်ကြိုးပမ်းခဲ့သည်ကို တွေ့ရမည်ဖြစ်သည်။

အတိတ်ကာလက နယ်ချဲ့နည်းပရိယာယ်များကို လေ့လာကြည့်လျှင် သင်ခန်းစာယူစရာများ တွေ့နိုင်ပါသည်။ ထို့ကြောင့် တပ်မတော်သည် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ရန်အတွက် ပြည်တွင်းပြည်ပ ရန်စွယ်အန္တရာယ်တို့သာမက စီးပွားရေးဆိုင်ရာ၊ အမျိုးဘာသာသာသနာဆိုင်ရာ ကျရောက်လာမည့် အန္တရာယ်အသွယ်သွယ်တို့ကိုလည်း ကာကွယ်စောင့်ရှောက်နေခြင်း ဖြစ်ပါသည်။ မျက်မှောက်ကာလ အခြေအနေများကို ကြည့်မည်ဆိုလျှင် နိုင်ငံတော်၏ အရေးပါသော အင်္ဂါရပ်ကြီးလေးခုကို တစ်မျိုးမျိုး၊ တစ်နည်းနည်းဖြင့် ထိပါးနှောင့်ယှက်နေသည်ကို တွေ့ရမည်ဖြစ်သည်။

### ထိန်းသိမ်းကာကွယ်ပေး

အနောက်နိုင်ငံကြီးအချို့နှင့် ပြည်တွင်းအကြမ်းဖက်အဖွဲ့များ ပူးပေါင်း၍ တည်ဆဲအစိုးရအား ပြုတ်ကျစေရန် နိုင်ငံရေး၊ စီးပွားရေး ပိတ်ဆို့သည့်နည်းလမ်းများအပါအဝင် နည်းလမ်းမျိုးစုံဖြင့် သွေးထိုးလှုံ့ဆော်မှုများပြုလုပ်ပြီး ဆူပူအကြမ်းဖက်သောင်းကျန်းမှုများ၊ အစိုးရယန္တရားရပ်တန့်စေရန် နိုင်ငံ့ဝန်ထမ်းများအား CDM လှုပ်ရှားမှု ပြုလုပ်စေခြင်းများ၊ ဘဏ်စနစ်ပြိုလဲ၍ ငွေကြေးကမောက်ကမဖြစ်စေရန် ဖန်တီးမှုများ၊ ခရီးသွားလာမှုနှင့် ကုန်စည်စီးဆင်းမှုရပ်တန့်ပြတ်တောက်စေရန် နည်းမျိုးစုံဖြင့် လုပ်ဆောင်မှုများပြုလုပ်ခဲ့သည်။ ဆူပူဆန္ဒပြမှုမှ ဆူပူအကြမ်းဖက်မှုများ၊ ဆူပူအကြမ်းဖက်မှုမှ လက်နက်ကိုင်သောင်းကျန်းမှုအထိ တိုင်းပြည်အလုံးစုံပျက်သုဉ်းရေးသို့ ဦးတည်လုပ်ကိုင်လာခဲ့သည်။ ယင်းလုပ်ရပ်များသည် နိုင်ငံတော်အပေါ် ကြီးမားစွာ ကျရောက်လာနိုင်သည့် အန္တရာယ်များဖြစ်၍ တပ်မတော်သည် ထိန်းသိမ်းကာကွယ်ပေးလျက်ရှိသည်။

တစ်ဖက်တွင်လည်း တပ်မတော်ပြိုကွဲစေရန် နည်းလမ်းမျိုးစုံ အသုံးပြုလုပ်ကြံလာသည်ကို တွေ့ရသည်။ တပ်မတော်တွင် ဥပဒေဖောက်ဖျက်ကျူးလွန်ပြီး အရေးယူခံရမည်ကို ကြောက်ရွံ့၍ စစ်ပြေးအမှုကျူးလွန်သော အရာရှိ ၊ စစ်သည်အချို့ကို မီဒီယာနည်းလမ်းကိုသုံး၍ ဒီမိုကရေစီသူရဲကောင်းဟု မြှောက်ပင့်ပေးပြီး တပ်မတော်၏ စည်းလုံးညီညွတ်မှုကို ချိုးဖျက်နေမှုများအား တွေ့ရမည်ဖြစ်သည်။ စစ်ဆင်ရေးရှုံးနိမ့်နေပြီ၊ တပ်မတော်သားများ ကျဆုံး၊ ဖမ်းဆီးရမိနေပြီ စသည်ဖြင့် တပ်မတော်ကို အင်အားချည့်နဲ့စေရန် ဦးတည်ဖန်တီးလုပ်ဆောင်နေသည်ကိုလည်း တွေ့ရမည်ဖြစ်သည်။ ထို့အပြင် နယ်မြေအလိုက် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်တို့ကို ကာကွယ်စောင့်ရှောက်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များကို အလစ်အငိုက် ချောင်းမြောင်းတိုက်ခိုက်၍ စစ်ရေးအရခြိမ်းခြောက်ရန် ကြိုးစားလာသည်။

### ကြီးမားသော အန္တရာယ်များ

အမျိုးသားသစ္စာဖောက်များနှင့် အကြမ်းဖက်သောင်းကျန်းသူများသည် လူမျိုး၏ စည်းလုံးညီညွတ်မှုကို ထိပါးခြင်း၊ ယိုယွင်းပျက်စီးစေခြင်း၊ လူမျိုး၏ အသက်အိုးအိမ်စည်းစိမ်ကို ထိပါးခြင်း၊ ယိုယွင်းပျက်စီးစေခြင်းအမှုများကို ကျူးလွန်နေကြသည်။ အကြမ်းဖက်အဖွဲ့အဖြစ် သတ်မှတ်ထားသော CRPH၊ NUG နှင့် PDF တို့သည် နိုင်ငံတော်အစိုးရ၏ အာဏာကို ထိပါးခြင်း၊ အစိုးရ၏ အုပ်ချုပ်မှုကိစ္စများ မထိရောက်စေရန် နှောင့်ယှက်ခြင်း၊ ဖျက်ဆီးခြင်း၊ ခြိမ်းခြောက်ခြင်းတို့ ပြုလုပ်ခြင်းနှင့် နိုင်ငံ့ဝန်ထမ်းများ CDM ပြုလုပ်ကာ ဆန့်ကျင်ခြင်း၊ အစိုးရအပေါ် ပြည်သူလူထုယုံကြည်မှုပျက်ပြားစေရန် မတရားယိုးစွပ်ခြင်း၊ ပြောဆိုခြင်း၊ ရေးသားခြင်း၊ ပုန်ကန်ခြင်း၊ ဆူပူသောင်းကျန်းခြင်း၊ သောင်းကျန်းသူအဖျက်သမားကို အားပေးခြင်း၊ နိုင်ငံတော်မှထုတ်ပြန်ထားသောဥပဒေများကို ဖောက်ဖျက်စေခြင်း၊ မလိုက်နာစေခြင်း၊ အစိုးရအား နည်းအမျိုးမျိုးဖြင့် နှောင့်ယှက်ခြင်းတို့သည် နိုင်ငံတော်အတွက် ကြီးမားသောအန္တရာယ်များဖြစ်သည်။

ပြည်တွင်းမှ အကြမ်းဖက်သမား၊ အမျိုးသားသစ္စာဖောက်များက ဤသို့ပြုလုပ်နေချိန်တွင် နယ်ချဲ့လက်သစ်၊ လက်ဝေခံ ပြည်ပနိုင်ငံအချို့ အထူးသဖြင့် အနောက်နိုင်ငံကြီးအချို့သည် မြန်မာနိုင်ငံ၏ ပြည်တွင်းရေးတွင် ဝင်ရောက်စွက်ဖက်ခြင်း၊ ဟန့်တားခြင်း၊ နှောင့်ယှက်ခြင်း၊ အကြမ်းဖက်အဖျက်သမားများအား အားပေးခြင်း၊ ထောက်ပံ့ခြင်း၊ ကူညီခြင်းတို့သာမက နိုင်ငံတကာဆက်ဆံရေး၊ အခွင့်အရေးများကို နည်းအမျိုးမျိုးဖြင့် ပိတ်ပင်ဟန့်တားခြင်း၊ လျော့နည်းဆုံးရှုံးစေခြင်းတို့အား ပြုလုပ်နေသည်ကို တွေ့ရမည်ဖြစ်သည်။ ယင်းလုပ်ရပ်များသည် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို ထိပါးနှောင့်ယှက်နေခြင်းဖြစ်ပါသည်။

### ကျစ်လျစ်ခိုင်မာစွာ ရပ်တည်

မည်သို့ပင် အကျပ်ကိုင်ဖိအားပေးနေသော်လည်း နိုင်ငံတကာဆက်ဆံရေးတွင် ဒို့တာဝန်အရေးသုံးပါးကို အခိုင်အမာဆုပ်ကိုင်၍ နိုင်ငံ၏အချုပ်အခြာအာဏာကို အထိပါးမခံဘဲ ဆောင်ရွက်ခဲ့ပါသည်။ လွတ်လပ်၍ တက်ကြွသော ဘက်မလိုက်သည့် နိုင်ငံခြားရေးမူဝါဒ၊ ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် နိုင်ငံအချင်းချင်း မိတ်ဝတ်မပျက် ပေါင်းသင်းဆက်ဆံရေးကို ရှေးရှုသည့်မူဝါဒ၊ ကမ္ဘာ့နိုင်ငံများအချင်းချင်း ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူဝါဒဖြင့် ရပ်တည်ဆောင်ရွက်လျက်ရှိပါသည်။ အကြမ်းဖက်သမားများနှင့် အမျိုးသားသစ္စာဖောက်များက မည်သို့ပင် သွေးခွဲမှုများရှိစေကာမူ တပ်မတော်၏ စည်းလုံးညီညွတ်မှုမှာ ခိုင်မြဲလျက်ရှိပြီး "ဘယ်သူခွဲခွဲ ဒို့မကွဲ အမြဲစည်းလုံးမည်" ဟူသော ဆောင်ပုဒ်နှင့်အညီ ကျစ်လျစ်ခိုင်မာစွာ ရပ်တည်လျက်ရှိပါသည်။

တပ်မတော်သည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ် နောက်ဆုံးအချက်ပါအတိုင်း အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။ အနိုင်ရပါတီအား အာဏာလွှဲပြောင်းပေးပြီးနောက် ဖော်ပြခဲ့သည့် အမျိုးသားရေးတာဝန်များနှင့် နိုင်ငံတော်အပေါ် ကျရောက်လာနိုင်သည့် အန္တရာယ်အသွယ်သွယ်တို့ကို ဆက်လက်ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပါသည်။

*စာမျက်နှာ ၉ သို့*



၂၀၁၉ခုနှစ် ဇန်နဝါရီ ၃၁ ရက်က မန္တလေးတိုင်းဒေသကြီး မိတ္ထီလာတပ်နယ်(မုန်တိုင်)၌ တပ်မတော်(ကြည်း)၊ (လေ)၊ အမြောက်နှင့် သံချပ်ကာ ပူးပေါင်းစစ်ဆင်ရေးလေ့ကျင့်ခန်း (ဘုရင့်နောင်) လေ့ကျင့်စဉ်။

**❍ အကြမ်းဖက်အဖွဲ့အဖြစ် သတ်မှတ်ထားသော CRPH၊ NUG နှင့် PDF တို့သည် နိုင်ငံတော်အစိုးရ၏ အာဏာကို ထိပါးခြင်း၊ အစိုးရ၏ အုပ်ချုပ်မှုကိစ္စများ မထိရောက်စေရန် နှောင့်ယှက်ခြင်း၊ ဖျက်ဆီးခြင်း၊ ခြိမ်းခြောက်ခြင်းတို့ ပြုလုပ်ခြင်းနှင့် နိုင်ငံ့ဝန်ထမ်းများ CDM ပြုလုပ်ကာ ဆန့်ကျင်ခြင်း၊ အစိုးရအပေါ် ပြည်သူလူထု ယုံကြည်မှုပျက်ပြားစေရန် မတရားယိုးစွပ်ခြင်း၊ ပြောဆိုခြင်း၊ ရေးသားခြင်း၊ ပုန်ကန်ခြင်း၊ ဆူပူသောင်းကျန်းခြင်း၊ သောင်းကျန်းသူအဖျက်သမားကို အားပေးခြင်း၊ နိုင်ငံတော်မှ ထုတ်ပြန်ထားသော ဥပဒေများကို ဖောက်ဖျက်စေခြင်း၊ မလိုက်နာစေခြင်း၊ အစိုးရအား နည်းအမျိုးမျိုးဖြင့် နှောင့်ယှက်ခြင်းတို့သည် နိုင်ငံတော်အတွက် ကြီးမားသောအန္တရာယ်များဖြစ်**



၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ ၃ ရက်က တပ်မတော်(ကြည်း၊ ရေ၊ လေ) ပူးပေါင်းစစ်ဆင်ရေးလေ့ကျင့်ခန်း(ဆင်ဖြူရှင်) လေ့ကျင့်စဉ်။

**❊ တပ်မတော်သည် တိုင်းရင်းသားပြည်သူများ၏အကျိုးကို အစဉ်အမြဲ ဦးထိပ်ထားခဲ့သည်ချည်း ဖြစ်သည်။ တည်ငြိမ်အေးချမ်းရေးကို ထိပါးလာသော၊ နယ်မြေအေးချမ်းသာယာရေးကို နှောင့်ယှက်လာသူများကို တိုက်ခိုက်ခြင်းသည် ရှမ်း၊ ချင်း၊ ကချင်၊ ကရင် စသည့်တိုင်းရင်းသားလူမျိုးများ တိုက်ခိုက်နေ ခြင်းမဟုတ်ပေ။ တိုင်းပြည်ငြိမ်းချမ်းရေး၊ နယ်မြေတည်ငြိမ်အေးချမ်းရေးကို ဖျက်ဆီးမှုများကို ကာကွယ်နေခြင်းသာဖြစ်သည်။ တပ်မတော်သည် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အချို့နှင့် ရံဖန်ရံခါ ထိတွေ့မှုအချို့ ရှိနေသော်လည်း အကြမ်းဖက်သမားများမှအပ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများကို ညီအစ်ကိုမောင်နှမအရင်းကဲ့သို့ သဘောထားပြီး ငြိမ်းချမ်းရေးမေတ္တာတံခါးကို အမြဲဖွင့်လှစ်ပေးထား**

*စာမျက်နှာ ၈ မှ*

### အစဉ်အမြဲသစ္စာစောင့်သိ

တပ်မတော်သည် လွတ်လပ်ရေးကြိုးပမ်းမှုနှင့်အတူ ပြည်သူလူထုအတွင်းမှ ပေါက်ဖွားလာသော တပ်မတော်ဖြစ်ပါသည်။ မြန်မာ့တပ်မတော်သမိုင်းတွင် လွတ်လပ်ရေးရလုဆဲဆဲကာလ၌ တပ်မတော်အတွင်းမှ အင်အားစုအချို့ကို ဗမာပြည်ကွန်မြူနစ်ပါတီနှင့် နယ်ချဲ့တို့က စည်းရုံးသိမ်းသွင်းဖယ်ထုတ်ခြင်းမှလွဲ၍နိုင်ငံရေးအယူအဆကြောင့် တပ်မတော်အတွင်း ကွဲပြားခြင်းမရှိခဲ့ပေ။ တစည်းတလုံးတည်း အစဉ်ရှိနေသော အဖွဲ့အစည်းကိုပြပါဆိုလျှင် တပ်မတော်ကိုပင် ညွှန်းဆိုရမည်ဖြစ်သည်။ တပ်မတော်သည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူများအား အစဉ်အမြဲ သစ္စာစောင့်သိခဲ့ပါသည်။

လွတ်လပ်ရေးရပြီးစ ရန်ကုန်မြို့ကို သောင်းကျန်းသူများက ဝိုင်းနေခဲ့ချိန်၊ နိုင်ငံ၏ဒုတိယမြို့တော်ဖြစ်သော မန္တလေးမြို့ကို သောင်းကျန်းသူသုံးမျိုးက သိမ်းပိုက်ထားချိန်၊ အခြားမြို့များကိုလည်း သောင်းကျန်းသူမျိုးစုံက သိမ်းပိုက်ထားချိန် ထိုအခြေအနေဆိုးမှ ကျော်လွှားနိုင်အောင် တပ်မတော်သည် တွန်းလှန်တိုက်ခိုက်၍ သက်စွန့်ကြိုးပမ်းဆောင်ရွက်ခဲ့သည်။ လွတ်လပ်ရေးရရှိပြီးချိန်မှ ယနေ့ကာလအထိ နှစ်ပေါင်း ၇၀ ကျော်ကာလအတွင်း ခေတ်အဆက်ဆက် အစိုးရများနှင့် တိုင်းရင်းသားပြည်သူများအပေါ်တွင် အစဉ်အမြဲသစ္စာစောင့်သိခဲ့သည်။ တပ်မတော်သည် တိုင်းပြည်အပေါ် သစ္စာဖောက်သူ၊ နိုင်ငံတော်ကို ပုန်ကန်ခြားနားဆန့်ကျင်သူများမှလွဲ၍ တိုင်းရင်းသားပြည်သူများအား အစဉ်အမြဲ ကာကွယ်စောင့်ရှောက်လျက်ရှိသည်။

### ငြိမ်းချမ်းရေးတံခါးအမြဲဖွင့်

တပ်မတော်သည် တိုင်းရင်းသားပြည်သူများ၏ အကျိုးကို အစဉ်အမြဲဦးထိပ်ထားခဲ့သည်ချည်းဖြစ်သည်။ တည်ငြိမ်အေးချမ်းရေးကို ထိပါးလာသော၊ နယ်မြေအေးချမ်းသာယာရေးကို နှောင့်ယှက်လာသူများကို တိုက်ခိုက်ခြင်းသည် ရှမ်း၊ ချင်း၊ ကချင်၊ ကရင် စသည့် တိုင်းရင်းသားလူမျိုးများ တိုက်ခိုက်နေခြင်း မဟုတ်ပေ။ တိုင်းပြည်ငြိမ်းချမ်းရေး၊ နယ်မြေတည်ငြိမ်အေးချမ်းရေးကို ဖျက်ဆီးမှုများကို ကာကွယ်နေခြင်းသာဖြစ်သည်။ တပ်မတော်သည် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အချို့နှင့် ရံဖန်ရံခါ ထိတွေ့မှုအချို့ ရှိနေသော်လည်း အကြမ်းဖက်သမားများမှအပ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများကို ညီအစ်ကိုမောင်နှမအရင်းကဲ့သို့ သဘောထားပြီး ငြိမ်းချမ်းရေးမေတ္တာတံခါးကို အမြဲဖွင့်လှစ်ပေးထားသည်။

ယခုအခါ ပြည်တွင်းပြည်ပ မသမာသူ အမျိုးသားသစ္စာဖောက်များက တပ်မတော်ကို အမျိုးမျိုးအဖုံဖုံသွေးခွဲရန် ကြံစည်လုပ်ဆောင်မှုများ တွေ့နေရသည်။ အမျိုးမျိုးသော ပုတ်ခတ်စွပ်စွဲမှုများ ပြုလုပ်လျက် သွေးကွဲအောင်ကြံဆောင်နေကြသည်။ တပ်မတော်၏ ခံယူချက်မှာ တိုင်းရင်းသားပြည်သူအားလုံး၏ အကျိုးစီးပွားကို အစဉ်အမြဲ ရှေးရှုပြီး ပင်မတာဝန်ကြီးများဖြစ်သော အရေးသုံးပါးကို ဦးထိပ်ထားလျက်ရှိသည်။ တိုင်းပြည်နှင့် လူမျိုးကို ချစ်မြတ်နိုးသောသူများဖြစ်ကြောင်း အလုပ်နှင့်သက်သေပြလျက်ရှိသည်။ အစဉ်အလာအရလည်း တိုင်းပြည်နှင့် လူမျိုးအပေါ် သစ္စာစောင့်သိခဲ့သည်။ တိုင်းရင်းသားပြည်သူအချင်းချင်း စိတ်ဝမ်းကွဲအောင်ပြုလုပ်ပြီး တပ်မတော်ကို အမုန်းပွားအောင် ပြုလုပ်သော်လည်း တပ်မတော်သည် တိုင်းရင်းသားပြည်သူများအပေါ် အမုန်းမဖက်ဘဲ မိသားစုအချင်းချင်းသဖွယ် အပြုံးဖက်၍ မေတ္တာမပျက်ဘဲ အကျိုးရွက်ဆောင်လျက်ရှိသည်။

### အစဉ်ထာဝရ အလုပ်အကျွေးပြု

နိုင်ငံတိုင်းတွင် တစ်ခုတည်းသော တပ်မတော်တစ်ရပ်သာရှိသည်။ တိုင်းပြည်တစ်ခုလုံး၏ အင်္ဂါရပ်များဖြစ်သော လူမျိုး၊ နယ်ပယ်၊ အစိုးရနှင့် အချုပ်အခြာအာဏာကို အကာအကွယ်ပေးနိုင်သည်မှာ တစ်ခုတည်းသော တပ်မတော်သာဖြစ်သည်။ တပ်မတော်မရှိလျှင် တိုင်းပြည်ရှိနိုင်မည် မဟုတ်ပါ။ တပ်မတော်ရှိ၍ ပြည်ထောင်စုကြီး အစွန့်ရှည် တည်တံ့ခိုင်မြဲနေခြင်းဖြစ်ပါသည်။ ထို့ကြောင့် တပ်မတော်သည် တိုင်းပြည်တစ်ပြည်တွင် အရေးအကြီးဆုံး၊ အမွန်မြတ်ဆုံး အဖွဲ့အစည်းတစ်ခုဖြစ်ပါသည်။ တိုင်းပြည်ကာကွယ်ရေးအင်အားစုကြီးသည် တစ်ခုတည်းနှင့် တစည်းတလုံးတည်းဖြစ်ရပါမည်။ ကြည်းတပ်၊ ရေတပ်၊ လေတပ်၊ ရဲတပ်ဖွဲ့ စသည့် တပ်ဖွဲ့အမျိုးမျိုးရှိသော်လည်း အားလုံးသည် တစ်ခုတည်းသောတပ်မတော်၏ ကျစ်လျစ်ခိုင်မာ သိပ်သည်းသော အဖွဲ့အစည်းတစ်ခုတည်းပင်ဖြစ်ပါသည်။

တပ်မတော်သည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူအားလုံးတို့အပေါ်တွင် သစ္စာစောင့်သိသော အဖွဲ့အစည်းဖြစ်ပါသည်။ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အောက်တွင် တစ်သွေး၊ တစ်သံ၊ တစ်မိန့်တည်း ရပ်တည်နေသည်။ မြန်မာ့တပ်မတော်သည် ဤသို့ ဂုဏ်အင်္ဂါအရည်အချင်း၊ ဝိသေသလက္ခဏာများနှင့်ပြည့်စုံပြီး တိုင်းပြည်နှင့် လူမျိုးအပေါ် ထိပါးလာသောသူများအပေါ်တွင် နေလို၊ မီးလိုကျင့်သုံးပြီး တိုင်းရင်းသားမိဘညီအစ်ကိုမောင်နှမများအပေါ်တွင် ရေလို၊ ပန်းလိုကျင့်သုံးလျက်ရှိသည်။

တပ်မတော်သည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူများအပေါ် အစဉ်ထာဝရအလုပ်အကျွေးပြု၍ အသက်သွေးချွေး မနေးပေးဆပ်နေမည်ဖြစ်ပါသတည်း။ ။

## ချောက်မြို့နယ်၌ အခြေခံအင်္ဂလိပ်စာသင်တန်းဖွင့်ပွဲနှင့် လူငယ်ရေးရာအသိပညာပေးဟောပြော

**ချောက် မတ် ၂၁**

မကွေးတိုင်းဒေသကြီး ချောက်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ယနေ့မွန်းလွဲပိုင်းက ကလေးငယ်များအတွက် နွေရာသီ အင်္ဂလိပ်စာ အခြေခံသင်တန်းဖွင့်ပွဲနှင့် လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲကို ကျင်းပသည်။

ရှေးဦးစွာ မကွေးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး ဦးမျိုးမောင်မောင်ကျော်က အမှာစကားပြောကြားပြီး မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သိမ့်ဝါက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်၊ လူငယ်နှင့် ရည်မှန်းချက်၊ စာရိတ္တမဏ္ဍိုင်အကြောင်း ရှင်းလင်းပြောကြားကာ မြို့နယ် အားကစားနှင့် ကာယပညာဦးစီးဌာန ဦးစီးမှူး ဦးဇော်လင်းအောင်က လူငယ်နှင့် အားကစားခေါင်းစဉ်နှင့် ဒုတိယမြို့နယ်ပညာရေးမှူး ဆရာကြီးဦးကြည်ထွန်းက စိတ်ဓာတ်၊ စည်းကမ်းခေါင်းစဉ်ဖြင့် ရှင်းလင်းဆွေးနွေးပြောကြားသည်။

ထို့နောက် သင်တန်းပို့ချမည့် သင်တန်းနည်းပြ ဆရာမ ဒေါ်မွန်မွန်ကို (အောင်ပြည့်သာ - ပညာရေးစင်တာနှင့် ဘာသာစကားသင်တန်း)က သင်ကြားမည့် သင်တန်းပုံစံကို ရှင်းလင်းပြောကြားပြီး သင်တန်းကို မွန်းလွဲ ၁ နာရီတွင် စတင်သင်ကြားသည်။

နွေရာသီ ကျောင်းပိတ်ရက်တွင် လူငယ်များ ဘက်စုံဖွံ့ဖြိုးစေရေးရည်ရွယ်၍ လူငယ်ရေးရာအသိပညာပေး ဟောပြောပွဲနှင့် ကလေးငယ်များအား မြို့နယ် အင်္ဂလိပ်စာ ရင်းနှီးကျွမ်းဝင်စေရန်၊ အင်္ဂလိပ်စာလေ့လာမှု အားကောင်းစေရန်နှင့် စာသင်ကြားမှုတွင် အထောက်အကူပြုစေရန်ရည်ရွယ်၍ အင်္ဂလိပ်စာ အခြေခံသင်တန်းအား မတ် ၂၁ ရက်မှစတင်ကာ တစ်ပတ်လျှင် သုံးရက် တနင်္လာ၊ အင်္ဂါ၊ ဗုဒ္ဓဟူးနေ့များတွင် နေ့စဉ် မွန်းတည့် ၁၂ နာရီမှ မွန်းလွဲ ၂ နာရီအထိ သင်ကြားပေးသွားမည်ဖြစ်သည်။ အသက်အရွယ်အားဖြင့် အသက် ခြောက်နှစ်မှ အသက် ကိုးနှစ်အထိ ကလေးငယ်များကို ပထမ အသုတ်အနေဖြင့် ဧပြီ ၈ ရက်အထိ သင်ကြားပေးမည်ဖြစ်ပြီး သင်တန်းသို့ စိတ်ပါဝင်စားသည့် သင်တန်းသားသင်တန်းသူ ၃၅ ဦး တက်ရောက်သင်ကြားကြောင်း သိရသည်။

**ကျော်မိုး(ပြန်/ဆက်)**

## လွိုင်လင်မြို့၌ လူငယ်ရေးရာအသိပညာပေးဟောပြော

**လွိုင်လင် မတ် ၂၁**

ရှမ်းပြည်နယ်တောင်ပိုင်း လွိုင်လင်မြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း နဝဒေးခန်းမ၌ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် ပညာရေးဌာနတို့ ပူးပေါင်း၍ လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲကို မတ် ၂၁ ရက် နံနက်က ပြုလုပ်သည်။

ရှေးဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လွိုင်လင်ခရိုင်ရုံးမှ ဦးစီးအရာရှိ ဒေါ်နန်းဦးခမ်းက လူငယ်များအနေဖြင့် ပညာရည်မြင့်မားရေး၊ အကျင့်စာရိတ္တကောင်းမွန်ရေး၊ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးအကြောင်း ပြောကြားသည်။ ယင်းနောက် အားကစားနှင့် ကာယပညာဦးစီးဌာန လွိုင်လင်ခရိုင်ရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ညိုညိုခင်က တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရန် အားကစားလေ့ကျင့်ခန်းများကို ပြုလုပ်ကြရန်၊ အားကစားသင်တန်းများကို တက်ရောက်ကြရန် ဟောပြောသည်။ ဆက်လက်၍ ခရိုင်ပညာရေးမှူး ဒေါက်တာ မြင့်မြင့်အေးက စိတ်ဓာတ်ကောင်းများ ပေါ်ထွက်ရေးနှင့် စာရိတ္တကောင်းမွန်ရေးခေါင်းစဉ်ဖြင့် ပညာပေး ပြောကြားသည်။

ယင်းနောက် ဒေါ်ညိုညိုခင်က အထက-၁ ကျောင်းအတွက် အားကစားပစ္စည်းများ ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာမကြီးက လက်ခံရယူသည်။ လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲသို့ ကျောင်းသား ကျောင်းသူ၊ ဆရာဆရာမ စုစုပေါင်း ၁၀၀ ခန့် တက်ရောက်ကြသည်။

**လွိုင်လင်မိုး**

# ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ် ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ်မြို့၌ ကျင်းပသည့် EXPOTECXNOSTRAZH-2022 (အိတ်စ်ပိုတက်နိုဇာရက်-၂၀၂၂) သို့ တက်ရောက်



နေပြည်တော် မတ် ၂၁

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ် ဦးဆောင်သည့် ရဲအရာရှိကြီးများပါဝင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ အထူးဖိတ်ကြားချက်အရ မတ် ၁၆ ရက်မှ ၁၈ ရက်အထိ စိန့်ပီတာစဘတ်မြို့၌ ကျင်းပသည့် လူ့အသိုက်အဝန်းနှင့် နိုင်ငံတော် လုံခြုံရေးဆိုင်ရာ နိုင်ငံတကာအဆင့်မြင့်နည်းပညာပြပွဲ (EXPOTECXNOSTRAZH–2022) သို့ တက်ရောက်သည်။**

ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ် ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ မြန်မာနိုင်ငံဆိုင်ရာ စစ်သံမှူးလိုက်ပါ၍ မတ် ၁၆ ရက် နံနက် ၁၁ နာရီတွင် စိန့်ပီတာစဘတ်မြို့ EXPO–FORUM ဝင်းသို့ ရောက်ရှိခဲ့ရာ ROSOBORONEXPORT မှ တာဝန်ရှိသူများက ကြိုဆိုခဲ့ကြသည်။ နံနက်ပိုင်းတွင် အဆိုပါပြပွဲ အစည်းအဝေးခန်းမ၌ ROSOBORONEXPORT ၏ အထူးကော်မရှင် တာဝန်ခံ မစ္စတာ ယိမ်းဂဲနီယာဆူဘော့ဗ်နှင့် အရာရှိကြီးများတွေ့ဆုံ၍ လူတစ်ဦးချင်း တစ်ယောက်ချင်းစီနှင့် လူ့အသိုက်အဝန်း၊ နိုင်ငံတော်အဆင့်အထိ လုံခြုံရေးဆိုင်ရာများကို နိုင်ငံတကာ ပြဋ္ဌာန်းချက်များနှင့်အညီ စနစ်တကျ ဆောင်ရွက်နိုင်သည့် နည်းပညာ အသုံးပြုမှုပုံစံများ၊ တီထွင်ထုတ်လုပ်ထားသည့် ပစ္စည်းများ၊ အကြမ်းဖက်မှု၊ မူးယစ်ဆေးဝါးနှင့် အုပ်စုဖွဲ့မှုခင်းများတိုက်ဖျက်ရေး၊ ကြိုတင်သတင်းရယူရေးဆိုင်ရာ နည်းပညာအသုံးပြုမှုများအပြင် မြန်မာနိုင်ငံ ပြည်ထဲရေးဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးဆိုင်ရာများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

## လက်တွေ့သရုပ်ပြသ

ဆွေးနွေးပွဲအပြီးတွင် အမှတ်တရလက်ဆောင်များ အပြန်အလှန်ပေးအပ်သည်။ မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် နိုင်ငံတကာ အဆင့်မြင့်နည်းပညာပြပွဲတွင် ပြသထားသည့် နည်းပညာအသုံးပြုမှုနှင့် ပစ္စည်းများ ပြသထားမှုများကို လိုက်လံကြည့်ရှုလေ့လာ၍ သိလိုသည်များ မေးမြန်းသည်။ ထို့နောက် ပြပွဲခန်းမအတွင်း အကြမ်းဖက်မှု တိုက်ဖျက်ရေးနှင့် အဆင့်မြင့် လုံခြုံရေးစွမ်းရည်ပြသမှု၊ ခွေးများလေ့ကျင့်ပေး၍ လုံခြုံရေးနှင့် မှုခင်းဆိုင်ရာများတွင် ရှာဖွေစစ်ဆေးမှုများ လက်တွေ့သရုပ်ပြသမှုကို ကြည့်ရှုလေ့လာခဲ့ကြသည်။

မတ် ၁၇ ရက် နံနက် ၁၀ နာရီတွင် စိန့်ပီတာစဘတ်မြို့ EXPO–FORUM ဝင်း အဆောက်အဦတွင် နိုင်ငံတကာအဆင့်မြင့်နည်းပညာပြပွဲ (EXPOTECXNOSTRAZH–2022) ဖွင့်ပွဲအခမ်းအနား ကျင်းပရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ အမျိုးသားလုံခြုံရေးတပ်ဖွဲ့ ဒုတိယအကြီးအကဲ ဗိုလ်ချုပ်ကြီး အယ်လ်ကီး စတက်ပင်နိုဗစ်ချ် ဘဇူဘီကော့ (National Guard Troops of the Russia Federation – Commander in Chief, Colonel General, Aleksey Stepanobich Bezzubikov)၊ စိန့်ပီတာစဘတ်မြို့တော်အုပ်ချုပ်ရေးမှူး မစ္စတာ ဘက်လော့ အလက်ဇန္ဒား ဒယ်မထရီဘက်ချ် (Governor of St.Petersburg, Mr. Beglov Alexander Dmitrievich)၊ မြို့တော်လူမှုဥပဒေရေးရာဥက္ကဋ္ဌ မစ္စတာ ဘယ်စကီး အလက်ဇန္ဒား နီကိုလဘက်ချ် (Chairman of the Legislative Assembly of St. Petersburg, Mr. Belsky Alexander Nikolaevich), EXPO–FORUM ညွှန်ကြားရေးမှူးချုပ်နှင့် LLC နည်းပညာပြပွဲများ ကျင်းပရေးအဖွဲ့ဥက္ကဋ္ဌ မစ္စတာ ဗိုရိုနော့ ဆာဂျီ ဂျော့ဂီဘက်ချ် (President of the Russian Union of Exhibition and Fairs, Mr. Voronkov Sergey Georgievich) တို့က အဖွင့်အမှာစကားများ ပြောကြားခဲ့ကြသည်။

ဖွင့်ပွဲအခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့နှင့် နိုင်ငံတကာမှ နည်းပညာကျွမ်းကျင်သူများ၊ အထူးဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်သည်။ ဖွင့်ပွဲအခမ်းအနားအပြီးတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ အမျိုးသားလုံခြုံရေးတပ်ဖွဲ့ ဒုတိယအကြီးအကဲ (National Guard Troops of the Russia Federation – Commander in Chief ) Colonel General, Aleksey Stepanobich Bezzubikov ဦးဆောင်၍ ဖွင့်ပွဲအခမ်းအနား တက်ရောက်လာသော ဒေသဆိုင်ရာအကြီးအကဲများက ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ် အား လာရောက်တွေ့ဆုံနှုတ်ဆက်ကာ ပြပွဲကျင်းပမှုများနှင့်ပတ်သက်၍ ရင်းရင်းနှီးနှီးဆွေးနွေးပြောကြားသည်။

## နည်းပညာအသုံးပြုစစ်ဆေးခြင်းများကို လေ့လာ

ယင်းနောက် စိန့်ပီတာစဘတ်မြို့ အပြည်ပြည်ဆိုင်ရာဆိပ်ကမ်းတွင် ပြည်ပပို့ကုန်နှင့် နိုင်ငံအသီးသီးမှ တင်သွင်းလာသော ကုန်ပစ္စည်းကွန်တိန်နာများအား နည်းပညာ အသုံးပြုစစ်ဆေးခြင်းများကို သွားရောက်လေ့လာရာ အဆိုပါဆိပ်ကမ်းရုံး၌ အကောက်ခွန်ဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် မစ္စတာ ဆာဂျေး စတားချပ်စ် (Mr. Starchak Sergey) က စစ်ဆေးမှုလုပ်ငန်းစဉ်များအား ရှင်းလင်းတင်ပြပြီး မြေပြင်တွင် လက်တွေ့စစ်ဆေးဆောင်ရွက်နေမှုများကို လေ့လာကြည့်ရှုခဲ့ကြသည်။ မွန်းလွဲပိုင်းတွင် LLC Special Technological Center သို့ ရောက်ရှိရာ LLC ဗဟိုဌာန၏ အုပ်ချုပ်မှုဒါရိုက်တာ မစ္စတာ ရိုမန်အီဗာနော့ဗ် (Mr. Lvanov Roman) ဦးဆောင်သောအဖွဲ့က ကြိုဆို၍ လုံခြုံရေး၊ ရှာဖွေစစ်ဆေးရေး၊ ဆိုက်ဘာနည်းပညာဆိုင်ရာများ ပူးပေါင်းဆောင်ရွက်မှုနှင့်ပတ်သက်၍ သီးခြားတွေ့ဆုံဆွေးနွေးသည်။ ထို့နောက် ကျွမ်းကျင်သူများနှင့် အင်ဂျင်နီယာများက ဆိုက်ဘာလုံခြုံရေးနှင့် လျင်မြန်စွာ စုံစမ်းစစ်ဆေးနိုင်ရေး တီထွင်ထုတ်လုပ်ထားမှုများနှင့်ပတ်သက်၍ ပါဝါပွိုင့်ဖြင့် အသေးစိတ်ရှင်းလင်းပြသခဲ့ရာ ပြည်ထောင်စုဝန်ကြီးက သိလိုသည်များ မေးမြန်းဆွေးနွေးခဲ့ပြီး အမှတ်တရလက်ဆောင်များ ပြန်လည်ပေးအပ်သည်။

မတ် ၁၈ ရက်တွင် ပြည်ထောင်စုဝန်ကြီး ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် စိန့်ပီတာစဘတ်နှင့် JSC Center–Inform သို့ သွားရောက်ခဲ့ရာ အဆိုပါစင်တာခန်းမတွင် တာဝန်ရှိသူများက လုံခြုံရေး၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး၊ အကြမ်းဖက်မှု၊ နယ်စပ်ဖြတ်ကျော်ဝင်ရောက်မှုနှင့် မှုခင်းပြဿနာများ ကြိုတင်ကာကွယ်ရေးတိုက်ဖျက်ရေးဆိုင်ရာများတွင် နည်းပညာအသုံးပြုမှုများကို ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက သိလိုသည်များကို ပြန်လည်မေးမြန်းဆွေးနွေးခဲ့ပြီး အမှတ်တရလက်ဆောင်များ အပြန်အလှန်ပေးအပ်သည်။

စိန့်ပီတာစဘတ်မြို့တွင် ကျင်းပသည့် လူ့အသိုက်အဝန်းနှင့် နိုင်ငံတော်လုံခြုံရေးဆိုင်ရာ နိုင်ငံတကာအဆင့်မြင့်နည်းပညာပြပွဲ (EXPO–TECXNOSTRAZH–2022) သည် နိုင်ငံအသီးသီးတွင် ရင်ဆိုင်ဖြေရှင်းနေရသော အကြမ်းဖက်မှုတိုက်ဖျက်ရေး၊ မူးယစ်ဆေးဝါးနှင့် ရာဇဝတ်မှုခင်းများ တားဆီးနှိမ်နင်းရေးတို့အပါအဝင် လူမှုအသိုက်အဝန်းများ၏ ပဋိပက္ခများ၊ နယ်စပ်ဖြတ်ကျော် မှုခင်းများနှင့် နိုင်ငံအဆင့် လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးတို့နှင့် ပတ်သက်၍ ကြိုတင်ကာကွယ်ရေး၊ တားဆီးနှိမ်နင်းရေးလုပ်ငန်းစဉ်များကို နိုင်ငံတကာဥပဒေ၊ ကုလသမဂ္ဂကွန်ဗင်းရှင်းများနှင့်အညီ ဖြေရှင်းနိုင်ရေးအတွက် ခေတ်နှင့်အညီ တီထွင်ထုတ်လုပ်ထားသည့် နည်းပညာပစ္စည်းများနှင့်ပတ်သက်၍ ရှင်းလင်းပြသသည့် အစီအစဉ်တစ်ရပ်ဖြစ်ကြောင်း လေ့လာတွေ့ရှိခဲ့ရသည်။

ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ် ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် စိန့်ပီတာစဘတ်မြို့တွင် ကျင်းပသည့် လူ့အသိုက်အဝန်းနှင့် နိုင်ငံတော်လုံခြုံရေးဆိုင်ရာ နိုင်ငံတကာအဆင့်မြင့်နည်းပညာပြပွဲ (EXPOTECXNOSTRAZH–2022) သို့ တက်ရောက်ခဲ့ပြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ်မြို့မှ မတ် ၁၉ ရက် ညပိုင်းတွင် လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာခဲ့ရာ မြန်မာနိုင်ငံ ရန်ကုန်မြို့သို့ မတ် ၂၀ ရက် ညပိုင်းတွင် ပြန်လည်ရောက်ရှိခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

---

# ပြည်တော်သာ(စစ်တွေ)-ရေချမ်းပြင်ရထားလမ်းပိုင်းတွင် RBE ရထား မတ် ၂၄ ရက်တွင် ပြန်လည်ပြေးဆွဲမည်

နေပြည်တော် မတ် ၂၁

**ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားသည် ပြည်တော်သာ(စစ်တွေ)–ရေချမ်းပြင် ရထားလမ်းပိုင်း ၁၄ ဒသမ ၄၆ မိုင်ကို ခရီးသွားပြည်သူများ ခရီးသွားလာမှုအဆင်ပြေစေရေးအတွက် RBE ရထား ပြန်လည်ပြေးဆွဲပေးသွားမည်ဖြစ်သည်။**

အဆိုပါ ပြည်တော်သာ(စစ်တွေ)–ရေချမ်းပြင် ရထားလမ်းပိုင်း၌ ကိုဗစ်–၁၉ ကပ်ရောဂါကြောင့် ရောဂါပြန့်ပွားမှု ကာကွယ်ထိန်းချုပ်နိုင်ရန်အတွက် ၂၀၂၀ ပြည့်နှစ် ဧပြီ ၁၀ ရက်မှစ၍ ရထားပြေးဆွဲခြင်း ယာယီရပ်နားခဲ့သည်။ ယခုအခါ ကိုဗစ်–၁၉ ရောဂါကူးစက်ပြန့်ပွားမှု လျော့နည်းလာခြင်းနှင့် ဒေသခံပြည်သူများ၏ ခရီးသွားလာမှုအဆင်ပြေစေရေးအတွက် (၇၇)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် RBE ရထား ပြန်လည်ပြေးဆွဲပေးသွားမည်ဖြစ်သည်။

ထိုသို့ပြန်လည်ပြေးဆွဲနိုင်ရန် RBE စက်ခေါင်းများ ကြံ့ခိုင်ရေးအတွက် စစ်ဆေးပြုပြင်ဆောင်ရွက်ခြင်း၊ ရထားလမ်းပိုင်း သံလမ်းတာပေါင် ရေတိုက်စားမှုပြုပြင်ထိန်းသိမ်းခြင်း၊ ရာသီဥတုဒဏ်ကြောင့် မြေသား တာပေါင်နိမ့်ဆင်းခဲ့သည့် ပေ ၄၀ အရှည် ဇောပူဂျာတံတားကို ဘေလီတံတားထိုး ပြန်လည်ပြုပြင်ခြင်းများ ဆောင်ရွက်ပြီးစီးပြီဖြစ်သည်။

သို့ဖြစ်၍ ပြည်တော်သာ(စစ်တွေ)–ရေချမ်းပြင် လမ်းပိုင်းတွင် ပြည်တော်သာဘူတာမှ စတင်၍ စစ်တွေဘူတာ၊ စစ်တွေတက္ကသိုလ်ဘူတာ၊ ဒါးပိုင်ဘူတာ၊ ဇောပူဂျာဘူတာ၊ မယ်ဇလီကုန်းဘူတာနှင့် ရေချမ်းပြင်ဘူတာများ၌ ဘူတာစဉ်များအလိုက် ရပ်တန့်ပေးသွားမည်ဖြစ်သည်။ ပြေးဆွဲရာတွင် ပြည်တော်သာဘူတာမှ နံနက် ၇ နာရီတွင် ထွက်ခွာ၍ ရေချမ်းပြင်ဘူတာသို့ နံနက် ၈ နာရီတွင် ရောက်ရှိမည်ဖြစ်သည်။ ရေချမ်းပြင် ဘူတာမှ နံနက် ၁၀ နာရီတွင် ပြန်လည်ထွက်ခွာ၍ ပြည်တော်သာဘူတာသို့ နံနက် ၁၁ နာရီတွင် ရောက်ရှိမည်ဖြစ်ပြီး နေ့စဉ် အသွား/အပြန် နှစ်ခေါက်ကို မတ် ၂၄ ရက်မှ စတင်၍ ပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း ခရီးသွားမိဘပြည်သူများ သိရှိနိုင်ရေး ကြိုတင်အသိပေးကြေညာထားကြောင်း မြန်မာ့မီးရထားမှ သိရသည်။ **သတင်းစဉ်**

# ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး အကြီးစားပြင်ဆင်မွမ်းမံ



နေပြည်တော် မတ် ၂၁

**ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရွှေလေးသည် မတ် ၁၉ ရက်နှင့် ၂၀ ရက်တို့တွင် ဧရာဝတီတိုင်းဒေသကြီး မြစ်ဝကျွန်းပေါ်ဒေသ လမ်းကွန်ရက်ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းတွင်ပါဝင်သော လမ်း၊ တံတား တည်ဆောက်ရေး လုပ်ငန်းများနှင့် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုတို့ကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။**

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ရန်ကုန် - ပုသိမ်လမ်း အဆင့်မြှင့်တင် ဆောင်ရွက်ထားရှိမှုနှင့် ကျုံကနောင် (ပန်းတနော်) - ရွှေလောင်း- ဝါးခယ်မ လမ်း (၂၁) မိုင်အား ကွန်ကရစ်လမ်း အဆင့်မြှင့်တင်ခြင်း လုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ကွန်ကရစ်ခင်းရာတွင် သတ်မှတ်စံချိန်စံညွှန်း ပြည့်မီရန်လိုကြောင်း၊ လမ်းဒီဇိုင်းအရ လိုအပ်သည့်နေရာများတွင် Box Culvert များ၊ တံတားငယ်များ ထည့်သွင်း တည်ဆောက်ပေးရန်လိုကြောင်း၊ ကွန်ကရစ်ခင်းပြီးပါက လမ်းပခုံးတစ်ပါတည်း ဆောင်ရွက်ရန်တို့ကို မှာကြားပြီး မိုင်တိုင်အမှတ် (၁၃ / ၀ နှင့် ၁၃ / ၁) ကြားတွင် စက်ယန္တရားဖြင့် ကွန်ကရစ်ခင်းနေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

### ကြည့်ရှုစစ်ဆေး

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ပုသိမ် - ကံကုန်း - မြင်းကဆိပ်- မြောင်းမြ လမ်းပေါ်ရှိ ယခင်ကြိုးတံတား ဟောင်း ပမ္မဝတီတံတား (မြင်းကဆိပ်) အား အရှည်ပေ ၁၂၆၀ ကွန်ကရစ်တံတားအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်နေသည့် လုပ်ငန်းခွင်သို့ရောက်ရှိရာ ရှင်းလင်းဆောင်တွင် တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လမ်းများအဆင့်မြှင့်တင် ဆောင်ရွက်ပေးလျက်ရှိသလို ကြံ့ခိုင်မှုအားနည်းသော ကြိုးတံတားများကိုလည်း ကျွမ်းကျင်အင်ဂျင်နီယာပညာရှင်များ၏ နည်းပညာဒီဇိုင်းကို အသုံးပြု၍ ကွန်ကရစ်တံတားများအဖြစ် အဆင့်မြှင့်တင် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ မိမိတို့ တာဝန်ယူဆောင်ရွက်သောလုပ်ငန်းများ အရည်အသွေး၊ စံချိန်စံညွှန်းပြည့်မီအောင် အထူးအလေးထား ဆောင်ရွက်ရန်မှာကြားပြီး တံတားတည်ဆောက်ရေး လုပ်ငန်းခွင်အတွင်း ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ယခင်ပုသိမ်ကြိုးတံတားဟောင်း၏ ကြိုးထိန်းတာဝါတိုင် ကြံ့ခိုင်မှု၊ ကြိုးဆိုင်းများနှင့် ပင်မတံတားအပိုင်း ကြံ့ခိုင်မှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများကို တံတားထိန်းသိမ်းရေး အပိုင်းနှင့်ပတ်သက်၍ လိုအပ်သည်များ မှာကြားသည်။ ဆက်လက်၍ ပုသိမ်မြို့၏ အထင်ကရဖြစ်သော ပုသိမ်တံတားသစ်ကြီးနှင့် ကမ်းနားလမ်းအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မတ် ၂၀ ရက်တွင် ဧရာဝတီတိုင်းဒေသကြီး မြစ်ဝကျွန်းပေါ်ဒေသ လမ်းကွန်ရက် ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းတွင် ပါဝင်သော လမ်းအမှတ် (၁၀) ဘိုကလေး - မော်လမြိုင်ကျွန်း-ကျုံမငေး- ဝါးခယ်မ-မြောင်းမြလမ်း ပြုပြင်ထိန်းသိမ်းထားရှိမှု နှင့် ကတ္တရာခင်းနေမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

### ရှင်းလင်းတင်ပြ

ထို့နောက် အဆိုပါလမ်းပေါ်ရှိ ကျွန်းပြဿဒ်တံတား အခြေအနေကို လည်းကောင်း၊ စော်ကဲတံတား အခြေအနေနှင့် လမ်းအမှတ်(၁) မအူပင် - ရေလဲကလေး- ရွှေတောင်မှော် - ကျိုက်ပိ - မော်လမြိုင်ကျွန်းလမ်း ပြုပြင်ထိန်းသိမ်းထားရှိမှုကို လည်းကောင်း၊ မအူပင်-ဆားမလောက်လမ်း ကတ္တရာထပ်ပိုးလွှာခင်းနေမှုတို့ကို လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

ပြည်ထောင်စုဝန်ကြီး ဦးရွှေလေးသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေရှိ မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး အကြီးစားပြင်ဆင်မွမ်းမံခြင်း လုပ်ငန်းခွင်သို့ရောက်ရှိရာ ရှင်းလင်းဆောင်တွင် တာဝန်ရှိသူများက မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး မွမ်းမံပြင်ဆင်မှုလုပ်ငန်းများကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက မွမ်းမံပြင်ဆင်ခြင်း လုပ်ငန်းများ အပိုင်းလိုက် စနစ်တကျ ဆောင်ရွက်ရန်၊ မိမိတို့ပြန်လည်ပြုပြင်မှု ဒီဇိုင်းပုံစံများကို မှတ်တမ်းထားရှိရန်၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနနှင့် ပေါင်းစပ်ညှိနှိုင်းပြီး လိုအပ်သည့် အကြံဉာဏ်များ ပူးပေါင်းဆောင်ရွက်ရန် မှာကြားပြီး မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီးအပြင်ပိုင်း ပြုပြင်မွမ်းမံနေမှုနှင့် အတွင်းပိုင်းပြုပြင်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး **(အပေါ်ပုံ)** တာဝန်ရှိသူများအား လုပ်ငန်းလိုအပ်ချက်များ မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံတကာလေကြောင်းခရီးစဉ်များအား ဧပြီ ၁၇ ရက်မှစတင်၍ ပုံမှန်ပြန်လည်ပြေးဆွဲခွင့်ပြုတော့မည်




**နေပြည်တော် မတ် ၂၁**

နိုင်ငံတကာ ခရီးသွားလုပ်ငန်းများ ပြန်လည်စတင်နိုင်ရန်အတွက် ကျင်းပသော ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန နီလာခန်းမ၌ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည်။

အစည်းအဝေးတွင် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဌေးအောင် က နိုင်ငံတကာ လေကြောင်းခရီးစဉ်များအား ဧပြီ ၁၇ ရက်မှစတင်၍ ကိုဗစ်-၁၉ ရောဂါပြည်ဝင်ခွင့် လိုအပ်ချက်များနှင့်အညီ သတ်မှတ်စည်းကမ်းချက်များအတိုင်း ပုံမှန်ပြန်လည်ပြေးဆွဲခွင့်ပြုတော့မည်ဖြစ်ရာ ဝန်ကြီးဌာနနှင့် အသင်းအဖွဲ့များအနေဖြင့် မိမိတို့ကျရာ အခန်းကဏ္ဍများအလိုက် လိုအပ်ချက်များကို သတ်မှတ်စည်းကမ်းများနှင့်အညီ စနစ်တကျ ပြင်ဆင်ထားရှိပြီး အဆင်သင့်ဖြစ်နေကြရန် လိုအပ်ပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် လေကြောင်းလိုင်းများဖြင့် ဝင်ရောက်သည့် ခရီးသွားဧည့်သည်များအတွက် ဝင်ရောက်ရာတွင် လိုက်နာဆောင်ရွက်ရမည့် အချက်အလက်များကို သက်ဆိုင်ရာအသင်းအဖွဲ့များနှင့် လုပ်ငန်းလုပ်ကိုင်သူများ သိရှိနိုင်ရေးအတွက် အချိန်မီဖြန့်ဝေပေးနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ Quarantine ဟိုတယ်နှင့် တည်းခိုရိပ်သာများအနေဖြင့် ခရီးသည်များ လာရောက်တည်းခိုသည့်အခါ ကျန်းမာရေးဝန်ဆောင်မှု အာမခံရှိနေစေရေးအတွက် ဝန်ကြီးဌာနက စီစဉ်ဆောင်ရွက်နေသော အမျိုးသားအဆင့် HSP-Certificate ကို ကြိုတင်ရယူထားကြရန် လိုအပ်ပါကြောင်း။

တိုင်းဒေသကြီး/ ပြည်နယ်များရှိ ခရီးစဉ်ဒေသများသို့ ခရီးသွားဧည့်သည်များ အကြိမ်ကြိမ်လာရောက်လည်ပတ်လိုစိတ်နှင့် ကာလရှည်ကြာစွာ နေထိုင်လိုစိတ်ဖြစ်ပေါ်ရေးအတွက် မိမိတို့ဒေသအလိုက် ဆွဲဆောင်မှုရှိသော ခရီးစဉ်ဒေသများ ဖြစ်ပေါ်ရေးကို ကြိုးစားဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း၊ ဝန်ကြီးဌာနကလည်း ခရီးသွားဧည့်သည်များ အဆင်ပြေ လွယ်ကူချောမွေ့စွာ လာရောက်လည်ပတ်နိုင်ရေးအတွက် ရည်ရွယ်ပြီး ခရီးသွားစီမံချက်များ ရေးဆွဲပြင်ဆင်ခြင်း၊ mobile application စီစဉ်ခြင်းတို့ကို ပြင်ဆင်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဟိုတယ်နှင့် ခရီးသွားအသင်းအဖွဲ့များအနေဖြင့်လည်း ခရီးသွားဧည့်သည်များ ခရီးစဉ်ဒေသများသို့ လာရောက်လည်ပတ်ရေးအတွက် မြှင့်တင်ကြော်ငြာသွားကြရန်လည်း လိုအပ်ပါကြောင်း၊ မကြာသေးမီကာလက မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ မြန်မာနိုင်ငံသို့ မုန်တိုင်း ဝင်ရောက်နိုင်သည်ဟု ကြေညာချက်များအရ မုန်တိုင်းကျရောက်နိုင်သော နေရာများရှိ ရုံးခွဲတာဝန်ခံများအနေဖြင့် ဟိုတယ်များ၌ တည်းခိုနေထိုင်လျက်ရှိသော ဧည့်သည်များကို ကြိုတင်အသိပေးခြင်း၊ မလိုလားအပ်သော ဖြစ်စဉ်များ မဖြစ်ပေါ်စေရေးအတွက် ဆက်စပ်ဌာနများနှင့် ပေါင်းစပ်ကူညီဆောင်ရွက်ပေးခြင်းတို့ကို စီစဉ်ဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးရန်ဝင်းက နိုင်ငံတကာ လေကြောင်းခရီးစဉ်များ ပြန်လည်ဖွင့်လှစ်ရာတွင် ဟိုတယ်များနှင့် ခရီးသွားကုမ္ပဏီများက ပြင်ဆင်ဆောင်ရွက်ထားသင့်သည်များ၊ ခရီးသွားဧည့်သည်များက လိုက်နာလုပ်ဆောင်ရမည့် အချက်အလက်များကို ပံ့ပိုးပေးရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးတို့ကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ပေါင်းစပ်ဖြည့်ဆည်းပေးကာ နိဂုံးချုပ် အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

**အိမ်ပြင်ပ၌ ထွန်းသော မီးများကို နေ့အလင်းရောင် ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

# ရခိုင်ပြည်နယ်အတွင်း လျှပ်စစ်ဓာတ်အားတိုးမြှင့်ဖြန့်ဖြူးပေးနိုင်ရေး၊ ဓာတ်အားပြတ်တောက်မှု လျော့နည်းကျဆင်းရေးနှင့် ဓာတ်အားစနစ် တည်ငြိမ်တိုးတက်ကောင်းမွန်စေရေးလုပ်ငန်း ညှိနှိုင်းစည်းဝေး

**နေပြည်တော် မတ် ၂၁**

လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ သံတွဲခရိုင် လျှပ်စစ် အင်ဂျင်နီယာရုံး၌ ယနေ့နံနက်ပိုင်းက ရခိုင် ပြည်နယ်အတွင်းရှိ ပြည်နယ်/ ခရိုင်/ မြို့နယ် လျှပ်စစ် အင်ဂျင်နီယာများ၊ မြို့နယ်လျှပ်စစ်မှူးများ၊ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ ရခိုင် ပြည်နယ်အတွင်း လျှပ်စစ်ဓာတ်အားတိုးမြှင့် ဖြန့်ဖြူးပေးနိုင်ရေး၊ ဓာတ်အားပြတ်တောက်မှု လျော့နည်းကျဆင်းရေးနှင့် ဓာတ်အားစနစ် တည်ငြိမ်တိုးတက်ကောင်းမွန်စေရေး တို့အတွက် ညှိနှိုင်းအစည်းအဝေးကျင်းပရာ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်သန်းဦး တက်ရောက်အမှာစကားပြောကြား သည်။(ယာပုံ)



ဦးစွာ ပြည်ထောင်စုဝန်ကြီးက တိုးတက်သုံးစွဲလာ မည့် ဓာတ်အားလိုအပ်ချက်များကို ကြိုတင်တွက်ချက် ၍ တိုးမြှင့်ဖြန့်ဖြူးပေးနိုင်ရေး စီမံဆောင်ရွက်ထားရန် လိုအပ်ကြောင်း၊ လျှပ်စစ်ဓာတ်အားများကို တရားမဝင် ရယူသုံးစွဲမှုများကြောင့် လေလွင့်ဆုံးရှုံးမှု မဖြစ်ပေါ်စေ ရေးနှင့် လျှပ်စစ်ဓာတ်အားခများအား သတ်မှတ်ချိန် အတွင်း ကောက်ခံရရှိရေး မြို့နယ်၊ ခရိုင်၊ ပြည်နယ် လျှပ်စစ်အင်ဂျင်နီယာနှင့် ဘဏ္ဍာရေးတာဝန်ခံများက အောက်ခြေထိကွင်းဆင်းပြီး ကြီးကြပ်ဆောင်ရွက် သွားရန်လိုအပ်ကြောင်း၊ လျှပ်စစ်အန္တရာယ် မဖြစ်ပေါ် စေရေး ပညာပေးသတိပေးခြင်းနှင့် ဓာတ်အားလိုင်း များတစ်လျှောက် ဓာတ်အားလိုင်းနှင့် မလွတ်ကင်း သည့် သစ်ပင်သစ်ကိုင်းများအား ခုတ်ထွင်ရှင်းလင်း သွားကြရန်လိုအပ်ကြောင်း၊ လျှပ်စစ်နှင့်စွမ်းအင် ဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်၏ တိုးတက်သုံးစွဲ လာသော လျှပ်စစ်ဓာတ်အားကို ပြည့်ဝစွာဖြည့်ဆည်း ပေးနိုင်ရန်အတွက် လျှပ်စစ်ဓာတ်အားတိုးမြှင့်ထုတ် လုပ်နိုင်ရေး နည်းလမ်းပေါင်းစုံဖြင့် စီစဉ်ဆောင်ရွက် လျက်ရှိပါကြောင်း၊ ၂၀၂၂ ခုနှစ် နွေရာသီအမီ ရခိုင် ပြည်နယ် ကျောက်ဖြူမြို့နယ်ရှိ ရွှေကမ်းလွန် သဘာဝ ဓာတ်ငွေ့ကို အသုံးပြုပြီး စုစုပေါင်း ၁၉၅ မဂ္ဂါဝပ်ထိ တိုးတက်ထုတ်လုပ်ပေးနိုင်ရေး စီစဉ်ဆောင်ရွက် လျက်ရှိပါကြောင်း၊ ထို့အပြင် ၁၃၅ မဂ္ဂါဝပ် သဘာဝ ဓာတ်ငွေ့နှင့် စွန့်ပစ်အပူသုံး ဓာတ်အားပေးစက်ရုံ စီမံကိန်းကိုလည်း ဆောလျင်စွာ ပြီးစီးနိုင်ရေး တွန်းအားပေးဆောင်ရွက် လျက်ရှိကြောင်း။

ရခိုင်ပြည်နယ်အတွင်း ဓာတ်အားမရရှိသေးသည့် မြို့များနှင့် ကျေးရွာများသို့ ဓာတ်အားရောက်ရှိ ဖြန့်ဖြူးပေးနိုင်ရန်အတွက် နည်းလမ်းရှာဖွေခြင်း၊ ကြိုတင် တိုင်းတာတွက်ချက်မှုများ ပြုလုပ်ခြင်းများ ဆောင်ရွက်ပြီး နှစ်အလိုက် ရန်ပုံငွေလျာထား စီမံ ဆောင်ရွက်ခြင်းတို့ကို ဆောင်ရွက်ကြရန်၊ ယခုကဲ့သို့ ဓာတ်အားလျော့နည်းထုတ်လုပ်မှု ဖြစ်ပေါ်ရခြင်း အကြောင်းအရင်းများကို ပြည်သူများ သိရှိနားလည် စေရေး ရှင်းပြကြရန်၊ ဝန်အားလျှော့ချ၍ အလှည့်ကျ ဓာတ်အားပိတ်ရခြင်းများကို စနစ်တကျဆောင်ရွက်၍ လိုင်းအပြစ်ဖြစ်၍ ဓာတ်အားပြတ်ခြင်းများ ဖြစ်ပေါ် ပါက အဆင့်ဆင့် သတင်းပို့ ဝိုင်းဝန်းပြင်ဆင်၍ အမြန်ဆုံး ဓာတ်အားပြန်ပေးနိုင်ရေး ကြိုးစားဆောင် ရွက်ကြရန်နှင့် သုံးစွဲထားသည့် ဓာတ်အားခများ ပြန်လည်ရရှိရေးတို့ကိုလည်း ဆောင်ရွက်ကြရန် ပြောကြားသည်။

ထို့နောက် သံတွဲခရိုင် လျှပ်စစ်အင်ဂျင်နီယာက ခရိုင်အတွင်းရှိ မြို့နယ်များ၏ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးထားမှု၊ နှစ်အလိုက် ဓာတ်အားတိုးတက် သုံးစွဲမှု၊ ဓာတ်အားပျောက်ဆုံးမှု လျော့နည်းကျဆင်း ရေးအတွက် ဆောင်ရွက်ထားရှိမှုနှင့် ဆက်လက် ဆောင်ရွက်သွားမည့် အစီအမံများကိုလည်းကောင်း၊ ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးမျိုးဝင်းက ဘဏ္ဍာရေးနှစ်အလိုက် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းအစီအမံများကိုလည်းကောင်း ရှင်းလင်း တင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည် များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာ စကား ပြောကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း အာဆီယံအတွင်းရေးမှူးချုပ် H.E. Dato Lim Jock Hoi ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား တွေ့ဆုံ

**နေပြည်တော် မတ် ၂၁**

ကျန်းမာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်ခိုင်ဝင်းသည် အာဆီယံ အတွင်းရေးမှူးချုပ် H.E. Dato Lim Jock Hoi ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ကျန်းမာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ ၌ လက်ခံတွေ့ဆုံသည်။(ယာပုံ)



တွေ့ဆုံစဉ် COVID-19 ASEAN Response Fund မှ မြန်မာနိုင်ငံသို့ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး များ ထောက်ပံ့ပေးမည့်ကိစ္စ၊ ASEAN AHA Center က မြန်မာ နိုင်ငံ ကြက်ခြေနီအသင်းမှ တစ်ဆင့် မြန်မာနိုင်ငံသို့ ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်၍ လူသားချင်း စာနာထောက်ထားမှု အကူအညီပေးနေသည့် ကိစ္စနှင့် ပထမအကြိမ်နှင့် ဒုတိယအကြိမ် ထောက်ပံ့မှုတို့တွင် လက်ခံရရှိခဲ့ သော အမေရိကန်ဒေါ်လာ ၁၁၈၈၇၄၈ တန်ဖိုးရှိ ဆေးနှင့်ဆေး ပစ္စည်း အမျိုးအစား ၅၀ ကျော် အား ၂၀၂၁ ခုနှစ် နိုဝင်ဘာလမှ စတင်၍ ဆေးရုံ ၅၈ ရုံနှင့် တိုင်း ဒေသကြီးနှင့် ပြည်နယ်ကျန်းမာ ရေးဦးစီးဌာန ၁၇ ခုသို့ လိုအပ် ချက်နှင့် ကိုက်ညီစွာ ဖြန့်ဝေပေး ခဲ့မှု၊ တတိယအကြိမ် ထောက်ပံ့မှု အတွက် ပူးပေါင်းဆောင်ရွက်သွား ရမည့်အခြေအနေများ၊ မြန်မာ နိုင်ငံတွင် လက်ရှိဆောင်ရွက်နေ သည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ နှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ် ဆေးထိုးလုပ်ငန်းများ၊ ဝန်ကြီး ဌာနမှ ဆောင်ရွက်လျက်ရှိသည့် ကိစ္စ၊ ဝန်ကြီးဌာနနှင့် အာဆီယံ အတွင်းရေးမှူးချုပ်ရုံးတို့အကြား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထောက်ပံ့ရေးနှင့် ပတ်သက်၍ ဆက်လက် ပူးပေါင်းဆောင်ရွက် သွားမည့် ကိစ္စရပ်များကို ရင်းနှီး ခင်မင်စွာ အမြင်ချင်းဖလှယ်ဆွေး နွေးခဲ့ကြပြီး စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

တွေ့ဆုံပွဲသို့ ကျန်းမာရေး ဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ် များနှင့် တာဝန်ရှိသူများ၊ အာဆီယံအတွင်း ရေးမှူးချုပ်ရုံးမှ အာဆီယံဒုတိယ အတွင်းရေးမှူးချုပ်နှင့် အဆင့်မြင့် အရာရှိကြီးများ၊ ASEAN AHA Center မှ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ခဲ့ကြကြောင်း သိရ သည်။

**သတင်းစဉ်**

# တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော် မတ် ၂၁**

တိုင်းဒေသကြီးနှင့် ပြည်နယ် အသီးသီးတို့၌ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များ၊ ဘာသာရေး ခေါင်းဆောင်များ အပါအဝင် လူမျိုးမရွေး ဘာသာ



မရွေး အသက် ၄၀ အထက် ဒေသခံပြည်သူများ၊ အကျဉ်းသား အကျဉ်းသူများ၊ မသန်စွမ်းသူများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ များ၊ နာတာရှည်ရောဂါ အခံရှိ သူများ၊ ကယ်ဆယ်ရေးစခန်းများ၊ ယာယီ တိုက်ပွဲရှောင်စခန်းများ အတွင်းရှိ ပြည်သူများ၊ အသက် ၁၂ နှစ်အထက် အခြေခံပညာ အလယ်တန်းနှင့် အထက်တန်း အဆင့် ကျောင်းသား ကျောင်းသူ များ စသည့် ဦးတည်အုပ်စုများ သတ်မှတ်၍ တပ်မတော်မှ ဆေးအဖွဲ့များ၊ ပြည်သူ့ဆေးရုံများ မှ ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေး ဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများက ကာကွယ် ဆေးထိုးခြင်း လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ မတ် ၂၀ ရက်နှင့် ယနေ့တွင် ရှမ်းပြည်နယ်မြောက်ပိုင်းအတွင်း ရှိ မြို့နယ် ၁၁ မြို့နယ်တို့၌ ဒေသခံပြည်သူ ၃၉၆၆ ဦး၊ မွန် ပြည်နယ်နှင့် ကရင်ပြည်နယ် အတွင်းရှိ မြို့နယ်ခြောက်မြို့နယ် တို့၌ ဒေသခံပြည်သူ ၄၃၇၆ ဦး၊ ရန်ကုန်တိုင်းဒေသကြီး ရန်ကင်း မြို့နယ်နှင့် တာမွေမြို့နယ်တို့၌ ဒေသခံပြည်သူ ၆၁၅ ဦး၊ ရောဝတီ တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်၌ ဒေသခံပြည်သူ ၁၄၁၉၇ ဦး၊ ရခိုင်ပြည်နယ် အတွင်းရှိ မြို့နယ် ၁၀ မြို့နယ် တို့၌ ဒေသခံပြည်သူ ၉၀၄၀ ၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်ခုနစ်ခုတို့မှ ဒေသခံပြည်သူ ၄၁၅၁၆ ဦးနှင့် ပဲခူးတိုင်းဒေသကြီး ထန်းတပင်မြို့နယ်နှင့် ပဲခူးမြို့နယ် တို့၌ ဒေသခံပြည်သူ ၁၈၃ ဦး တို့ကို တပ်မတော်မှ ဆေးအဖွဲ့ များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေး ဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း ၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးသည်။

ထို့အတူ ကျောင်းသား ကျောင်းသူများကိုလည်း ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိရာ မတ် ၂၀ ရက် နှင့် ယနေ့တို့တွင် ရှမ်းပြည်နယ် မြောက်ပိုင်း မူဆယ်မြို့၌ ကျောင်းသား ကျောင်းသူများကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေး ဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်း များနှင့် ပူးပေါင်း၍ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေး သည်။

ထိုသို့ ဆောင်ရွက်ပေး နေမှုများကို သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ် များ မှ တာဝန်ရှိသူများက သွား ရောက်ကြည့်ရှုအားပေးပြီး လိုအပ် သည်များ ညှိနှိုင်းဆောင်ရွက် ပေးခဲ့ကြကြောင်း သတင်းရရှိ သည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင် အာဆီယံအတွင်းရေးမှူးချုပ် မစ္စတာ ဒါတိုလင်ကျောက်ဟွိုင်နှင့်အဖွဲ့အား လက်ခံတွေ့ဆုံ မြန်မာနိုင်ငံသို့ လူသားချင်းစာနာမှု အကူအညီပေးရေးအတွက် ရန်ပုံငွေစုစည်းမှုကိစ္စရပ်များကို ဆွေးနွေး




နေပြည်တော် မတ် ၂၁

**အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ဒုတိယဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်သည် ဒုတိယဝန်ကြီး ဦးအောင်ထွန်းခိုင်နှင့်အတူ ယနေ့နံနက် ၁၀ နာရီတွင် အရေးပေါ်အခြေအနေ စီမံခန့်ခွဲမှုဗဟိုဌာန (EOC)၌ Online ပုံစံဖြင့်ပြုလုပ်သည့် ဘင်္ဂလားပင်လယ်အော်အတွင်း ဖြစ်ပေါ်နေသည့် မုန်တိုင်းငယ်နှင့်စပ်လျဉ်း၍ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုများအပေါ် ညှိနှိုင်းပေါင်းစပ်ပေးခြင်းအစီအစဉ်တွင် တက်ရောက်သည်။**

### ကြိုတင်စီမံဆောင်ရွက်ရန်

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက မိမိတို့အနေဖြင့် လက်ရှိဖြစ်ပေါ်နေသော မုန်တိုင်းငယ်လေဖိအားနည်း ရပ်ဝန်းစတင်ဖြစ်ပေါ်ချိန်မှစ၍ မပြတ်စောင့်ကြပ်လျက်ရှိရာ လေတိုက်နှုန်းမှာ ပိုမိုအားကောင်းလာသည်ကိုတွေ့ပါကြောင်း၊ မိမိတို့အနေဖြင့် သဘာဝဘေးအန္တရာယ်ကို တားဆီး၍မရသော်လည်း လိုအပ်သော ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ထားခြင်းဖြင့် ထိခိုက်ပျက်စီးမှုအနည်းဆုံး ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း၊ တိုင်းဒေသကြီးနှင့်ပြည်နယ် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီများ အနေဖြင့်လည်း အရေးပေါ်အစည်းအဝေးခေါ်ယူကာ ကြိုတင်ပြင်ဆင်ရေးဆောင်ရွက်နေသည်ကို သိရှိပါကြောင်း၊ မိမိတို့ဝန်ကြီးဌာနအနေဖြင့် သက်ဆိုင်ရာလုပ်ငန်းကော်မတီများအလိုက် ကြိုတင်ပြင်ဆင်မှုများအပြင် ပရဟိတလူမှုကူညီရေး အဖွဲ့များကိုလည်း ပူးပေါင်းပါဝင် ကူညီနိုင်ရေး အသိပေး နှိုးဆော်ထားစေလိုပါကြောင်း၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲ့မှုဦးစီးဌာန သိုလှောင်ရုံများတွင် ကယ်ဆယ်ရေးပစ္စည်းများကို သိုလှောင်ထားရှိပြီးဖြစ်သော်လည်း လိုအပ်လာနိုင်သည့် ဆန်၊ ခေါက်ဆွဲခြောက်၊ ကြက်ဥ၊ ငါးသေတ္တာ၊ ရေသန့်နှင့် ရေသန့်စင် ဆေးပြားများ အလွယ်တကူ ရရှိနိုင်ရေး ကြိုတင်စီမံထားရမည်ဖြစ်ပါကြောင်း၊ လက်ရှိခန့်မှန်းချက်များအရ မုန်တိုင်းဝင်ရောက်လာနိုင်သော လမ်းကြောင်းများဖြစ်သည့် ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ရခိုင်ပြည်နယ် တောင်ပိုင်းတို့ရှိ သက်ရောက်မှုရှိနိုင်သော မြို့ရွာများရှိ အိမ်ထောင်စု၊ လူဦးရေစာရင်းကိုပြုစု၍ အရေးပေါ်လိုအပ်ချက်များ ပံ့ပိုးပေးနိုင်ရေး၊ ကြိုတင် စီမံဆောင်ရွက်ထားရှိရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးက သိုလှောင်ထားရှိသော ကယ်ဆယ်ရေးပစ္စည်းများ ပျက်စီးမှုမရှိစေရေး ဂရုပြုစီမံဆောင်ရွက်ရန်လိုအပ်ပါကြောင်း၊ တာဝန်ခွဲဝေမှုများကို စနစ်တကျစီစဉ်ဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ပစ္စည်းများ ပို့ဆောင်မည့် လူ၊ ယာဉ်၊ ယန္တရားလိုအပ်ချက်များ ကြိုတင်ပြင်ဆင်ထားရှိရန် လိုအပ်ပါကြောင်း မှာကြားသည်။

### စားရေရိက္ခာထောက်ပံ့ရေး

ယင်းနောက် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဦးစီးဌာန သက်ဆိုင်ရာ ရခိုင်ပြည်နယ်ဦးစီးမှူး၊ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးနှင့် ဧရာဝတီတိုင်းဒေသကြီး ဦးစီးမှူးတို့က မုန်တိုင်းငယ်နှင့် ပတ်သက်၍ ဒေသအလိုက် ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရှိမှု၊ ကယ်ဆယ်ရေးပစ္စည်းများ စုပုံထားရှိမှု၊ သက်ဆိုင်ရာ အစိုးရအဖွဲ့များ၊ ဒေသအာဏာပိုင်များ၊ သဘာဝဘေး စီမံခန့်ခွဲမှုအဖွဲ့များနှင့် ချိတ်ဆက်ဆောင်ရွက်ထားမှုတို့ကို ရှင်းလင်းတင်ပြ၍ မုန်တိုင်းကြောင့် ပြည်သူများ ယာယီ ရွှေ့ပြောင်းပါက ခိုလှုံရန်မုန်တိုင်းဒဏ်ခံ အဆောက်အအုံများ အခြေအနေ၊ မုန်တိုင်းဒဏ်ခံအဆောက်အအုံများ မရှိသည့်ဒေသ၌ ဘုန်းကြီးကျောင်းနှင့် ဓမ္မာရုံများ အသုံးပြုနိုင်ရေး အရန်စီစဉ်ထားရှိမှုနှင့် လိုအပ်ပါက ရွက်ဖျင်တဲများ အသင့်ထောက်ပံ့နိုင်ရေး စီစဉ်ထားရှိမှု အခြေအနေအပါအဝင် စားရေရိက္ခာတို့အား ဒေသတွင်း သက်ဆိုင်ရာ ဆန်ကုန်သည် အသင်းကြီးများနှင့် ချိတ်ဆက်၍ ထောက်ပံ့နိုင်ရေး ပြင်ဆင် ဆောင်ရွက်ထားရှိမှုကို ရှင်းလင်းတင်ပြမှုအပေါ် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် အမြဲတမ်းအတွင်းဝန်တို့က လိုအပ်သည်များ မှာကြားပြီး အဆိုပါ လိုအပ်ချက်များအပေါ် ဖြည့်စွက်ပေးရမည့် အခြေအနေတို့အား သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ် ဦးစီးမှူးများနှင့် အသေးစိတ် ဆွေးနွေးမှာကြားသည်။

### သတင်းအချက်အလက်မျှဝေ

ဆက်လက်၍အစည်းအဝေး၌ အရေးပေါ်အခြေအနေစီမံခန့်ခွဲမှု ဗဟိုဌာန(EOC)မှ တာဝန်ရှိသူ တစ်ဦးက မုန်တိုင်းငယ်နှင့် ပတ်သက်၍ မိုးလေဝသနှင့် ဇလဗေဒဦးစီးဌာနမှ နောက်ဆုံး ရရှိသည့် သတင်းအချက်အလက်များအား မျှဝေခဲ့ပြီး အခြားတိုင်းဒေသကြီး/ ပြည်နယ် ဦးစီးမှူးများက မုန်တိုင်းငယ်အရှိန်ကြောင့် ၎င်းတို့ဒေသအတွင်း မိုးရွာသွန်းမှုတို့ကို ရှင်းလင်းတင်ပြကြသည်။ အဆိုပါ တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က လိုအပ်လာနိုင်သည့် စက်သုံးဆီနှင့် သယ်ယူပို့ဆောင်ရေး ကုန်ကျစရိတ်များနှင့် ပတ်သက်၍ ဆောင်ရွက်ပေးနိုင်မည့် အခြေအနေများအား ဖြည့်စွက်မှာကြားသည်။

### လာရောက်တွေ့ဆုံ

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်သက်ခိုင်အား အာဆီယံအတွင်းရေးမှူးချုပ် မစ္စတာ ဒါတိုလင်ကျောက်ဟွိုင်နှင့် အဖွဲ့က ယနေ့ညနေပိုင်းတွင် အဆိုပါ ဝန်ကြီးရုံး အစည်းအဝေး ခန်းမ၌ လာရောက် တွေ့ဆုံသည်။(**အပေါ်ပုံ**)

### အကူအညီပေးရေး

တွေ့ဆုံစဉ်တွင် ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကော်မတီ၊ လုပ်ငန်းကော်မတီများ ဖွဲ့စည်းဆောင်ရွက်နေမှု၊ ရခိုင်ပြည်နယ် ပြန်လည်လက်ခံရေး လုပ်ငန်းစဉ်တွင် အာဆီယံ၏ပူးပေါင်း ဆောင်ရွက်မှုဖြင့် ဆောင်ရွက်နေသောစီမံကိန်း ခုနစ်ခု၏ ဆောင်ရွက်ပြီးစီးမှုနှင့် ညှိနှိုင်းဆဲအခြေအနေများ၊ စတုတ္ထအကြိမ်မြောက် အဆင့်မြင့်အရာရှိများ ညှိနှိုင်းအစည်းအဝေးကျင်းပနိုင်ရေးကိစ္စ၊ သဘာဝဘေးသာမက ပြန်လည်လက်ခံရေး လုပ်ငန်းစဉ်များတွင် အစိုးရဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းအစီအစဉ်ကိစ္စရပ်များနှင့် ၂၀၂၁ ခုနှစ် ဧပြီလက ကျင်းပခဲ့သော အာဆီယံခေါင်းဆောင်များ အထူးအစည်းအဝေးက ချမှတ်ခဲ့သော တူညီဆန္ဒ (၅)ချက်အနက် စတုတ္ထအချက်ဖြစ်သည့် မြန်မာနိုင်ငံသို့ အာဆီယံကတစ်ဆင့် လူသားချင်းစာနာမှု အကူအညီပေးနိုင်ရေးအတွက် အာဆီယံနှင့်ပူးပေါင်း၍ လိုအပ်ချက် ဆန်းစစ်ရေး လုပ်ငန်းများ၊ မြန်မာနိုင်ငံသို့ လူသားချင်းစာနာမှု အကူအညီပေးရေးအတွက် ရန်ပုံငွေစုစည်းမှုကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

# ပြင်စလူမြို့၌ မုန်တိုင်းကျရောက်လာပါက မုန်တိုင်းအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရန် ဆိုင်ကလုန်းရှယ်တာနှင့် စုရပ်နေရာများသို့ ပြောင်းရွှေ့ပေးလျက်ရှိ

ပြင်စလူ မတ် ၂၁

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင် ပြင်စလူမြို့၌ မုန်တိုင်းကျရောက်လာပါက မုန်တိုင်းအန္တရာယ်ကြိုတင် ကာကွယ်နိုင်ရန်အတွက် ယနေ့နံနက်၁၁ နာရီက ဆိုင်ကလုန်းရှယ်တာနှင့် စုရပ်နေရာများသို့ ပြောင်းရွှေ့ပေးလျက်ရှိကြောင်း သိရသည်။

ထို့သို့ ဆောင်ရွက်ရာတွင် အမှတ်(၁)ရပ်ကွက် အထက်တန်းကျောင်းရှယ်တာနှင့် ဘကဘုန်းကြီးကျောင်း၊ အမှတ်(၂) ရပ်ကွက် ဆေးရုံ၊ အမှတ် (၃) ဘုန်းကြီးကျောင်းစသည့် စုရပ်လေးနေရာခွဲ၍ ဆောင်ရွက်ထားရှိပြီး အဆိုပါနေရာများသို့ သက်ကြီးဘိုးဘွားများ၊ မသန်စွမ်းသူများ၊ ကိုယ်ဝန်ဆောင်များနှင့် ကလေးသူငယ်များအား ပို့ဆောင်ပေးလျက်ရှိသည်။

ထို့ပြင် ပြင်စလူမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့၊ ဌာနဆိုင်ရာများ၊ ရပ်ကွက်/ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ရပ်မိရပ်ဖများက သောက်သုံးရေများ ပြတ်လပ်မှုမရှိစေရန် ရေကန်များအတွင်းရေများ ဖြည့်တင်းထားရှိခြင်း၊ ဆန် ၅၅ အိတ်ကိုလည်း သတ်မှတ်စုရပ်များဆီသို့ ခွဲဝေထားရှိခြင်းနှင့် ရှာဖွေကယ်ဆယ်ရေး တပ်ဖွဲ့ဝင်အနေဖြင့် မြို့အတွင်း ဖြစ်ပေါ်တတ်သည့် ဘေးအန္တရာယ်များနှင့် မြို့အတွင်း ဖြစ်ပေါ်လာနိုင်သည့် မိုးလေဝသ အခြေအနေများကို ပြည်သူများထံသို့ အချိန်မီ အသိပေးပြန်ကြားပြီး သဘာဝဘေးအန္တရာယ်များ ဖြစ်ပွားလာပါက လျင်မြန်စွာ တုံ့ပြန်နိုင်ရေးနှင့် အရေးပေါ်ရှာဖွေ ကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်နိုင်ရေး အတွက် ရှာဖွေကယ်ဆယ်ရေး ပစ္စည်းများ အသင့်စုဆောင်းထား ရှိကြောင်း သိရသည်။



ယောရောမြို့(ပြန်/ဆက်)

# ပုဏ္ဏားကျွန်းမြို့၌ မုန်တိုင်းအန္တရာယ် သတိပေးချက်များအား လှည့်လည်ကြေညာ

ပုဏ္ဏားကျွန်း မတ် ၂၁

ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မီးသတ်ဦးစီးဌာနတို့ပူးပေါင်း၍ မုန်တိုင်းအန္တရာယ်သတိပေးချက်များအား လှည့်လည်ကြေညာခြင်းကို ယနေ့ညနေပိုင်းက မြို့ပေါ်ရပ်ကွက်အတွင်း လှည့်လည်ကြေညာသည်။

ထိုသို့ သတိပေးကြေညာရာတွင် မတ် ၂၀ ရက် မိုးလေဝသတိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့် ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းတွင် ဖြစ်ပေါ်အားကောင်းနေသည့် လေဖိအားနည်းရပ်ဝန်းသည် ပိုမိုအားကောင်းလာကာ ဆိုင်ကလုန်းမုန်တိုင်းအဖြစ်သို့ ရောက်ရှိလာနိုင်သည်ဟု ခန့်မှန်းထားရှိသည်။ သို့ဖြစ်ပါ၍ မတ် ၂၂ ရက် ညနေပိုင်းတွင် ရခိုင်ကမ်းရိုးတန်းသို့ ရောက်ရှိလာနိုင်သည်ဟု မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ထုတ်ပြန်ချက်များအား မြို့ပေါ်ရပ်ကွက်အတွင်းသို့ လှည့်လည်ကြေညာခဲ့ကြောင်း သိရသည်။

နီထွန်းအောင်(ပြန်/ဆက်)

**ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ပါ**

# ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ ကုန်ပစ္စည်းတင်သင်္ဘောနှင့် ကူးတို့ရေယာဉ်တို့ တိုက်မိပြီး ခြောက်ဦးထက်မနည်း သေဆုံး

**ဒါကာ မတ် ၂၁**

ဘင်္ဂလားဒေ့ရှ်မြို့တော် ဒါကာမြို့အပြင်ဘက်ရှိ နာရာယန်းဂန်ဂျ်ခရိုင်ရှိ မြစ်တစ်စင်းအတွင်း ကူးတို့ရေယာဉ်နှင့် ကုန်တင်သင်္ဘောတို့ မတ် ၂၀ ရက်က တိုက်မိပြီး လူခြောက်ဦးထက် မနည်း သေဆုံးခဲ့သည်ဟု အဆင့်မြင့်အရာရှိတစ်ဦးက ပြောသည်။

သေဆုံးသူခြောက်ဦးထဲတွင် အမျိုးသမီး သုံးဦး၊ ကလေးနှစ်ဦးနှင့် အမျိုးသားတစ်ဦး တို့ ပါဝင်သည်။ ကူးတို့ရေယာဉ်တွင် ခရီးသည် ၂၅ ဦးမှ ၃၀ အထိပါဝင်ပြီး မတ် ၂၁ ရက် ဒေသစံတော်ချိန် မွန်းလွဲပိုင်း ၂ နာရီ ၁၅ မိနစ်တွင် အခင်းဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ လူတစ်ဦးမှာ ပျောက်ဆုံးနေဆဲဖြစ်ကြောင်း နာရာယန်းဂန်ဂျ်ခရိုင် ရဲဌာနအကြီးအကဲဖြစ်သူ ဂျာယီဒူလ် အလမ်ကပြောသည်။

ဒေသတွင်း မီဒီယာများတွင်မူ ပျောက်ဆုံးနေသည့်ဦးရေမှာ များပြားပြီး သေဆုံးသူ ဦးရေမှာ ထပ်တိုးလာနိုင်ခြေရှိသည်ဟု ဖော်ပြကြသည်။ ရှာဖွေရေးနှင့် ကယ်ဆယ်ရေး လုပ်ငန်းများမှာ လုပ်ဆောင်နေဆဲဖြစ်သည်။ ဘင်္ဂလားဒေ့ရှ်ရေကြောင်း ရဲအရာရှိများက ကုန်တင်သင်္ဘောကို သိမ်းဆည်းခဲ့သည်။ ထို့ပြင် သင်္ဘောအမှုထမ်းများကိုပါ ထိန်းသိမ်း ထားခဲ့သည်။

ဆင်ဟွာ



ပျောက်ဆုံးနေသည့် ဆွေမျိုးများကို လာရောက်ရှာဖွေကြသူများနှင့် ကူးတို့ရေယာဉ်နစ်မြုပ်မှုကို လာရောက်ကြည့်ရှုကြသူများကို တွေ့ရစဉ်။

# ဗီယက်နမ်နိုင်ငံ၌ ကိုဗစ် - ၁၉ နောက်ထပ်ကူးစက်ခံရသူ ၁၄၁၁၅၁ ဦး ထပ်မံတွေ့ရှိ

**ဟန္နိုင်း မတ် ၂၁**

ဗီယက်နမ်နိုင်ငံ၌ မတ် ၂၀ ရက်က ကိုဗစ် – ၁၉ နောက်ထပ်ကူးစက်ခံ ရသူ ၁၄၁၁၅၁ ဦး ထပ်မံတွေ့ရှိခဲ့ပြီး မတ် ၁၉ ရက်နှင့် နှိုင်းယှဉ်လျှင် ၉၄၆၇ ဦး လျော့ကျသွားကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ ပြော ကြားချက်အရ သိရသည်။

နောက်ထပ် ကူးစက်ခံရသူ များမှာ ဒေသပေါင်း ၆၂ ခုမှ ကူးစက်ခံရသူများ ဖြစ်သည်။ ပြည်တွင်း ကူးစက်ခံရသူ ၁၄၁၁၄၉ ဦးရှိပြီး ပြည်ပမှ ကူးစက်ခံလာရသူဦးရေမှာ နှစ်ဦး ရှိသည်။ ဗီယက်နမ်နိုင်ငံ မြို့တော် ဟန္နိုင်းမှာ ကပ်ရောဂါ ကူးစက်ခံရမှု၏ ဗဟိုချက်မ နေရာဖြစ်နေဆဲဖြစ်ပြီး မတ် ၂၀ ရက်တွင် ဟန္နိုင်းမြို့၌ နောက်ထပ် ကူးစက်ခံရသူ ၁၉၀၆၅ ဦး ထပ်မံ တွေ့ရှိခဲ့သည်။

၎င်းနိုင်ငံ၌ ကိုဗစ် – ၁၉ ကာကွယ်ဆေးအလုံးရေ ၂၀၁ ဒသမ ၇ သန်းကိုလည်း ထိုးပေးပြီး ဖြစ်သည်။ ဗီယက်နမ်နိုင်ငံသည် ကိုဗစ် – ၁၉ စတုတ္ထမြောက်လှိုင်းနှင့် ရင်ဆိုင်နေရခြင်းဖြစ်သည်။ ကပ်ရောဂါ စတင်ဖြစ်ပွားသည့် အချိန်မှစတင်ကာ ဗီယက်နမ်နိုင်ငံ တစ်လွှား ဒေသတွင်းကူးစက်ခံရသူ ၇ ဒသမ ၉၅ သန်း ရှိပြီဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောသည်။

ဆင်ဟွာ

# လူ ၁၃၂ ဦး လိုက်ပါလာသည့် ခရီးသည်တင်လေယာဉ် တရုတ်တောင်ပိုင်းတွင် ပျက်ကျ

**နန်နင်း မတ် ၂၁**

ခရီးသည် ၁၃၂ ဦး လိုက်ပါစီးနင်း လာသည့်ခရီးသည်တင်လေယာဉ် တစ်စင်းသည် တရုတ်နိုင်ငံ တောင်ပိုင်း ကွမ်ရှီးကျွမ့်ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသတွင် မတ် ၂၁ ရက်က ပျက်ကျခဲ့ကြောင်း ဒေသတွင်း အရေးပေါ်စီမံခန့်ခွဲမှု ဌာနက ပြောကြားလိုက် သည်။

လေယာဉ် ပျက်ကျမှုတွင် သေဆုံးသွားသူများ အတွက် ဝမ်းနည်း ကြေကွဲမိကြောင်း တရုတ်နိုင်ငံ အရှေ့ပိုင်း လေကြောင်းလိုင်းက ဖော်ပြ ခဲ့သော်လည်း လူဘယ်နှဦး သေဆုံး သွားခဲ့သလဲဆိုသည့် အပေါ် အတိအကျ ဖော်ပြခြင်း မရှိသေးပေ။

တရုတ်နိုင်ငံအရှေ့ပိုင်း လေ ကြောင်းလိုင်းပိုင် ဘိုးရင်း ၇၃၇ လေယာဉ်သည် ကူမင်းမှ ကွမ်ကျို့သို့ ဦးတည်ပျံသန်းနေစဉ် ဒေသစံတော်ချိန် ၂ နာရီ ၃၈ မိနစ် တွင် ဝူကျို့မြို့ တန်ကျန်းစီရင်စု မိုလန်ကျေးရွာအနီး တောင်ကုန်း ထူထပ်ရာနေရာသို့ ပျက်ကျသွား ခဲ့ပြီး တောမီးလောင်ကျွမ်းမှု ဖြစ်ပွားခဲ့ကြောင်း ဒေသတွင်း အရေးပေါ် စီမံခန့်ခွဲမှုဌာနက ပြောကြားသည်။

လေယာဉ်အမှတ် အမ်ယူ ၅၇၃၅ တွင် လိုက်ပါလာသူ ၁၃၂ ဦးအနက် ၁၂၃ ဦးမှာ ခရီးသည် များဖြစ်ကာ ကိုးဦးမှာ လေယာဉ် အမှုထမ်းများ ဖြစ်ကြောင်း တရုတ်နိုင်ငံ လေကြောင်း အုပ်ချုပ်ရေး အာဏာပိုင်အဖွဲ့က ၎င်း၏ဝက်ဘ်ဆိုက်တွင် ဖော်ပြ ထားသည်။ ထို့အပြင် အရေးပေါ်တုံ့ပြန် ဆောင်ရွက်ရေး လုပ်ငန်းစဉ်များကို လုပ်ဆောင် လျက်ရှိပြီး လေယာဉ်ပျက်ကျရာ နေရာသို့ ကယ်ဆယ်ရေးအဖွဲ့များ စေလွှတ်ထားကြောင်း ဆက် လက်ဖော်ပြထားသည်။

မီးများကို ငြိမ်းသတ်နိုင်ခဲ့ပြီး ကယ်ဆယ်ရေး လုပ်ငန်းများ ဆက်လက် လုပ်ဆောင်လျက်ရှိ ကြောင်း ဒေသတွင်း အရေးပေါ် စီမံခန့်ခွဲမှုဌာန အရာရှိတစ်ဦး ဖြစ်သူ ချိန်ဂျီက ပြောကြားလိုက် သည်။

ဝူကျို့ မီးသတ်ဌာနက မီးသတ်သမား ၁၁၇ ဦးနှင့်အတူ မီးသတ်ကား ၂၃ စီးကို အခင်း ဖြစ်ပွားရာနေရာသို့ စေလွှတ်ခဲ့ သည်။ ထို့အပြင် ကွမ်ရှီးမှ တခြား မီးသတ်သမားပေါင်း ၅၃၈ ဦး ကိုလည်း ကယ်ဆယ်ရေးလုပ်ငန်း များ ကူညီလုပ်ဆောင်ရန် စေလွှတ်ထားကြောင်း ဒေသ တွင်း အရေးပေါ်စီမံခန့်ခွဲမှုဌာနက ဝီဘိုအကောင့်တွင် ပြောကြား ထားသည်။

ထို့အပြင် ကွမ်တုံပြည်နယ် မှ မီးသတ်သမား ၅၀၅ ဦးနှင့် မီးသတ်ယာဉ် ၉၇ စင်းကိုလည်း ကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်ရန် စေလွှတ်ထားရာ ပထမအသုတ်မှာ အခင်းဖြစ်ပွား ရာနေရာသို့ ရောက်ရှိပြီးဖြစ် သည်။

ကွမ်ရှီးဒေသ ကျန်းမာရေး ကော်မရှင်က ဆေးဘက်ဆိုင်ရာ ကျွမ်းကျင်သူ ၁၂ ဦးကို အခင်းဖြစ် ပွားရာနေရာသို့ ပို့ဆောင်ခဲ့သည်။ ထို့အတူတခြားဆေးဘက်ဆိုင်ရာ အလုပ်သမား ၈၀ နှင့် လူနာ တင်ယာဉ် ၃၆ စင်းကိုလည်း ဝူကျို့ ကျန်းမာရေးအာဏာပိုင် များက စေလွှတ်ခဲ့ရာ အဆိုပါအဖွဲ့ များမှာလည်း အခင်းဖြစ်ရာ နေရာသို့ ရောက်ရှိနေပြီဖြစ်သည်။

လေယာဉ် ပျက်ကျရသည့် အကြောင်းရင်းကို အသေးစိတ် စုံစမ်းစစ်ဆေး သွားမည်ဖြစ် ကြောင်းနှင့် လေယာဉ်ပျက်ကျမှု ဖြစ်ပြီးနောက် ကနဦးအရေးပေါ် တုံ့ပြန်ရေး ဆောင်ရွက်ချက်များ ကို ဆောင်ရွက်လျက်ရှိကြောင်း တရုတ် အရှေ့ပိုင်းလေကြောင်း လိုင်းက ပြောသည်။ **ဆင်ဟွာ**



တရုတ်နိုင်ငံအရှေ့ပိုင်းလေကြောင်းလိုင်း လေယာဉ်ပျက်ကျသည့်နေရာကို တွေ့ရစဉ်။

# အိန္ဒိယနိုင်ငံ ဘီဟာပြည်နယ်၌ အရက်တုသောက်သုံးမှုကြောင့် ၁၇ ဦးသေဆုံး

**နယူးဒေလီ မတ် ၂၁**

အိန္ဒိယနိုင်ငံ အရှေ့ပိုင်းဘီဟာပြည်နယ်တွင် အရက်တုသောက်သုံး မှုကြောင့် ၁၇ ဦးထက်မနည်း သေဆုံးခဲ့ရသည်ဟု ပြည်တွင်းရုပ်သံ ချန်နယ် နယူးစ် ၁၈ က မတ် ၂၀ ရက်တွင် ဖော်ပြခဲ့သည်။

အဆိုပါချန်နယ်တွင် ဖော်ပြချက်အရ သေဆုံးသူများမှ ခရိုင် လေးခုမှဖြစ်ပြီး မက်ဒ်ဟီပူရာ၊ ဘာဂလာပေါ၊ ဘန်ဂါနှင့် မက်လီဂန့်ရှ် ခရိုင်တို့မှ ဖြစ်ကြသည်။

လွန်ခဲ့သည့် သီတင်းပတ်အတွင်းကလည်း ခရိုင်နှစ်ခုမှ လူပေါင်း ၁၆ ဦးမှာလည်း အရက်တုသောက်သုံးမှုကြောင့် သေဆုံး ခဲ့ရသည်။ ဘီဟာပြည်နယ်သည် ခြောက်သွေ့သည့် ပြည်နယ်ဖြစ်ပြီး ၂၀၁၆ ခုနှစ်မှစတင်ကာ အရက်သောက်သုံးမှုနှင့် ရောင်းချမှုတို့ကို ပိတ်ပင်ထားခဲ့သည်။

ယခုသေဆုံးမှုများမှာ အရက်တုသောက်သုံးမှုကြောင့်ဟု ယူဆ ရပြီး နောက်ကွယ်တွင် အမှန်တကယ်အကြောင်းပြချက်ရှိနိုင်သေး သည်ဟုလည်း အာဏာပိုင်များကပြောသည်။ အရက်တုနှင့်အရက် ပြင်းများ သောက်သုံးမှုကြောင့် သေဆုံးမှုများမှာ အိန္ဒိယနိုင်ငံတွင် ဖြစ်လေ့ဖြစ်ထရှိပြီး ဈေးပေါသည့် ပြည်တွင်းထုတ် အရက်ပုန်းများ ကို သောက်သုံးမှုကြောင့် သေဆုံးမှုများလည်းရှိသည်။

ဆင်ဟွာ

# ဂျပန်နိုင်ငံရှိ ဆူဇူကီးကုမ္ပဏီမှ လျှပ်စစ်ကားများနှင့် ဘက်ထရီများကို အိန္ဒိယတွင် ရင်းနှီးမြှုပ်နှံထုတ်လုပ်မည်

**မွမ်ဘိုင်း မတ် ၂၁**

ဂျပန်နိုင်ငံ၏ ဆူဇူကီးကားကုမ္ပဏီသည် အိန္ဒိယနိုင်ငံနောက်ပိုင်း ဂူဂျာရက်ပြည်နယ်တွင် လျှပ်စစ်ကားများနှင့် ဘက်ထရီများ ထုတ်လုပ်ရန်အတွက် ခန့်မှန်းခြေအားဖြင့် အမေရိကန်ဒေါ်လာ ၁ ဒသမ ၃၇ ဘီလီယံကိုရင်းနှီးမြှုပ်နှံသွားမည်ဖြစ်ကြောင်း သိရ သည်။

နားလည်မှုစာချွန်လွှာအရ ဆူဇူကီး မော်တာကော်ပိုရေးရှင်းမှ ပိုင်ဆိုင်သော ဆူဇူကီးမော်တာ ဂူဂျာရက်ပီဗွီတီကုမ္ပဏီသည် ၂၀၂၆ ခုနှစ်တွင် ဘတ်ထရီစက်ရုံတည်ဆောက် ရန်အတွက် ဒေါ်လာ ၉၆၁ သန်း သုံးစွဲမည် ဖြစ်သည်။

နောက်ထပ် ၄၀၈ သန်းကို ၂၀၂၅ ခုနှစ်တွင် လျှပ်စစ်ကားများ ထုတ်လုပ်ရန်အတွက် သုံးစွဲမည်ဖြစ်သည်။ ထို့ပြင် ဆူဇူကီးအုပ်စု၏ နောက်ထပ်ကုမ္ပဏီတစ်ခုဖြစ်သော ဆူဇူကီး တိုယိုဆု အိန္ဒိယ ပီဗွီတီကုမ္ပဏီသည်လည်း အမေရိကန်ဒေါ်လာခြောက်သန်းကို ၂၀၂၅ ခုနှစ်တွင် မော်တော်ယာဉ်ပြုပြင်ရေးစက်ရုံ တည်ဆောက်ရေး အတွက် အသုံးပြုမည်ဖြစ်ကြောင်း သိရသည်။

ဆင်ဟွာ

# မတ် ၂၁ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၂၉၈ ဦးတွေ့ရှိ

## ထပ်မံသေဆုံးသူ မရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း ၁၉၄၂၅ ဦးရှိ

(၂၁-၃-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၂၀-၃-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၁-၃-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၁၆,၃၁၅) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၂၉၈) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၁.၈၃) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း(၇,၅၁၆,၈၃၈) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၀၉,၂၈၈) ဦး ရှိပြီ ဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၄၉၆) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၅၆၅,၁၅၆) ဦး ဆေးရုံမှဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ မရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၂၅) ဦး ရှိပါသည်။

**ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ**
**(၂၁-၃-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ**

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၇၀၇) ခု | (၁၀၀) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင်GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၉၀) ခု | (၁၀) ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၁၅၃) ခု | (၂) ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၉) ခု | - |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၁,၄၂၂) ခု | (၁၇) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ဆေးရုံများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁,၆၂၁) ခု | (၂၈) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁၂,၃၁၃) ခု | (၁၄၁) ဦး |
| စုစုပေါင်း | (၁၆,၃၁၅) ခု | (၂၉၈) ဦး |

- ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ကုသရေးလုပ်ငန်းများကို ဘက်ပေါင်းစုံမှ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်လျက်ရှိရာ ရောဂါဖြစ်ပွား/သေဆုံးမှုများအား မျက်ခြည်မပြတ် လေ့လာစောင့်ကြည့်လျက်ရှိပါသည်။
- နိုင်ငံတကာတွင် သုတေသနပြုလေ့လာချက်များအရလည်း ကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှုခံယူထားခြင်းအားဖြင့် ရောဂါဝင်ရောက်ကူးစက်နိုင်မှုကို ၅ ဆ အထက်၊ ရောဂါကြောင့် ဆေးရုံတက်ရောက်ရမှုကို ၁၀ ဆ အထက်၊ ရောဂါကြောင့်သေဆုံးရမှုကို ၁၀ ဆ အထက် လျှော့ချနိုင်သည်ကို တွေ့ရှိရပါသည်။
- မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးရမှုများကို လေ့လာသုံးသပ်ကြည့်ရာတွင် ကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှုခံယူထားခြင်းဖြင့် ရောဂါကြောင့် သေဆုံးရမှုကို ၇ ဆ ခန့်အထိ လျှော့ချနိုင်သည်ကို တွေ့ရှိရပါသည်။
- သို့ဖြစ်ပါ၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ် ကုသရာတွင် ရေရှည်အတွက် အကောင်းဆုံးနည်းလမ်းမှာ ရည်မှန်းဦးတည်အုပ်စုများအားလုံး ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို အကြိမ်ပြည့် မပျက်မကွက် ထိုးနှံမှုခံယူထားခြင်းပင် ဖြစ်ပါသည်။
- ကျန်းမာရေးဝန်ကြီးဌာနသည် ကျေးလက်ဒေသနှင့် ဝေးလံခက်ခဲဒေသများတွင် နေထိုင်သည့်မိဘပြည်သူများအပါအဝင် မည်သူတစ်ဦးတစ်ယောက်မှ မကျန်ရစေဘဲ အသက် ၁၈ နှစ်နှင့်အထက် မိဘပြည်သူများနှင့် အသက် ၁၂ နှစ် မှ အသက် ၁၈ နှစ် အထိ အခြေခံပညာကျောင်းသူ/ကျောင်းသားများအပါအဝင် ဦးတည်အုပ်စုအားလုံးကို ရာနှုန်းပြည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံပေးနိုင်ရေးကို အရှိန်အဟုန်မြှင့်တင် အလေးထားဆောင်ရွက်လျက်ရှိပါ၍ ကာကွယ်ဆေးမထိုးနှံရသေးသော မိဘပြည်သူများအနေဖြင့် နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးများနှင့် ဆက်သွယ်ပြီး ဦးတည်အုပ်စုအားလုံး ရာနှုန်းပြည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံပြီးစီးရေးကို အလေးထား၍ တက်ကြွစွာ ပူးပေါင်းပါဝင်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။
- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင် အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

## ၂၁ - ၃ - ၂၀၂၂ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၈၁၄၁၀၁၀၁ | ၆၃၀၀၆၇၆၂ | ၉၉၇၉၃၃ |
| ၂။ | အိန္ဒိယ | ၄၃၀၀၉၃၉၀ | ၄၂၄၆၇၇၇၄ | ၅၁၆၅၁၆ |
| ၃။ | ဘရာဇီး | ၂၉၆၃၀၄၈၄ | ၂၈၁၈၇၃၅၃ | ၆၅၇၂၆၁ |
| ၄။ | ပြင်သစ် | ၂၄၁၃၇၁၆၀ | ၂၂၅၆၁၈၈၂ | ၁၄၀၉၃၃ |
| ၅။ | ဗြိတိန် | ၂၀၀၉၃၇၆၂ | ၁၈၅၄၁၄၄၇ | ၁၆၃၅၁၁ |
| ၆။ | ဂျာမနီ | ၁၈၆၈၃၂၈၇ | ၁၄၆၈၀၇၀၀ | ၁၂၇၄၃၂ |
| ၇။ | ရုရှား | ၁၇၆၁၁၄၀၁ | ၁၆၂၇၁၈၈၀ | ၃၆၄၉၀၁ |
| ၈။ | တူရကီ | ၁၄၆၉၃၉၁၇ | ၁၄၃၂၄၂၃၄ | ၉၇၂၆၇ |
| ၉။ | အီတလီ | ၁၃၈၆၁၇၄၃ | ၁၂၅၃၁၁၃၄ | ၁၅၇၇၈၅ |
| ၁၀။ | စပိန် | ၁၁၃၂၄၆၃၇ | ၁၀၅၇၁၂၀၃ | ၁၀၁၇၀၃ |

## ၂၁-၃-၂၀၂၂ အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| နိုင်ငံ | ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| ဗီယက်နမ် | ၈၀၈၉၇၆၁ | ၄၂၈၂၆၆၈ | ၄၁၉၄၉ |
| အင်ဒိုနီးရှား | ၅၉၆၇၁၈၂ | ၅၆၀၉၉၄၅ | ၁၅၃၈၉၂ |
| မလေးရှား | ၃၉၉၃၁၂၄ | ၃၆၈၄၆၆၅ | ၃၄၄၀၀ |
| ဖိလစ်ပိုင် | ၃၆၇၄၆၉၄ | ၃၅၇၁၃၉၇ | ၅၈၂၇၆ |
| ထိုင်း | ၃၃၇၇၄၁၀ | ၃၁၁၂၇၃၇ | ၂၄၃၃၇ |
| စင်ကာပူ | ၁၀၁၅၀၁၇ | ၉၈၀၆၀၅ | ၁၁၉၈ |
| မြန်မာ | ၆၀၉၂၈၈ | ၅၆၅၁၅၆ | ၁၉၄၂၅ |
| လာအို | ၁၅၄၀၉၄ | ၁၅၁၁၆၅ | ၆၄၉ |
| ကမ္ဘောဒီးယား | ၁၃၅၀၈၅ | ၁၃၁၀၃၈ | ၃၀၅၂ |
| ဘရူနိုင်း | ၁၂၆၁၀၉ | ၁၁၃၆၅၄ | ၁၉၃ |



အပြင်ထွက်တိုင်း
ပါးစပ်နှင့်နှာခေါင်းစည်း(mask) ကို
စနစ်တကျ
မပျက်မကွက် တပ်ဆင်ပါ



တတ်နိုင်သမျှ
မိမိအိမ်တွင်သာ
နေပါ

# ပူးပေါင်းဆောင်ရွက်မှုမှသည် အောင်မြင်မှုမှတ်တိုင်ဆီသို့ MYANCOPHARM ကိုဗစ်-၁၉ရောဂါ ကာကွယ်ဆေး

**သုတေသီတစ်ဦး**

၂၀၁၉ ခုနှစ် ဒီဇင်ဘာလ ၃၁ ရက်နေ့တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝူဟန်မြို့၌ စတင်ဖြစ်ပွားသည့် ကိုဗစ်-၁၉ ရောဂါသည် ယခုအချိန်ထိဆိုလျှင် အချိန်ကာလအားဖြင့် နှစ်နှစ်နှင့် သုံးလ နီးပါးကြာမြင့်ပြီဖြစ်ကြောင်း တွေ့ရှိရပါသည်။ ၂၀၂၂ ခုနှစ် မတ်လ ၂၀ ရက်နေ့အထိ ကမ္ဘာပေါ်တွင် ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားသူ သန်းပေါင်း ၄၇၀ ကျော်ရှိပြီး သေဆုံးသူ ၆ ဒသမ ၁ သန်း ကျော်သွားပြီ ဖြစ်ပါသည်။ မြန်မာနိုင်ငံတွင်လည်း ကျန်းမာရေးဝန်ကြီးဌာနမှ ကိန်းဂဏန်းအချက်အလက်များအရ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားသူ ၆၀၈၇၆၃ ဦးရှိပြီး သေဆုံးသူ ၁၉၄၂၃ ဦး ရှိပြီဖြစ်ကြောင်း တွေ့ရှိရပါသည်။ ကိုဗစ်-၁၉ ရောဂါအား လုံးဝကင်းစင်အောင် ပြုလုပ်နိုင်စွမ်း မရှိသေးခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါနှင့်အတူ ယှဉ်တွဲနေထိုင်ရေးအတွက် ကာကွယ်ဆေးများကို လူတိုင်းထိုးနှံနိုင်ရေးနှင့် စွမ်းအားမြှင့် "Booster" ထိုးနှံနိုင်ရေးတို့အတွက် ကိုဗစ်-၁၉ရောဂါ ကာကွယ်ဆေးအား ပြည်တွင်း၌ ထုတ်လုပ်နိုင်ရေးမှာ အရေးကြီးသောအခန်းကဏ္ဍမှ ပါဝင်နေကြောင်း တွေ့ရှိရပါသည်။

နိုင်ငံတော်ဝန်ကြီးချုပ်သည် စက်မှုဝန်ကြီးဌာန မြန်မာ့ဆေးဝါးလုပ်ငန်း၊ ဆေးဝါးစက်ရုံခွဲ (ရွာသာကြီး)သို့ (၈-၁၀-၂၀၂၁) ရက်နေ့တွင် လာရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ရောဂါ ကာကွယ်ဆေးကို ပြည်တွင်း၌ ထုတ်လုပ်နိုင်ရေး ကြိုးစားဆောင်ရွက်ရန်နှင့် ဆောင်ရွက်ရာတွင်လည်း ကာကွယ်ဆေးသုတေသန လုပ်ငန်းများနှင့် ထုတ်လုပ်ရေးလုပ်ငန်းများတွင် စက်မှုဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာနနှင့် ကာကွယ်ရေးဝန်ကြီးဌာနတို့ ပူးပေါင်းဆောင်ရွက်ရန် လမ်းညွှန်မှာကြားခဲ့ပါသည်။



MYANCOPHARM ကိုဗစ်-၁၉ရောဂါ ကာကွယ်ဆေး ထုတ်လုပ်နေမှု။

**ကိုဗစ်-၁၉ရောဂါ ကာကွယ်ဆေး ထုတ်လုပ်ရေးကြီးကြပ်မှု ဗဟိုကော်မတီ**

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထုတ်လုပ်ရေး ကြီးကြပ်မှု ဗဟိုကော်မတီ ဖွဲ့စည်းနိုင်ရေးအတွက် လုပ်ငန်းညှိနှိုင်း အစည်းအဝေးအား (၂-၁၀-၂၀၂၁) ရက်နေ့တွင် စက်မှုဝန်ကြီးဌာနမှ ဦးဆောင်ပြုလုပ်ခဲ့ပြီး ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထုတ်လုပ်ရေး အတွက် လုပ်ငန်းစဉ်များကို ချမှတ်ခဲ့ပါသည်။ လုပ်ငန်းညှိနှိုင်း အစည်းအဝေး ဆုံးဖြတ်ချက်အရ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဒုတိယဥက္ကဋ္ဌ (၁)နှင့် ကာကွယ်ရေးဝန်ကြီးဌာန ဆေးဝန်ထမ်းညွှန်ကြားရေးမှူးက ဒုတိယဥက္ကဋ္ဌ (၂)အဖြစ်လည်းကောင်း ဆောင်ရွက်၍ စက်မှုဝန်ကြီးဌာန ကျန်းမာရေးဝန်ကြီးဌာနနှင့် ကာကွယ်ရေးဝန်ကြီးဌာနက ပညာရှင်များ ပါဝင်သော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထုတ်လုပ်ရေး ကြီးကြပ်မှု ဗဟိုကော်မတီအား (၇-၁၂-၂၀၂၁) ရက်နေ့တွင် ဖွဲ့စည်း၍ စနစ်တကျ ဆောင်ရွက်ခဲ့ပါသည်။ ဗဟိုကော်မတီ၏ လုပ်ငန်းတာဝန် ဝတ္တရားများမှာ အောက်ပါအတိုင်းဖြစ်ကြောင်း တွေ့ရှိရပါသည်-

(က) ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထုတ်လုပ်မှုဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ မူဝါဒ ချမှတ်ခြင်း၊ လမ်းညွှန်ခြင်း၊

(ခ) ပြည်တွင်း၌ ကိုဗစ်-၁၉ရောဂါ ကာကွယ်ဆေးအား အစအဆုံး ထုတ်လုပ်နိုင်ရေး အတွက် သက်ဆိုင်ရာဌာန အချင်းချင်း ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခြင်း၊

(ဂ) လုပ်ငန်းကော်မတီဖွဲ့စည်းပေးခြင်းနှင့် လုပ်ငန်းတာဝန်များ သတ်မှတ်ပေးခြင်း၊

(ဃ) မြန်မာနိုင်ငံအတွက် လိုအပ်သော ကာကွယ်ဆေးများ ပြည်တွင်း၌ ထုတ်လုပ်နိုင်ရေး လမ်းညွှန်မှုပေးခြင်း၊

(င) ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးနှင့်ပတ်သက်၍ ထုတ်လုပ်သင့်သည့် ကာကွယ်ဆေးအမျိုးအစားနှင့် အသုံးပြုသင့်သည့် နည်းပညာကို ရွေးချယ်အတည်ပြုပေးခြင်း၊

(စ) ကာကွယ်ဆေးထုတ်လုပ်ခြင်း၊ သုတေသနပြုလုပ်ခြင်း၊ လက်တွေ့စမ်းသပ်ကုသခြင်းကိစ္စရပ်များအတွက် ပြည်တွင်း၊ ပြည်ပ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း။

ကိုဗစ်-၁၉ရောဂါ ကာကွယ်ဆေး ထုတ်လုပ်ရေးကြီးကြပ်မှု ဗဟိုကော်မတီ ပထမအကြိမ်အစည်းအဝေးအား (၁၆-၁၂-၂၀၂၁) ရက်နေ့တွင်ကျင်းပ၍ ကိုဗစ်-၁၉ရောဂါ ကာကွယ်ဆေးထုတ်လုပ်ရေး လုပ်ငန်းစဉ် (၁၃) ချက်အား ချမှတ်ဆောင်ရွက်ခဲ့ကြောင်း တွေ့ရှိရပါသည်။ ထို့နောက် MYANCOPHARM ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ဒိုစ် (Dose) ၁၀ သန်း ထုတ်လုပ်နိုင်ရန်အတွက် ကာကွယ်ဆေး (RTF Bulk) (လီတာ ၆၆၀၀) ဝယ်ယူခြင်း သဘောတူစာချုပ်အား (၂၂-၁၂-၂၀၂၁) ရက်နေ့တွင် ရန်ကုန်မြို့၌ လက်မှတ်ရေးထိုးနိုင်ခဲ့ပြီး အဆိုပါအခမ်းအနားသို့ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးနှင့်အတူ Sinopharm ဆေးဝါးကုမ္ပဏီမှ တာဝန်ရှိသူများကလည်း Online မှ တက်ရောက်ခဲ့ကြောင်း တွေ့ရှိရပါသည်။

**တရုတ်နိုင်ငံ Sinopharm မှ ပညာရှင်များ လာရောက် သင်ကြားပေးခဲ့မှု**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထုတ်လုပ်ရေး ကြိုတင်ညှိနှိုင်းဆွေးနွေးမှုများအရ တရုတ်ပြည်သူ့သမ္မတနိုင်ငံ Sinopharm CNBG မှ ထုတ်လုပ်ရေး ပညာရှင်တစ်ဦးနှင့် အရည်အသွေးစစ်ဆေးမှုဆိုင်ရာ ပညာရှင်တစ်ဦးတို့သည် (၂၂-၁-၂၀၂၂) ရက်နေ့တွင် မြန်မာနိုင်ငံသို့ ရောက်ရှိခဲ့ပြီး (၂၇-၁-၂၀၂၂)ရက်နေ့မှစ၍ ယနေ့ထိတိုင်အောင် စက်ရုံတွင် လေ့ကျင့်သင်ကြား ပေးလျက်ရှိကြောင်း တွေ့ရှိရပါသည်။ အဆိုပါ တရုတ်ပညာရှင်နှစ်ဦး မြန်မာနိုင်ငံသို့ လာရောက်ရေးအတွက် ပြည်ဝင်ခွင့် ဗီဇာရရှိရေးမှသည် လုပ်ငန်းများ အဆင်ပြေချောမွေ့စေရေးအတွက် နိုင်ငံခြားရေးဝန်ကြီးဌာန တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံရုံး၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် ကျန်းမာရေးဝန်ကြီးဌာနတို့မှ ပူးပေါင်းကူညီဆောင်ရွက်ပေးခဲ့ကြောင်း တွေ့ရှိရပါသည်။

**ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထုတ်လုပ်ရေးကြီးကြပ်မှု လုပ်ငန်းကော်မတီ**

MYANCOPHARM ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထုတ်လုပ်ရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် သုတေသနလုပ်ငန်းများနှင့် ကာကွယ်ဆေးထုတ်လုပ်ရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရာ၌ ဝန်ကြီးဌာနအချင်းချင်း ပိုမိုပူးပေါင်းဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထုတ်လုပ်ရေးကြီးကြပ်မှုလုပ်ငန်းကော်မတီအား (၂၅-၁-၂၀၂၂)ရက်နေ့တွင် တရားဝင်ဖွဲ့စည်းပေးခဲ့ပါသည်။ အဆိုပါ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထုတ်လုပ်ရေးကြီးကြပ်မှုလုပ်ငန်းကော်မတီတွင် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီးမှ ဥက္ကဋ္ဌအနေဖြင့် ဦးဆောင်ပါဝင်၍ ကာကွယ်ရေးဝန်ကြီးဌာန နိုင်ငံခြားရေးဝန်ကြီးဌာန၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံး၊ စက်မှုဝန်ကြီးဌာနနှင့် ကျန်းမာရေးဝန်ကြီးဌာနတို့မှ ကိုယ်စားလှယ်များပါဝင်ကြောင်း တွေ့ရှိရပါသည်။ လုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်ဝတ္တရားများကို အောက်ပါအတိုင်း စနစ်တကျသတ်မှတ်ဆောင်ရွက်ခဲ့ကြောင်း တွေ့ရှိရပါသည်-

(က) ဗဟိုကော်မတီမှ ဆုံးဖြတ်အတည်ပြုထားသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအား ပြည်တွင်း၌ သုတေသနပြု စမ်းသပ်ထုတ်လုပ်နိုင်ရေးအတွက် ဌာနအချင်းချင်း ပူးပေါင်းဆောင်ရွက်ခြင်း၊

(ခ) ဗဟိုကော်မတီမှ သတ်မှတ်ထားသော လုပ်ငန်းတာဝန်များကို ပြီးမြောက်အောင် ဆောင်ရွက်ခြင်း၊

(ဂ) ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအား ပြည်တွင်း၌ အစမှအဆုံး ထုတ်လုပ်နိုင်ရေးအတွက် နည်းပညာဆိုင်ရာကိစ္စရပ်များ ပူးပေါင်းဆောင်ရွက်ခြင်း။ *စာမျက်နှာ ၁၇ သို့*

❒ **ကိုဗစ်-၁၉ရောဂါအားလုံးဝကင်းစင်အောင် ပြုလုပ်နိုင်စွမ်း မရှိသေးခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါနှင့်အတူ ယှဉ်တွဲနေထိုင်ရေးအတွက် ကာကွယ်ဆေးများကို လူတိုင်းထိုးနှံနိုင်ရေးနှင့် စွမ်းအားမြှင့် "Booster" ထိုးနှံနိုင်ရေးတို့အတွက် ကိုဗစ်-၁၉ရောဂါ ကာကွယ်ဆေးအား ပြည်တွင်း၌ ထုတ်လုပ်နိုင်ရေးမှာ အရေးကြီးသောအခန်းကဏ္ဍမှ ပါဝင်**

❒ **MYANCOPHARM ကိုဗစ်-၁၉ရောဂါ ကာကွယ်ဆေး ဒိုစ် (Dose) ၁၀ သန်း ထုတ်လုပ်နိုင်ရန်အတွက် ကာကွယ်ဆေး (RTF Bulk) (လီတာ ၆၆၀၀) ဝယ်ယူခြင်း သဘောတူစာချုပ်အား (၂၂-၁၂-၂၀၂၁) ရက်နေ့တွင် ရန်ကုန်မြို့၌ လက်မှတ်ရေးထိုးနိုင်**




## ၂၀၂၂ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုအောင်မြင်မည့်သူများအတွက် နည်းပညာတက္ကသိုလ်များသို့ ဝင်ခွင့်ခေါ်ယူရေးကြေညာချက်

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ အဆင့်မြင့် သိပ္ပံနှင့် နည်းပညာဦးစီးဌာနသည် နိုင်ငံတော်တည်ဆောက်ရေးနှင့် နိုင်ငံသားတို့၏ လူမှု၊ စီးပွား ဖွံ့ဖြိုးတိုးတက်ရေးအတွက် မူဝါဒများချမှတ်ပြီး သိပ္ပံနှင့် နည်းပညာဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်များကို မွေးထုတ်ပေးလျက်ရှိပါသည်။

ထို့အပြင် လူငယ်လူရွယ်များ၏ အသက်မွေးဝမ်းကျောင်းမှုဆိုင်ရာ အခွင့်အလမ်းများ တိုးတက်ရရှိစေရန်အတွက် နိုင်ငံအကျိုးပြု အရည်အချင်းပြည့်ဝသော အင်ဂျင်နီယာပညာရှင်များ လေ့ကျင့်မွေးထုတ် နိုင်ရန်ရည်ရွယ်၍ ၂၀၂၂ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုအောင်မြင်မည့်သူများအတွက် နည်းပညာတက္ကသိုလ်များသို့ ဝင်ခွင့်ခေါ်ယူရာတွင် အင်္ဂလိပ်စာ၊ သင်္ချာ၊ ရူပဗေဒ၊ ဓာတုဗေဒ (၄) ဘာသာ စုစုပေါင်းရမှတ် (အများ/အနည်း) ပေါ်မူတည်၍ ရွေးချယ်တက်ရောက်ခွင့်ပြုမည် ဖြစ်ပါကြောင်း ကျောင်းသား/ကျောင်းသူများ ကြိုတင်သိရှိနိုင်ရေးအတွက် အသိပေးကြေညာအပ်ပါသည်။

**သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန**





MYANCOPHARM ကိုဗစ်-၁၉ရောဂါ ကာကွယ်ဆေး ထုပ်ပိုးနေမှု။

*စာမျက်နှာ ၁၆ မှ*

**MYANCOPHARM ကိုဗစ်-၁၉ရောဂါ ကာကွယ်ဆေး စမ်းသပ်ထုတ်လုပ်ရေး အတွက် ဆေးဝါးပစ္စည်းများ ရောက်ရှိခဲ့မှု**

MYANCOPHARM ကိုဗစ်-၁၉ရောဂါ ကာကွယ်ဆေးများကို စမ်းသပ်ထုတ်လုပ်ရန်အတွက် လိုအပ်သော ဆေးဝါးပစ္စည်းများသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံရှိ မြန်မာသံရုံးနှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ အကောက်ခွန်ဦးစီးဌာနတို့၏ ကူညီဆောင်ရွက်ပေးမှုတို့ဖြင့် ဆေးဝါးစက်ရုံခွဲ (ရွာသာကြီး)သို့ (၁၂-၂-၂၀၂၂) ရက်နေ့ အချိန်မီ ရောက်ရှိခဲ့ပြီး ကာကွယ်ဆေး ထုတ်လုပ်ရေးလုပ်ငန်းများကို လုပ်ငန်းစီမံချက်ဇယားအတိုင်း အချိန်မီဆောင်ရွက်နိုင်ခဲ့ကြောင်း တွေ့ရှိရပါသည်။

ထို့နောက် MYANCOPHARM ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး စတင်ထုတ်လုပ်ရန်အတွက် မဖြစ်မနေဆောင်ရွက်ရမည်ဖြစ်သော ထုတ်လုပ်မှုလိုင်းအတွင်း ပိုးမွှားကင်းစင်မှု ရှိ/မရှိ စစ်ဆေးခြင်း (Media Fill Simulation) နှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထုတ်လုပ်မှုအပတ်စဉ် သုံးခုအား စမ်းသပ်ထုတ်လုပ်ခြင်း (Process Validation) တို့ကို ဆက်လက်ဆောင်ရွက်ခဲ့ပါသည်။ ထိုကဲ့သို့ စမ်းသပ်ဆောင်ရွက်ခဲ့မှုအခြေအနေများကို (၃-၃-၂၀၂၂)ရက်နေ့တွင် ပြုလုပ်ခဲ့သော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထုတ်လုပ်ရေးကြီးကြပ်မှု

> **“ နိုင်ငံတော်အစိုးရအနေဖြင့် ကိုဗစ်-၁၉ ကပ်ရောဂါ ကာကွယ်ဆေး ထိုးနှံခြင်းလုပ်ငန်းကို အရှိန်အဟုန်ဖြင့်ဆောင်ရွက်လျက်ရှိရာ ပြည်တွင်း၌ Ready to Fill စနစ်ဖြင့် စတင် ထုတ်လုပ်နိုင်ပြီဖြစ်သကဲ့သို့ ၂၀၂၂ခုနှစ်၊ ဧပြီလကုန်အပြီး တစ်နိုင်ငံလုံး ရာနှုန်းပြည့်ကာကွယ်ဆေး ထိုးနှံပြီးစီးရေးကိုလည်း ရည်မှန်းချက်ထားလျက် အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိ”**

လုပ်ငန်းကော်မတီ (ပထမအကြိမ်) အစည်းအဝေးနှင့် (၁၀-၃-၂၀၂၂)ရက်နေ့တွင် ပြုလုပ်ကျင်းပခဲ့သော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထုတ်လုပ်ရေးကြီးကြပ်မှုဗဟိုကော်မတီ (ဒုတိယအကြိမ်) အစည်းအဝေးသို့ တင်ပြ၍ အတည်ပြုချက်ရယူခဲ့သည်ကိုလည်း တွေ့ရှိရပါသည်။

**ပူးပေါင်းဆောင်ရွက်ခြင်းသည်အင်အား**

(၁၆-၃-၂၀၂၂) ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သော အမျိုးသားစီမံကိန်းကော်မရှင်အစည်းအဝေး အမှတ်စဉ် (၁/၂၀၂၂) ၌ နိုင်ငံတော်ဝန်ကြီးချုပ်မှ “၂၀၂၂-၂၀၂၃ ခု ဘဏ္ဍာရေးနှစ်တွင် ကိုဗစ်-၁၉ရောဂါ ဆေးထုတ်လုပ်မှုကို ရေတိုအစီအစဉ်အနေဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ Sinopharm ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို Ready to Fill Bulk အနေဖြင့် ဝယ်ယူပြီး ပုလင်းသွင်းဖြည့်တင်းထုတ်လုပ်နိုင်ရေးကို ဆောင်ရွက်သွားရန်အတွက် ခွင့်ပြုထားပြီးဖြစ်ပါကြောင်း၊ Ready to Fill Bulk ဝယ်ယူထုတ်လုပ်ခြင်းဖြင့် ယခုဝယ်ယူအသုံးပြုနေရသည့် ဈေးနှုန်းထက် သက်သာပြီး နိုင်ငံတော်အတွက် နိုင်ငံခြားငွေ သုံးစွဲမှုလျော့ကျလာမည် ဖြစ်ပါကြောင်း၊ သက်ဆိုင်ရာဌာနများကလည်း ရည်မှန်းထားသည့်အတိုင်း ထုတ်လုပ်နိုင်ရန်အတွက် ဆက်လက်ကြိုးပမ်းဆောင်ရွက်ရန် လိုမည်ဖြစ်ပါကြောင်း” ပြောကြားသွားပါသည်။

ထို့အပြင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌကလည်း “ယနေ့အချိန်အတွက် အထူးအရေးကြီးသည့် အချက်သည် ကမ္ဘာလုံးဆိုင်ရာ ကိုဗစ်-၁၉ ကူးစက်မြန် ကပ်ရောဂါဘေးဆိုးကြီး၏ ရိုက်ခတ်မှု အန္တရာယ်မှ လျင်မြန်စွာ လွန်မြောက်စေရန်၊ ကိုဗစ်ကပ်ရောဂါနှင့်အတူ ယှဉ်တွဲလုပ်ငန်း ဆောင်ရွက်နိုင်စေရန်အတွက်လည်း နိုင်ငံတော်အစိုးရအနေဖြင့် ကိုဗစ်-၁၉ ကပ်ရောဂါ ကာကွယ်ဆေးထိုးနှံခြင်း လုပ်ငန်းကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိရာ ပြည်တွင်း၌ Ready to Fill စနစ်ဖြင့် စတင် ထုတ်လုပ်နိုင်ပြီဖြစ်သကဲ့သို့ ၂၀၂၂ ခုနှစ် ဧပြီလကုန်အပြီး တစ်နိုင်ငံလုံး ရာနှုန်းပြည့် ကာကွယ်ဆေး ထိုးနှံပြီးစီးရေးကိုလည်း ရည်မှန်းချက်ထားလျက် အရှိန်ဟုန်ဖြင့် ဆောင်ရွက်လျက်ရှိရာ ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် အစိုးရအဖွဲ့များကလည်း ရာနှုန်းပြည့် ကာကွယ်ဆေး ထိုးနှံပြီးစီးရေး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးကြရန်” တိုက်တွန်းပြောကြားခဲ့ပါသည်။

Sinopharm CNBG မှ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး (RTF Bulk) များကို မြန်မာနိုင်ငံသို့ သယ်ယူပို့ဆောင်ပေးခြင်းမှသည် MYANCOPHARM ကာကွယ်ဆေးများ အောင်မြင်စွာ ထုတ်လုပ်နိုင်သည်အထိ စက်မှုဝန်ကြီးဌာနအနေဖြင့် ကာကွယ်ရေးဝန်ကြီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာနတို့နှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ခဲ့ပါသည်။ သက်ဆိုင်ရာဝန်ကြီးဌာနများ၏ ကူညီပံ့ပိုးမှုဖြင့်သာ MYANCOPHARM ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အောင်မြင်စွာထုတ်လုပ်နိုင်ခဲ့ခြင်းဖြစ်ရာ ပူးပေါင်းဆောင်ရွက်ခြင်းသည် အင်အားဆိုသည့်စကားကို သက်သေထင်ရှားပြသနေကြောင်း တွေ့ရှိရပါသည်။

နိဂုံးချုပ်အားဖြင့် ယခုအခါ ရေတိုစီမံချက်အဖြစ် MYANCOPHARM ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အောင်မြင်စွာထုတ်လုပ်နိုင်ခြင်းကို အခြေခံ၍ ရေရှည်စီမံချက်အဖြစ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အစမှအဆုံး ပြည်တွင်း၌ အောင်မြင်စွာထုတ်လုပ်နိုင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများအနေဖြင့် သုတေသနလုပ်ငန်းများ၌ ဆက်လက်ပူးပေါင်းဆောင်ရွက်သွားရန် တိုက်တွန်းအပ်ပါသည်။ ။

# ဒုတိယဝန်ကြီး ဦးမင်းထိန် မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်အတွင်းရှိ အဆောက်အအုံ၊ လမ်း၊ တံတား မြို့ပြ/အိမ်ရာ၊ ကျေးလက်လမ်းလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် မတ် ၂၁**

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းထိန်သည် မတ် ၁၉ ရက် နံနက်ပိုင်းက ရွှေသံလွင်ဟိုင်းဝေးကုမ္ပဏီလီမိတက်မှ B.O.T စနစ်ဖြင့် ဆောင်ရွက်လျက်ရှိသော ဘုရားကြီး – ကျိုက်ထို– သထုံ – မော်လမြိုင်လမ်းပိုင်းအား ကြည့်ရှုစစ်ဆေးပြီး အများပြည်သူခရီးသွားလာရာတွင် ဘေးအန္တရာယ်ကင်းရှင်းစွာ ခရီးသွားလာနိုင်ရေး အသိပေး၊ သတိပေးလမ်းညွှန်ဆိုင်းဘုတ်များ စိုက်ထူထားရန်၊ လမ်း/တံတားများကို စဉ်ဆက်မပြတ် စစ်ဆေးပြီး လိုအပ်သည့် ကြံ့ခိုင်မှုရရှိအောင် ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်လိုပါကြောင်း၊ လမ်းများ တိုးချဲ့ခြင်း၊ တံတားများ တိုးချဲ့ခြင်း၊ လမ်းအဆင့်မြှင့်တင်ခြင်းနှင့် လမ်းနယ်နိမိတ်သတ်မှတ်ထားရှိသည့် ကျောက်တိုင်များ စိုက်ထူထားရှိရန်နှင့် B.O.T စည်းမျဉ်းစည်းကမ်းများအတိုင်း လိုက်နာဆောင်ရွက်သွားရန် တာဝန်ရှိသူများကို မှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် မွန်ပြည်နယ် တရားလွှတ်တော်ရုံး စီမံကိန်းရှင်းလင်းဆောင်သို့ရောက်ရှိပြီး တရားလွှတ်တော်ရုံးများကို တာဝန်ယူတည်ဆောက်ရသည့် အဆောက်အဦ ဦးစီးဌာနအနေဖြင့် တရားလွှတ်တော်ရုံးများ တည်ဆောက်ရာတွင် တရားလွှတ်တော် အင်္ဂါရပ်များနှင့်အညီ တည်ဆောက်သွားပြီး သတ်မှတ်စံချိန်စံညွှန်း အရည်အသွေးပြည့်မီရေး အထူးအလေးထား ဆောင်ရွက်ရန်နှင့် လျှပ်စစ်ပိုင်းလုပ်ငန်းများတွင် Energy Saving နည်းပညာရပ်များ ထည့်သွင်းတည်ဆောက်ရန် တာဝန်ရှိသူများကို မှာကြားကာ အဆောက်အဦ တည်ဆောက်ရေး လုပ်ငန်းဆောင်ရွက်နေမှုကို လိုက်လံကြည့်ရှုစစ်ဆေးသည်။



အဆိုပါ အဆောက်အအုံသည် မွန်ပြည်နယ် မော်လမြိုင်မြို့တွင် တည်ရှိပြီး ပေ (၂၄၀ x ၂၄၀) RCC သုံးထပ် အမျိုးအစားဖြစ်ကာ ဆောက်လုပ်ရေးဝန်ကြီးဌာန အဆောက်အဦအထူးအဖွဲ့ (၁၃)မှ တည်ဆောက်လျက်ရှိကြောင်း သိရသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် မွန်ပြည်နယ် မော်လမြိုင်မြို့တွင် တည်ဆောက်လျက်ရှိသော နိုင်ငံ့ဝန်ထမ်းအိမ်ရာ လေးခန်းတွဲ လေးထပ်အဆောက်အအုံ တည်ဆောက်ပြီးစီးမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ဒုတိယဝန်ကြီး ဦးမင်းထိန်သည် မတ် ၂၀ ရက် နံနက်ပိုင်းတွင် မွန်ပြည်နယ် လမ်းဦးစီးဌာန ညွှန်ကြားရေးမှူးရုံး(မြို့ပြ) အစည်းအဝေးခန်းမတွင် ဦးစီးဌာနငါးခုမှ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ လုပ်ငန်းများ ဆောင်ရွက်ရာတွင် လိုအပ်သည်များကို မှာကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် မွန်ပြည်နယ် မော်လမြိုင်ခရိုင် လမ်းဦးစီးဌာန၊ လမ်းသုတေသနဓာတ်ခွဲခန်း (Mini Lab)ရှိ စက်ပစ္စည်းများအား လိုက်လံကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဇာသပြင် – အိန္ဒုလမ်း အခြေအနေနှင့် အသစ်တည်ဆောက်မည့် ဂျိုင်း (ဇာသပြင်) တံတားနှင့် အတ္တရံတံတား မြေနေရာ ရှင်းလင်းထားရှိမှုနှင့် တံတားဆိုင်ရာပစ္စည်းများ သိုလှောင်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် အိန္ဒု– ကော့ကရိတ်လမ်း တစ်လျှောက်အား ကြည့်ရှုစစ်ဆေး၍ ဂျိုင်း(ကော့ကရိတ်) တံတားတည်ဆောက်ရေး လုပ်ငန်းခွင်သို့ ရောက်ရှိပြီး ရှင်းလင်းဆောင်တွင် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို တာဝန်ရှိသူများက ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက အရှေ့နောက်စီးပွားရေး စင်္ကြံလမ်းမကြီး အပိုင်းတွင်ပါရှိပြီး နယ်စပ်ကုန်သွယ်ရေးအတွက် အထူးအရေးပါသော တံတားတစ်စင်း ဖြစ်ပါကြောင်း၊ တံတားတည်ဆောက်ရေးလုပ်ငန်းများ အရှိန်အဟုန်မပြတ် ဆက်လက်ဆောင်ရွက်သွားရန်နှင့် လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေး အထူးအလေးထား ဆောင်ရွက်သွားရန် မှာကြားသည်။ ထို့နောက် တံတားတည်ဆောက်ရေး လုပ်ငန်းခွင်အတွင်း လုပ်ငန်းဆောင်ရွက်နေမှုကို လိုက်လံကြည့်ရှုစစ်ဆေးကြောင်း သိရသည်။

**သတင်းစဉ်**

---

❊ *ကျောဖုံးမှ*

မြန်မာနိုင်ငံ ကိုကိုးကျွန်းမြို့၏ အရှေ့တောင်ဘက် ရေမိုင် ၃၅ မိုင်ခန့်၊ ဟိုင်းကြီးကျွန်းမြို့၏ တောင်ဘက်ရေမိုင် ၁၂၀ ခန့်၊ ပုသိမ်မြို့၏ တောင်–အနောက်တောင်ဘက် ရေမိုင် ၁၇၀ ခန့်၊ သံတွဲမြို့၏ တောင်ဘက် ရေမိုင် ၂၇၀ ခန့်၊ ထားဝယ်မြို့၏ အနောက်ဘက် ရေမိုင် ၂၄၅ မိုင်ခန့်၊ မော်လမြိုင်မြို့၏ အနောက်တောင်ဘက် ရေမိုင် ၂၆၀ ခန့်၊ ရန်ကုန်မြို့၏ အနောက်တောင်ဘက် ရေမိုင်၂၁၅ မိုင်ခန့်၊ အိန္ဒိယနိုင်ငံ ပို့ပလဲယား၏အရှေ့မြောက်ဘက် ရေမိုင် ၁၅၅ မိုင်ခန့်နှင့် မာယာဘန်ဒါမြို့၏ အရှေ့မြောက်ဘက် ရေမိုင် ၉၀ ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။

အားကောင်းသော မုန်တိုင်းငယ်၏ လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံ ကိုကိုးကျွန်းအနီးမှ ဧရာဝတီမြစ်ဝကျွန်းပေါ်သို့ ဦးတည်ရွေ့လျားမည့် အခြေအနေဖြစ်ပါသဖြင့် လိမ္မော်ရောင်အဆင့်ဟု သတ်မှတ်သည်။

**အားကောင်းသောမုန်တိုင်းငယ်၏တည်နေရာ၊ ဗဟိုချက်လေဖိအားနှင့် လေတိုက်နှုန်း**

အဆိုပါ အားကောင်းသောမုန်တိုင်းငယ်သည် မြန်မာစံတော်ချိန် ည ၉ နာရီခွဲတွင် မြောက်လတ္တီကျု ၁၄ ဒီဂရီနှင့် အရှေ့လောင်ဂျီကျု၉၄ ဒီဂရီတွင်ရှိပြီး ဗဟိုချက်လေဖိအား ၁၀၀၀ ဟက်တိုပါစကယ်နှင့် အမြင့်ဆုံးလေတိုက်နှုန်းမှာ တစ်နာရီလျှင် ၄၅ မိုင်နှုန်းခန့် ဖြစ်ပါသည်။

**နောက် ၄၈ နာရီအတွင်းခန့်မှန်းချက်**

အဆိုပါ အားကောင်းသောမုန်တိုင်းငယ်သည် နောက် ၁၂ နာရီအတွင်း ဆိုင်ကလုန်းမုန်တိုင်းအဖြစ်သို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရပါသည်။ အဆိုပါ အားကောင်းသော မုန်တိုင်းငယ်သည် မြောက်ဘက်သို့ ဆက်လက်ရွေ့လျားနိုင်ပြီး (၂၂.၃.၂၀၂၂) ရက် နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းအနီးသို့ လည်းကောင်း၊ (၂၃.၃.၂၀၂၂)ရက် နံနက်ပိုင်းတွင် ရခိုင်ကမ်းရိုးတန်းကို သံတွဲမြို့အနီးမှ လည်းကောင်း ဖြတ်ကျော်ဝင်ရောက်နိုင်သည်ဟု ခန့်မှန်းရပါသည်။

**သတိပေးနှိုးဆော်ချက်**

အားကောင်းသောမုန်တိုင်းငယ်၏ အရှိန်ကြောင့် ယနေ့ညမှ (၂၃.၃.၂၀၂၂)ရက်အတွင်း နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးနိုင်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် မကြာခဏ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးရာမှ လှိုင်းအလွန်ကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၄၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၁၁ ပေမှ ၁၆ ပေခန့်ရှိနိုင်သည်။

အဆိုပါ အားကောင်းသောမုန်တိုင်းငယ်သည် မြန်မာနိုင်ငံ ကိုကိုးကျွန်းအနီးမှ မြောက်ဘက်သို့ဦးတည်ရွေ့လျားနေစဉ် အမြင့်ဆုံးလေတိုက်နှုန်းမှာ တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်ဟု ခန့်မှန်းရသည်။

(၂၂.၃.၂၀၂၂)ရက် နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းအနီးသို့ ရောက်ရှိနိုင်ပြီး ဧရာဝတီတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် အမြင့်ဆုံးလေတိုက်နှုန်းမှာ တစ်နာရီလျှင် မိုင် ၅၀ မှ ၅၅ မိုင်အထိ တိုက်ခတ်နိုင်သည်ဟု ခန့်မှန်းရသည်။

(၂၃.၃.၂၀၂၂)ရက် နံနက်ပိုင်းတွင် ရခိုင်ကမ်းရိုးတန်းသို့ ရောက်ရှိနိုင်ပြီး အမြင့်ဆုံးလေတိုက်နှုန်းမှာ တစ်နာရီလျှင် မိုင် ၄၀ မှ ၄၅ မိုင်အထိ တိုက်ခတ်နိုင်သည်ဟု ခန့်မှန်းရသည်။

မုန်တိုင်းဖြတ်ကျော်စဉ် မုန်တိုင်းဒီရေမှာ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင်၊ လပွတ္တာခရိုင်၊ မြောင်းမြခရိုင်၊ မအူပင်ခရိုင်၊ ဖျာပုံခရိုင်တို့ရှိ မြစ်ဝ၊ မြစ်လက်တက်များအတွင်း ၁၀ ပေမှ ၁၄ ပေခန့်အထိ မြင့်တက်လာနိုင်ကြောင်း ခန့်မှန်းရသည်။

**အကြံပြုချက်**

အဆိုပါ အားကောင်းသောမုန်တိုင်းငယ်၏ အရှိန်ကြောင့် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မြစ်ငယ်၊ ချောင်းငယ်များနှင့် တောင်ကျချောင်းများတွင် လျှပ်တစ်ပြက်ရေကြီးခြင်း၊ ကုန်းမြင့်တောင်တန်းဒေသများတွင် မြေပြိုခြင်းများ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနေထိုင်ကြပါရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့်ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ရန် အသိပေးနှိုးဆော်အပ်ပါသည်။

**မိုး/ဇလ**

---

## ပန်းတောင်းမြို့နယ်အတွင်းရှိ ကျေးရွာများတွင် လေဘေးကြိုတင်ကာကွယ်ရေးဆောင်ရွက်

**ပန်းတောင်း မတ် ၂၁**

ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ် ကြိုးကြာအုပ်စု ကြိုးကြာကျေးရွာနှင့် ဇီးဖြူကွင်းကျေးရွာတို့တွင် လေပြင်းကာကွယ်ရေးလုပ်ငန်းများကို ဌာနဆိုင်ရာများ၊ ပြည်သူများနှင့် ပူးပေါင်း၍ မတ် ၂၁ ရက်က ဆောင်ရွက်သည်။

ကြိုးကြာကျေးရွာအုပ်စု ကြိုးကြာကျေးရွာ ဇီးဖြူကွင်းရှိ အိမ်ခြေ ၅၀ ကို တစ်အိမ်ထောင်လျှင် ဝါးထရံ သုံးချပ်၊ ဝါး ၂၈ လုံး၊ သွပ်နန်းခွေ တစ်ခွေ၊ တန်ဖိုးကျပ် ၃၀၀၀၀ နှုန်းဖြင့် စုစုပေါင်း ငွေကျပ် ၁၅၀၀၀၀၀ အကုန်အကျခံ၍ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်တင်တင်ချိုနှင့်အဖွဲ့ဝင်များ၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ မြို့နယ်မီးသတ်ဦးစီးဌာနတို့နှင့် ဒေသခံပြည်သူများ ပူးပေါင်းကာ လေဘေးကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သင်းသင်းအေး(ပြန်/ဆက်)**

## ဝေမျှခြင်းပရဟိတမိသားစုက သောက်သုံးရေလှူဒါန်း

**ညောင်ဦး မတ် ၂၁**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် မှ သောက်သုံးရေလိုအပ်လျက်ရှိသော ကောင်းပင်စည်ကျေးရွာမြောက်တဲတိုက်သို့ သောက်သုံး ရေဂါလန် ၁၆၀၀ ကို ရန်ကုန်မြို့ ဝေမျှခြင်းပရဟိတမိသားစုက မတ် ၂၁ ရက်က သွားရောက်လှူဒါန်းသည်။

ရန်ကုန်မြို့ ဝေမျှခြင်းပရဟိတမိသားစုအနေဖြင့် ညောင်ဦးမြို့နယ် အတွင်းရှိ သောက်သုံးရေ လိုအပ်လျက်ရှိသော တဲတိုက်များ၊ ကျေးရွာများအတွက် သောက်သုံးရေများ လှူဒါန်းပေးလျက်ရှိရာ ယခုလှူဒါန်းသည့် ကောင်းပင်စည်မြောက်တဲတိုက်အတွက် ရေဂါလန် ၁၆၀၀ အပါအဝင် သောက်သုံးရေလိုအပ်နေသော ကျေးလက်ပြည်သူများအတွက် သောက်သုံးရေဂါလန် ၁၀၉၄၆၀ ကို ဖြန့်ဝေပေးပြီးဖြစ်ကြောင်း သိရသည်။

**မောင်မောင်ထိန်(ကျောက်ပန်းတောင်း)**

# မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

| ၂၂-၃-၂၀၂၂ | အင်္ဂါနေ့ |
|---|---|

**MRTV HD**

**၀၆:၀၀** ပေဋ္ဌာသုတ်၊ ရတနသုတ်၊ မေတ္တာသုတ် အန္တရာယ်ကင်းပရိတ်တရားတော်
**၀၇:၀၀** နံနက်ခင်းသတင်း
**၀၈:၃၅** ပြည်သူအားလုံးနှင့်သက်ဆိုင်သော အနာဂတ်ဒီမိုကရေစီ
**၀၉:၃၀** ၂၀၂၂ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြု သင်ကောင်းစရာများ **'ရူပဗေဒဘာသာရပ်'**
**၁၀:၀၀** သတင်းထဲကသတင်း
**၁၀:၂၅** (၇၇)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုတေး
**၁၀:၃၅** ရေသယ်ဇာတာစုံလင်စွာ ဝန်ပိုက်ဒီရေတောအလှ
**၁၃:၃၀** MRTV National News
**၁၆:၃၅** ၂၀၂၂ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြု သင်ကောင်းစရာများ **'ဇီဝဗေဒဘာသာရပ်'**
**၁၇:၁၀** (၇၇)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုတေး
**၁၇:၂၀** မြန်မာနိုင်ငံ၏မြို့တော် နေပြည်တော် (အပိုင်း-၅)
**၁၇:၄၅** အဖိုးတန်ရေ
**၁၈:၀၀** ပြည်တွင်းသတင်း
**၁၈:၃၅** သံစဉ်ဝေဖြာ စတီရီယိုတေးကမ္ဘာ
**၁၈:၅၀** နိုင်ငံခြားဇာတ်လမ်းတွဲ **'အောင်ပွဲပဏ္ဍိုင် ရင်ဆိုင်ဦးတက်'** (အပိုင်း-၁၄)
**၁၉:၃၀** ရုပ်မြင်သံကြားဇာတ်လမ်း **'ပြုံးပျော်နိုင်စို့'** (ပင်းသူ၊ စိုးမြတ်နန္ဒာ)
**၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
**၂၁:၀၀** တပ်မတော်နေ့ ဂုဏ်ပြုဇာတ်လမ်း **'ကြယ်နှင့်အတူ'** (အပိုင်း-၁၈)
**၂၂:၀၀** နိုင်ငံခြားဇာတ်လမ်းတွဲ **'အဝေးဆုံးသောနေရာ'** (အပိုင်း-၅၃)

**mitv**

**07:01** Zeyatu Sabba Mingalan (Takkatho Lae Lae)
**07:10** Tobacco Pipe Making Business (Ywar Lut Village)
**07:17** Let's Taste Delicious Insects: Silkworm Croquettes, Sago Worm Omelet with Duck Egg
**07:41** Literary Award Winners (U Zaw Htay)
**08:01** Healthy Diet: Detox Water
**08:11** Shwedagon Buddha Museum
**08:43** Myanma Agarwood
**09:01** News
**09:26** Global Partnership for Brighter Future: Bangladesh Pavilion at Expo 2020 Dubai
**09:35** Dances of Myanmar: Proud of Being a Myaung Zee (or) Hmong
**09:40** Natural Mineral Water

**MRTV NRC**

**ကချင် (၀၆:၀၀ မှ ၀၇:၀၀)**
သင်ယူလေ့လာတို့ရဲ့စာ(အပိုင်း-၁၀)
**အနောက်ပိုးကရင် (၀၇:၀၀ မှ ၀၈:၀၀)**
တိုင်းရေရဲ့ထင်ရှားကျော်ကြားဒေသများ
**အရှေ့ပိုးကရင် (၀၈:၀၀ မှ ၀၉:၀၀)**
ရိုးရာအိမ်ချက် ဟင်းတစ်ခွက်
**ချင်း (လိုင်ဇိုး) (၀၉:၀၀ မှ ၁၀:၀၀)**
သင်မယ်၊ ရေးမယ် တို့ချင်းစာ(အပိုင်း-၄၈)
**ချင်း (ချိုး) (၁၀:၀၀ မှ ၁၁:၀၀)**
မျိုးစေ့အတွက် ဆုတောင်းခြင်း
**မွန် (၁၁:၀၀ မှ ၁၃:၀၀)**
သွားလည်ကြမယ် ဇင်းကျိုက်ရေတံခွန်ဆီ
**ရခိုင် (၁၃:၀၀ မှ ၁၅:၀၀)**
ရခိုင်ဘာသာစကားပြောကြရအောင်(အပိုင်း-၁)
**ရှမ်း (၁၅:၀၀ မှ ၁၇:၀၀)**
ရှမ်းတိုင်းရင်းသားတို့ရဲ့ ချစ်စရာ ရိုးရာအိမ်ကလေး
**ဝ (၁၇:၀၀ မှ ၁၉:၀၀)**
ရှန်ခိုက်သို့အလည်တစ်ခေါက်
**ကချင် (၁၉:၀၀ မှ ၂၁:၀၀)**
ဇိုင်ဝါးဘာသာစကားပြောကြရအောင်(အပိုင်း-၃)
**ကယား (၂၁:၀၀ မှ ၂၃:၀၀)**
ဆေးဖက်ဝင်တမာပင်

**MRTV NEWS**

**၀၆:၀၀** အဖွင့်၊ တေးသီချင်း
**၀၆:၄၀** အားကစားသတင်း
**၀၉:၁၅** အဖိုးတန်ရေ
**၀၉:၃၀** နိုင်ငံတကာသတင်း (LIVE)
**၁၀:၀၀** ပြည်တွင်းသတင်း (LIVE)
**၁၃:၃၀** နိုင်ငံတကာသတင်း (LIVE)
**၁၄:၀၀** MRTV National News
**၁၅:၀၀** ပြည်တွင်းသတင်း (LIVE)
**၁၈:၃၀** နိုင်ငံတကာသတင်း (LIVE)
**၁၉:၀၀** ပြည်တွင်းသတင်း (LIVE)
**၂၀:၀၀** ပြည်တွင်းသတင်း (LIVE)
**၂၁:၀၀** ပြည်တွင်းသတင်း (LIVE)

**MRTV PARLIAMENT**

**၀၉:၀၀** အဖွင့်၊ အလံ
**၀၉:၃၀** ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို **'ကူးစက်ရောဂါပြန့်ပွားစေသည့်ပေါ့လျော့မှု'**
**၁၀:၀၀** ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်းများ
**၁၀:၃၀** ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာဆွေးနွေးခန်း (အပိုင်း-၇)
**၁၁:၀၀** နိုင်ငံတကာ ရွေးကောက်ပွဲများအကြောင်း (အင်ဒိုနီးရှားနိုင်ငံ)
**၁၁:၃၀** အတွေးအမြင် (အပိုင်း-၇)

**MRTV FARMERS'**

**၀၆:၀၀** အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
**၀၆:၀၂** တောင်သူလယ်သမားရေးရာသတင်း
**၀၆:၂၅** အနာဂတ်လှသောပိန်းဥ
**၀၆:၅၀** စူးစမ်းလေ့လာလွန်ကျော်ခြံဝါစိုက်နည်းပညာ
**၀၇:၅၀** တောင်သူ့ဘဝ သုတကမ္ဘာ
**၀၈:၂၅** အလှတရားဝေဖြာမြန်မာ့အဏ္ဏဝါ(အပိုင်း-၂)
**၀၈:၅၀** အမြေရှာပါ ရှက်ဖုံးဝေဒနာ
**၀၉:၄၅** မကွေးမြေတစ်ခွင် သီးထပ်သီးညှပ် သီးနှံများနှင့်အလှဆင်

**MRTV SPORTS**

**၀၆:၀၀** အဖွင့်
**၀၆:၃၀** အခြေခံအားကစားနည်းစနစ်များ
**၀၇:၀၀** Sports News
**၀၇:၃၀** Soccer View/ Weekly Sports Info
**၀၇:၄၅** အားကစားလောကထဲက သူတို့အကြောင်း
**၀၈:၀၀** ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
**၂၀:၀၀** ပြည်တွင်းသတင်း

Education Channel ကို စနေ၊ တနင်္ဂနွေမှအပ နံနက် (၁၀:၀၀)နာရီမှ ည(၁၀:၀၀)နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။
SCAN ME
www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

# "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်

**နေပြည်တော် မတ် ၂၁**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှု တားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက် စကားသံများကို သဇင် FM ၏ "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်မှ **"စိုးရိမ်ဖွယ်ရာ လူငယ်ပညာရေးနှင့် အနာဂတ်ကို သင်းသတ်နေသူများ"** ခေါင်းစဉ်ဖြင့် မတ် ၂၃ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည် ဖြစ်သည်။

အလားတူ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"မက်လုံးအမျိုးမျိုးနဲ့ ဆွဲဆောင်လာပြန်တဲ့ CDM"** နှင့် ပတ်သက်သည့် ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ကုသရေး ဆေးနှင့်ဆေးပစ္စည်းများ နေ့စဉ်စစ်ဆေးထုတ်ပေးလျက်ရှိ

**နေပြည်တော် မတ် ၂၁**

အကောက်ခွန်ဦးစီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ကုသရေးပစ္စည်းများအား ရေကြောင်း၊ ဆိပ်ကမ်းအသီးသီးမှ နေ့စဉ် လွယ်ကူချောမွေ့စွာ စစ်ဆေးထုတ်ပေးလျက်ရှိရာ မတ် ၂၁ ရက်၌ ရန်ကုန်ဆိပ်ကမ်းများမှ Hypodermic Needle (၅၅၀၀)ခု၊ Scalp Vein Set (၁၀၀၀)ခု၊ Disposable Syringe (၃၀၀၀)ခု၊ X-Ray Machine နှစ်ခု၊ Mobile X-Ray Machine နှစ်ခု၊ Hemoflow(၂၃၀၄)ခု၊ ဆေးဝါးမျိုးစုံ(၇၁)မျိုး၊ စုစုပေါင်း ၁၄၄၄၆၁ ဒသမ ၄၆ KGတို့ကို ထုတ်ပေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်




## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၁-၃-၂၀၂၂

**ရွှေ**

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၂၀၂၀၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၉၀၁၂၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၂၀၂၀၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၉၀၁၂၀၀ |

(အောင်သမာဓိမှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၁၉၉၀/၂၀၄၀ ကျပ် | ၂၀၄၀/၂၀၆၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၀၀၀/၂၀၅၅ ကျပ် | ၂၀၆၀/၂၀၉၀ ကျပ် |
| အောက်တိန်း ၉၂ | ၁၉၂၀/၁၉၆၅ ကျပ် | ၂၀၀၅/၂၀၁၅ ကျပ် |
| အောက်တိန်း ၉၅ | ၂၀၁၅/၂၀၄၅ ကျပ် | ၂၁၃၀/၂၁၄၅ ကျပ် |

(မြန်မာနိုင်ငံ စက်သုံးဆီအသင်း)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၇၇၈ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၉၆၅ . ၄ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၃၁၁ . ၄ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၅၃ . ၀၈၃ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၄၉၁ . ၃ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၄၂၂ . ၈၈ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၇၉ . ၆၀ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၃ . ၃၆၁ |

**ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၀၀၀ | ၈၀၀၀ | ၃၅ | ၂၇၇၉၀၀ |
| MTSH | ၂၈၅၀ | ၂၈၀၀ | ၁၀၅၂ | ၂၉၄၈၂၀၀ |
| MCB | ၀ | ၀ | ၀ | ၀ |
| FPB | ၁၈၅၀၀ | ၁၈၅၀၀ | ၉၅ | ၁၇၅၇၅၀၀ |
| TMH | ၂၆၀၀ | ၂၆၀၀ | ၃ | ၇၈၀၀ |
| EFR | ၂၇၀၀ | ၂၇၀၀ | ၁ | ၂၇၀၀ |
| AHP | ၀ | ၀ | ၀ | ၀ |

ညီညီ - စုစည်းသည်

**မြန်မာ့အလင်း**

**စာတည်းမှူးချုပ်** - အောင်နိုင်ဦး
**ခေတ္တစာတည်းမှူး** - မြင့်စိုး
**သတင်းထောက်မှူး** - ခင်ရတနာ
**စာတည်းများ** - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
**ဘာသာပြန်စာတည်း** - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
**အကြီးတန်း သတင်းထောက်များ** - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
**အငယ်တန်း သတင်းထောက်များ** - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မီမီဖြိုး
**ဓာတ်ပုံသတင်းထောက်** - တင်စိုး
**သုတေသန** - အိအိခင်နှင့် အဖွဲ့

**စာပြင်** - အေးအေးမိုးလှိုင်နှင့် အဖွဲ့
**စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** - ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့
**အီးမေးနှင့် အွန်လိုင်း** - သက်လွင်ဦးနှင့် အဖွဲ့
**ထုတ်ဝေခြင်းအမှတ်** - (၀၁၀၉၃)
**ပုံနှိပ်ခြင်းအမှတ်** - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

မတ်လ ၂၂ ရက်တွင် ကျရောက်သော ကမ္ဘာ့ရေသယံဇာတနေ့ ဂုဏ်ပြုဆောင်းပါး

# အဖိုးတန်ရေသယံဇာတကို ထိန်းသိမ်းကြစေလို

*ကျော်စွာ(ကျိုက်ပိ)*




နေပြည်တော် မတ် ၂၁

"ထမင်းအသက်ခုနစ်ရက် ရေအသက်တစ်မနက်"ဟု ဆိုရိုးပြုရလောက်သည်အထိ ရေသည် သက်ရှိတို့အတွက် အလွန်အရေးလှသည်။ ထို့ကြောင့် ရေကို "ဇီဝထု၏ အသက်သွေးကြော" (Bloodstre-am of biosphere) ဟုပင် တင်စားခေါ်ဆိုကြသည်။ ရေမရှိလျှင် သက်ရှိလောကကြီး မရှိနိုင်ပေ။ သစ်ပင်ပန်းမန်တို့ မရှင်သန်နိုင်ပေ။ ရေသည် ကမ္ဘာပေါ်ရှိ သစ်ပင်ပန်းမန်နှင့် သက်ရှိအားလုံးတို့အတွက် အဖိုးထိုက်လှသော သယံဇာတတစ်မျိုးဖြစ်သည်။ ထို့ကြောင့်လည်း နှစ်စဉ် မတ် ၂၂ ရက်ကို "ကမ္ဘာ့ရေသယံဇာတနေ့" (World Water Day)ဟု ကမ္ဘာ့ကုလသမဂ္ဂက သတ်မှတ်ခဲ့ခြင်းဖြစ်သည်။

**ရေဂြိုဟ် သို့မဟုတ် ရေကမ္ဘာကြီး**

စာရေးသူတို့နေထိုင်ရာ ကမ္ဘာကြီးသည် ကုန်းမြေဧရိယာထက် ရေပြင်ဧရိယာက ပိုများသည်။ ထို့ကြောင့် ကမ္ဘာကြီးကို ရေဂြိုဟ်ဟု တင်စားခေါ်ဝေါ်ကြသည်။ ခေါ်လည်း ခေါ်ဆိုထိုက်သည်။ ကမ္ဘာကြီးကို အာကာသမှကြည့်ပါက အပြာရောင်တောက်ပနေသည်။ ကမ္ဘာ့ကုန်းပိုင်းနှင့် ရေပိုင်းတွင် အပြာရောင်သည် ရေအပိုင်းကို ပြနေခြင်းဖြစ်သည့်အတွက် အပြာရောင်တောက်နေခြင်းဖြစ်သည်။ ဤကား စာရေးသူတို့ကမ္ဘာမှာ ရေပေါများစွာရှိနေသည်ကို ဖော်ပြနေခြင်းလည်း ဖြစ်ပြီး ထိုသို့ ရေအများအပြားရှိသည့်အတွက် ရေဂြိုဟ်ဟုခေါ်ခြင်းဖြစ်သည်။

လူ့ခန္ဓာကိုယ်အတွင်း ရေဓာတ် ၁ ရာခိုင်နှုန်း လျော့သွားပါက ရေငတ်ဝေဒနာကို ခံစားကြရသည်။ ၁၀ ရာခိုင်နှုန်းအထိ လျော့နည်းသွားပါက အသက်သေဆုံးနိုင်ပါသည်။ ကမ္ဘာ့မြေမျက်နှာပြင် အားလုံး၏ ၇၁ ရာခိုင်နှုန်းသည် ရေများဖြင့် ပြည့်နေသလို သက်ရှိများကိုလည်း ရေများဖြင့်ဖွဲ့စည်းထားသည်။ သစ်ပင်များတွင်ရေ ၆၀ ရာခိုင်နှုန်း၊ လူနှင့်တိရစ္ဆာန်များတွင် ရေ ၅၀ ရာခိုင် နှုန်းမှ ၆၅ ရာခိုင်နှုန်းအထိ ပါဝင်နေသည်။ လူသားတို့ခန္ဓာကိုယ်၏ သုံးပုံ နှစ်ပုံသည် ရေဖြစ်သည်။

**ကမ္ဘာ့ရေချိုသယံဇာတ**

ကမ္ဘာကြီး၏ လေးပုံသုံးပုံကို ရေထုက ဖုံးလွှမ်းထားသော်လည်း အမှန်စင်စစ် ကမ္ဘာ့ရေထု၏ ၉၇ ရာခိုင်နှုန်းသည် ပင်လယ်သမုဒ္ဒရာများရှိ ဆားငန်ရေများဖြစ်ပြီး အမှန်တကယ် သုံးစွဲ၍ရသော ရေချိုမှာ ၃ ရာခိုင် နှုန်းသာ ရှိသည်။ ပင်လယ်သမုဒ္ဒရာအတွင်းရှိရေများသည် စိုက်ပျိုးရန်၊ သောက်သုံးရန်နှင့် စက်မှုလက်မှုလုပ်ငန်းများတွင် အသုံးပြု၍ မရပေ။ သုံးစွဲနိုင်သော ရေချိုများတွင်လည်း အချို့က လူတို့နှင့် အလှမ်းကွာဝေးလှသော အရပ်ဒေသများ၌ တည်ရှိပြီး ရေခဲများဖုံးလွှမ်းနေသောဒေသများ၊ ရေခဲမြစ်များနှင့် မြေအောက်ရေများဖြစ်ကြသည်။ လူတို့ သောက်သုံးနိုင်သော မြစ်ရေ၊ ချောင်းရေနှင့် ကမ္ဘာ့အပေါ်ယံမြေအောက်ရေသည် ၀ ဒသမ ၀၀၈ ရာခိုင်နှုန်းသာရှိသည်။ ထို့ကြောင့် ရေချိုကို အဖိုးတန်သည့် သယံဇာတတစ်မျိုးဟု ဆိုခြင်းဖြစ်သည်။

**ရေချိုသယံဇာတသုံးစွဲမှုနှင့် ရေရှည်ရေလိုအပ်ချက်**

ရေချိုသည် စိုက်ပျိုးရေးနှင့် စက်မှုလုပ်ငန်းများတွင် အရေးပါလှသည်။ စိုက်ပျိုးရေးအတွက် သီးနှံ ကီလို ၁၀၀၀ ထုတ်လုပ်ရန် ရေကုဗမီတာ ၁၀၀၀ လိုအပ်သည်ဟု ဆိုပါသည်။ (၁ ကုဗမီတာသည် ရေ ၁၀၀၀ လီတာနှင့် ညီမျှသည်)။ သံမဏိ ကီလို ၁၀၀၀ ထုတ်လုပ်ရန် ရေလီတာ နှစ်သိန်း၊ စက္ကူ တစ်ကီလိုထုတ်လုပ်ရန် ရေလီတာ ၂၅၀ လိုအပ်သည်။ ကမ္ဘာတစ်ဝန်းတွင် ရေသုံးစွဲမှုအတွက် မြစ်ချောင်းများမှ ၆၅ ရာခိုင်နှုန်းကို ရရှိသည်။ စိုက်ပျိုးရေးအတွက် ၁၆ ရာခိုင်နှုန်းကို မြေအောက်မှ ရရှိသည်။ သို့သော် ထိုရေများအနက် ၆၉ ရာခိုင်နှုန်းမှာ စိုက်ပျိုးရေးအတွက် အသုံးမပြုရသေးခင် အငွေ့ပျံခြင်းနှင့် မြေထဲသို့ စိမ့်ဝင်ခြင်းကြောင့်လည်း ဆုံးရှုံးရပါသည်။ထို့အပြင် စွမ်းအင်ထုတ်လုပ်ခြင်း၊ စက်မှုလက်မှုလုပ်ငန်းများနှင့် အခြားသန့်ရှင်းရေးလုပ်ငန်းများအတွက် ရေသုံးစွဲမှုက ၂၅ ရာခိုင်နှုန်း ရှိကြောင်း သိရသည်။ အလူမီနီယမ် နှစ်ပေါင် ထုတ်လုပ်ရန် ရေဂါလန် ၁၀၀၀ လိုအပ်သည်။ နေ့စဉ်နေ့တိုင်း ကမ္ဘာတစ်ဝန်းလုံးရှိ ဖွံ့ဖြိုးပြီးနိုင်ငံများ၌ ရေသုံးစွဲမှု ပမာဏမှာ ၁၃ ရာခိုင်နှုန်း မှ ၁၆ ရာခိုင်နှုန်းအထိ ရှိကြောင်းလည်း မှတ်သားရပါသည်။

လူတို့သည်မိမိတို့၏ လုပ်ငန်းဆောင်တာများအတွက် ရေချိုကို နေ့စဉ် သုံးစွဲနေကြရသည်။ ကမ္ဘာ့ရေချိုသုံးစွဲနိုင်မှု ပမာဏနှင့်ဆိုလျှင် ရေရှည်တွင် ရေရှားပါးမှုပြဿနာနှင့် ရင်ဆိုင်ရနိုင်သည်။ နိုင်ငံတကာ ရေအရင်းအမြစ်များအဖွဲ့၏ ခန့်မှန်းချက်အရ တရုတ်နိုင်ငံသည် လာမည့် ၂၀၃၀ အရောက်တွင် ရေပြတ်လပ်မှုနှင့် ကြုံတွေ့ရနိုင်သည်ဟု ခန့်မှန်းကြသည်။ တရုတ်နိုင်ငံတွင် စိုက်ပျိုးရေးနှင့် စက်မှုလက်မှုလုပ်ငန်းအတွက် ၂၀၀၉ ခုနှစ်က ရေကုဗမီတာ ၅၈၆ ဘီလီယံသုံးစွဲခဲ့ပြီး ထိုသုံးစွဲမှုပမာဏကို အခြေခံ၍ လာမည့်သက္ကရာဇ် ၂၀၃၀ ပြည့်နှစ်တွင် ရေကုဗမီတာ ၈၁၈ လိုအပ်မည်ဟုဆို သည်။ နိုင်ငံအတွင်း ရရှိသည့် ရေပမာဏမှာ ကုဗမီတာ ၆၁၉ ဘီလီယံဖြစ်သည်။ ဤကား နိုင်ငံတစ်နိုင်ငံတည်းကိုသာ ကိုယ်စားပြုဖော်ပြခြင်းဖြစ်ပြီ အခြားသော နိုင်ငံများအနေဖြင့်လည်း ရေလိုအပ်ချက်ရှိပေလိမ့်မည်။

**ရေသယံဇာတညစ်ညမ်းနေသော နိုင်ငံအချို့**

ယနေ့ကမ္ဘာ့လူဦးရေ တိုးတက်လာသည်နှင့်အမျှ ရေရှားပါးမှုပြဿနာကို ရင်ဆိုင်ရဖွယ်ရှိသည်။ ရေရှားပါးခြင်း၏ အဓိကအကြောင်းရင်းတစ်ရပ်မှာ ရေထုညစ်ညမ်းမှုပင် ဖြစ်သည်။ ယနေ့ကမ္ဘာ့နိုင်ငံအသီးသီးတွင် ရေထုညစ်ညမ်းမှုနှင့် ရင်ဆိုင်ကြုံတွေ့နေကြရသည်။ တရုတ်နိုင်ငံတွင် ၂၀၀၀ ပြည့်နှစ် စစ်တမ်းအရ မြစ်ပေါင်း ၅၁၄ စင်းရှိရာ ၆၀ သည် ရေခန်းခြောက်နေသည်။ တောင်ကိုရီးယားနိုင်ငံတွင် သောက်သုံးရေမှာ ၅ ရာခိုင်နှုန်း သာရရှိပြီး အဓိကမြစ်ကြီးများမှာမူ စွန့်ပစ်ပစ္စည်းများကြောင့် အဆိပ်ဖြစ်၍ ညစ်ညမ်းနေသည်။ ထို့အတူ ဖိလစ်ပိုင်နိုင်ငံ၌လည်း မြစ်အစင်းပေါင်း ၄၁၉ စင်းအနက် ၃၆၂ စင်းမှာ ရေညစ်ညမ်းလျက်ရှိသည်။ ဂျပန်နိုင်ငံတွင် ရေတွင်းပေါင်း ၁၈၀၀ အနက် ၁၂၀၀ ခန့်မှာ အဆိပ်သင့်လက္ခဏာများကို တွေ့ရသည်ဟု ဆိုသည်။

**ယနေ့ ကမ္ဘာ့နိုင်ငံအသီးသီးတွင် ရေထုညစ်ညမ်းမှုနှင့် ရင်ဆိုင်ကြုံတွေ့နေကြရသည်။ တရုတ်နိုင်ငံတွင် ၂၀၀၀ ပြည့်နှစ် စစ်တမ်းအရ မြစ်ပေါင်း ၅၁၄ စင်းရှိရာ ၆၀ သည် ရေခန်းခြောက်နေသည်။ တောင်ကိုရီးယားနိုင်ငံတွင် သောက်သုံးရေမှာ ၅ ရာခိုင်နှုန်းသာရရှိပြီး အဓိကမြစ်ကြီးများမှာမူ စွန့်ပစ်ပစ္စည်းများကြောင့် အဆိပ်ဖြစ်၍ ညစ်ညမ်းနေသည်။ ထို့အတူ ဖိလစ်ပိုင်နိုင်ငံ၌လည်း မြစ်အစင်းပေါင်း ၄၁၉ စင်းအနက် ၃၆၂ စင်းမှာ ရေညစ်ညမ်းလျက်ရှိသည်။ ဂျပန်နိုင်ငံတွင် ရေတွင်းပေါင်း ၁၈၀၀ အနက် ၁၂၀၀ ခန့်မှာ အဆိပ်သင့်လက္ခဏာများကို တွေ့ရသည်ဟု ဆိုသည်။**

အိန္ဒိယနိုင်ငံတွင် မိလ္လာရေဆိုးများနှင့် စက်မှုအမှိုက်များကြောင့် ရေထုညစ်ညမ်းမှုနှင့် ရင်ဆိုင်နေရသည်။ အင်ဒိုနီးရှားနိုင်ငံတွင်လည်း မြစ်အတွင်းသို့ မာကျူရီများ စွန့်ပစ်မှုကြောင့် ညစ်ညမ်းလျက်ရှိပြီး မြို့ပြရေပေးဝေမှုအတွက် သန့်ရှင်းသောရေမှာ ၆၀ ရာခိုင်နှုန်းသာ ရှိတော့သည်။ ဤကား သိသာရုံမျှ ဖော်ပြခြင်းဖြစ်သည်။ ကမ္ဘာတစ်ဝန်းလုံးတွင် ရေထုညစ်ညမ်းမှုများ ရှိနိုင်ပါသေးသည်။ ထို့ကြောင့် ယနေ့ကမ္ဘာပေါ်ရှိ လူဦးရေ ၁ ဒသမ ၅ ဘီလီယံသည် ရေကောင်းရေသန့်မရကြောင်းနှင့် နှစ်စဉ်လူပေါင်း ၅ သန်းကျော်သည် ရေကြောင့်ဖြစ်သော ရောဂါများကြောင့် သေဆုံးနေရကြောင်းကို ဆောင်းပါးတစ်ပုဒ်၌ ဖော်ပြထားသည်ကို တွေ့ရသည်။ ဤဖြစ်စဉ်များမှာ ရေထုညစ်ညမ်းခြင်း၏ နောက်ဆက်တွဲဆိုးကျိုးများပင် ဖြစ်သည်။

**မြန်မာနိုင်ငံနှင့် ရေသယံဇာတ**

မြန်မာနိုင်ငံသည် မြစ်ချောင်းအင်းအိုင်ပေါများသောနိုင်ငံဖြစ်သည်။ မြေပေါ်မြေအောက် ရေသယံဇာတ ပေါကြွယ်ဝလှသည်။ ဧရာဝတီ၊ စစ်တောင်း၊ သံလွင်၊ ချင်းတွင်းစသည့် မြစ်ကြီးများသည် စာရေးသူတို့နိုင်ငံ၏ ပင်မ ရေချိုသယံဇာတသိုက်ကြီးများပင် ဖြစ်သည်။ အခြား ရေချိုမြစ်ကြီးများစွာလည်း ရှိသည်။

ဧရာဝတီမြစ်သည် မိုင်ပေါင်း ၁၃၅၀ ကျော်ရှည်လျားသောမြစ်ဖြစ်ပြီး မြန်မာပြည်၏ အသက်သွေးကြောမြစ်ကြီးဟုပင် ဆိုကြသည်။ လယ်ယာစိုက်ပျိုးရေးအတွက် အားထားရသောကြောင့် ဖြစ်သည်။ သံလွင်မြစ်သည်လည်း တရုတ်ပြည်မြောက်ပိုင်းတွင် မြစ်ဖျားခံပြီး ရှမ်းကုန်းမြေမြင့်ကိုဖြတ်၍ မွန်ပြည်နယ်မှတစ်ဆင့် မုတ္တမပင်လယ်ထဲသို့ စီးဝင်ပြီး မိုင်ပေါင်း ၁၇၄၉ မိုင် ရှည်လျားသည့် သဘာဝ ရေသယံဇာတအရင်းအမြစ်ကြီးတစ်ခုဖြစ်သည်။ မြန်မာနိုင်ငံတွင် နှစ်စဉ်ရေသုံးစွဲမှုမှာ စိုက်ပျိုးရေးအတွက် ၉၀ ရာခိုင်နှုန်းရှိပြီး စက်ရုံအလုပ်ရုံနှင့် သောက်သုံးရေအတွက် ရေသုံးစွဲမှုမှာ ၁၀ ရာခိုင်နှုန်းသာ ရှိသည်။ မြန်မာနိုင်ငံအနေဖြင့် နှစ်စဉ်ရေသုံးစွဲမှုမှာ ရေအရင်းအမြစ်၏ ၁၂ ရာခိုင်နှုန်းသာ ရှိသေးသည်။ မြန်မာနိုင်ငံအနေဖြင့် အားရကျေနပ်စရာတစ်ခုလည်း ရှိပါသေးသည်။ ယင်းမှာ ယနေ့လူဦးရေ သန်း ၅၀ ကျော်မှ လာမည့် သက္ကရာဇ် ၂၀၃၀ အတွင်း ယခုလက်ရှိလူဦးရေထက် များပြားစွာ ကျော်လွန်သွားပါကလည်း သောက်သုံးရေနှင့် စိုက်ပျိုးရေအတွက် သုံးစွဲမည့် ရေပမာဏမှာ တိုးလာမည်မဟုတ်ကြောင်း ဆောင်းပါးတစ်ပုဒ်၌ ဖတ်လိုက်ရသည်။ *စာမျက်နှာ ၂၁ သို့*

## မီးလောင်၍ လယ်ယာဆုံးရှုံးသွားသောတောင်သူများ၏ မျိုးစေ့လိုအပ်ချက် တင်ပြတောင်းခံ

**မင်းဘူး မတ် ၂၁**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူး(စကု)မြို့နယ် ကိုင်းမကြီးကျေးရွာတွင် မတ် ၁၁ ရက်က မီးလောင်၍ ဆုံးရှုံးသွားသော တောင်သူများ၏ မျိုးလိုအပ်ချက်အတွက် မျိုးစေ့များ ထောက်ပံ့ပေးနိုင်ပါရန် တင်ပြတောင်းခံထားကြောင်း မြို့နယ်စိုက်ပျိုး ရေးဦးစီးဌာနမှ သိရသည်။

ကိုင်းမကြီးကျေးရွာတွင် မီးလောင်ဆုံးရှုံးထားသည့် အိမ်ထောင်စုပေါင်း ၇၂ စု ရှိပြီး လယ်/ယာ ကိုင်းကျွန်း လုပ်ကိုင်သူ ၂၄ ဦး၊ ၂၀၅ ဒသမ ၆၂ ဧကရှိကြောင်း ကိုင်းမကြီး ကျေးရွာအုပ်ချုပ်ရေးမှူး ဦးဇော်လင်းထံမှ သိရသည်။

အဆိုပါ ဧကပေါင်း ၂၀၅ ဒသမ ၆၂ ဧကထဲမှ စပါးမျိုး ၁၀ တင်း၊ နှမ်း ၂၄၉ ဒသမ ၁ ပြည်၊ မြေပဲတင်း ၃၀၊ ပဲတီစိမ်း ၁၆၈ ပြည်တို့ကို မျိုးလိုအပ်ချက်အတွက် တင်ပြတောင်းခံထားကြောင်း မင်းဘူး(စကု) မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာန လက်ထောက်ဦးစီးမှူး ဦးဇော်မင်းသူထံမှ သိရသည်။

**ဇေယျာထက်(မင်းဘူး)**

## ရေချွေတာရေး နည်းလမ်းများ

- ဆပ်ပြာတိုက်နေစဉ်အတွင်း ရေပန်းကို ဖွင့်မထားပါနှင့်။ ရေကိုမြန်မြန်ချိုးပြီး၊ ဆပ်ပြာတိုက်နေစဉ် သို့မဟုတ် ခေါင်းလျှော်နေစဉ် ပိုက်ခေါင်းပိတ်ထားပါ။
- သွားတိုက်နေစဉ် ဘုံပိုင်ခေါင်း ဖွင့်မထားပါနှင့်။ သွားတိုက်လျှင် ရေဖန်ခွက် အမြဲသုံးပါ။

## ညောင်ဦးမြို့နယ် ချောင်းရှည်ကျေးရွာတွင် စက်ရေတွင်း ချွတ်ယွင်းပျက်စီးနေ၍ ရေအခက်ကြုံနေသည့် ပြည်သူများအား ရေဂါလန် ၆၀၀၀ သွားရောက်လှူဒါန်း



**ညောင်ဦး မတ် ၂၁**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ချောင်းရှည်ကျေးရွာတွင် စက်ရေတွင်း ချွတ်ယွင်းပျက်စီးနေသဖြင့် ဒေသခံပြည်သူများ သောက်သုံးရေရှားပါးမှု အခက်အခဲများ ကြုံတွေ့နေသဖြင့် ညောင်ဦးမြို့နယ် ဖြူစင်မေတ္တာနှင့် သုမင်္ဂလာ ပရဟိတရေလှူအသင်းက ရေသယ်ယာဉ်ဖြင့် သောက်သုံးရေဂါလန် ၆၀၀၀ ကို မတ် ၂၁ ရက်က သွားရောက်လှူဒါန်းသည်။

ညောင်ဦးမြို့နယ် ချောင်းရှည်ကျေးရွာသည် အိမ်ခြေ ၅၀၀ ကျော်ရှိပြီး လူဦးရေ ၂၇၀၀ နီးပါး နေထိုင်လျက်ရှိကာ နှစ်စဉ်ပွင့်လင်းရာသီချိန်တွင် သောက်သုံးရေအတွက် ကျေးရွာရှိ စက်ရေတွင်းကိုသာ မှီခိုအားထားနေရကြောင်း၊ ယခုအခါ စက်ရေတွင်းမှာ ချွတ်ယွင်းပျက်စီးနေပြီး ဒေသခံ ကျေးလက်နေပြည်သူများ သောက်သုံးရေရှားပါးမှု အခက်အခဲများနှင့် ရင်ဆိုင်ကြုံတွေ့နေရ၍ သောက်သုံးရေ လာရောက်လှူဒါန်းပေးနိုင်ရေး ညောင်ဦးမြို့နယ် ဖြူစင်မေတ္တာနှင့် သုမင်္ဂလာ ပရဟိတရေလှူအသင်းထံ ဆက်သွယ်အကူအညီ တောင်းခံခဲ့သဖြင့် အသင်းသားများက ချောင်းရှည်ကျေးရွာမှ ဒေသခံပြည်သူများအတွက် သောက်သုံးရေဂါလန် ၆၀၀၀ ကို အိမ်ထောင်စု လူဦးရေအလိုက် စနစ်တကျ ခွဲဝေလှူဒါန်း ပေးခဲ့ခြင်းဖြစ်ကြောင်း အဆိုပါ ပရဟိတရေလှူအဖွဲ့မှ နာယကဆရာတော် ဦးသာဂရထံမှ သိရသည်။

**ရဲဝင်းနိုင်**
**(ညောင်ဦး)**

*စာမျက်နှာ ၂၀ မှ*

သို့သော် ယခုအခါ ရေသယံဇာတ ညစ်ညမ်းလာသည့်အပြင် ကန်ချောင်းများ၌ ရေခန်းခြောက်လာသည်ကိုတော့ သတိပြုသင့်ပါသည်။ ထိုသို့ဖြစ်ပေါ်လာခြင်းသည် ရေသယံဇာတကို ထိန်းသိမ်းကြဟု သတိပေးနေသယောင်ပင် ဖြစ်သည်။

### မြစ်ရေခွဲဝေသုံးစွဲနေသောနိုင်ငံများ

ရေသည် ရှားပါး၍ တန်ဖိုးကြီးမားသည်ကို အထက်တွင် စာရေးသူဖော်ပြခဲ့သည်များကို ကြည့်ခြင်းအားဖြင့် သိသာနိုင်မည်ဖြစ်သည်။ ရေချိုပမာဏ နည်းပါးလှသည့်အထဲ နေ့စဉ်သုံးစွဲမှုပမာဏ၊ စက်မှုလက်မှုလုပ်ငန်းများမှ သုံးစွဲမှုပမာဏအပြင် ရေထုညစ်ညမ်းခြင်းကြောင့် ရေချိုရှားပါးလာခြင်းတို့ကိုပါ ထည့်သွင်းပါက နည်းပါးလှသော ရေချိုပမာဏသည် ပို၍နည်းပါးသွားမည်ဖြစ်သည်။

ထို့အပြင် ယနေ့တိုးတက်လာသော လူဦးရေအရလည်း ရေချိုပမာဏ နည်းပါးလာနိုင်ပြန်သည်။ ထို့ကြောင့် လာမည့် ၂၀၂၅ ခုနှစ်လောက်တွင် ကမ္ဘာ့လူဦးရေ၏ ငါးပုံနှစ်ပုံသည် ရေရှားပါးမှုနှင့်ကြုံတွေ့နိုင်သည်ဟု သိရသည်။

ကမ္ဘာပေါ်တွင် ရေသယံဇာတကို အကြောင်းပြု၍ အကြမ်းဖက်မှုများ ဖြစ်ပွားလာနိုင်ကြောင်းလည်း မှတ်သားရသည်။ ယနေ့ကမ္ဘာပေါ်ရှိ အချို့သောနိုင်ငံများသည် ရေကိုအကြောင်းပြု၍ ပြဿနာများ ဖြစ်ပွားနေဆဲဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် ရေသည် လူမှုရေး၊ စီးပွားရေးအတွက် အခြေခံလိုအပ်ချက်တစ်ခုဖြစ်သောကြောင့်ဖြစ်သည်။ ယနေ့အချိန်အထိ ရေပြဿနာကို ရင်ဆိုင်ဖြေရှင်းနေကြရသော နိုင်ငံရှစ်နိုင်ငံရှိသည်ဟု သိရသည်။ ဗြဟ္မာပုတ္တရမြစ်ရေနှင့် ဂင်္ဂါမြစ်ရေကြောင့် ဘူတန်၊ နီပေါ၊ အိန္ဒိယနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံများသည် ရေပြဿနာနှင့် ရင်ဆိုင်နေရသည်။ ယူဖရေးတီးမြစ်နှင့် တိုက်ဂရစ်မြစ်ကို အကြောင်းပြု၍ အီရတ် - ဆီးရီးယားနှင့် တူရကီနိုင်ငံများ၊ ကော်လိုရာဒိုမြစ်နှင့် ရီယိုဂရန်ဒီမြစ်ကို အကြောင်းပြု၍ အမေရိကန်နှင့် မက္ကဆီကိုနိုင်ငံ၊ နိုင်းမြစ်ကို အကြောင်းပြု၍ အီဂျစ် - အီသီယိုးပီးယားနှင့် ဆူဒန်နိုင်ငံများ၊ ဘီယာဆူလက်မြစ်နှင့် ရာဗီမြစ်ကို အကြောင်းပြု၍ အိန္ဒိယနှင့်ပါကစ္စတန်နိုင်ငံ စသည့်

**ယူဖရေးတီးမြစ်နှင့် တိုက်ဂရစ်မြစ်ကို အကြောင်းပြု၍ အီရတ် -ဆီးရီးယားနှင့် တူရကီနိုင်ငံများ၊ ကော်လိုရာဒိုမြစ်နှင့် ရီယိုဂရန်ဒီမြစ်ကို အကြောင်းပြု၍ အမေရိကန်နှင့် မက္ကဆီကိုနိုင်ငံ၊ နိုင်းမြစ်ကို အကြောင်းပြု၍ အီဂျစ်- အီသီယိုးပီးယားနှင့် ဆူဒန်နိုင်ငံများ၊ ဘီယာဆူလက်မြစ်နှင့် ရာဗီမြစ်ကို အကြောင်းပြု၍ အိန္ဒိယနှင့်ပါကစ္စတန်နိုင်ငံ စသည့်နိုင်ငံအသီးသီးသည် မြစ်ရေဆိုင်ရာ ပြဿနာများကို ဖြေရှင်းနေရဆဲဖြစ်ကြောင်း သိရသည်။ ထိုနိုင်ငံများသည် ထိုမြစ်များ၏ ဘေးတစ်ဖက်တစ်ချက်တွင် တည်ရှိပြီး ရေသုံးစွဲရာတွင် သူများသည် ငါများသည် ဟူ၍ ပြဿနာတက်နေသည်မှာ ယနေ့တိုင်ဖြစ်သည်။ ဤအချက်များအရ ရေသယံဇာတ၏ တန်ဖိုးကို သိနိုင်သည်**

နိုင်ငံအသီးသီးသည် မြစ်ရေဆိုင်ရာ ပြဿနာများကို ဖြေရှင်းနေရဆဲဖြစ်ကြောင်း သိရသည်။ ထိုနိုင်ငံများသည် ထိုမြစ်များ၏ ဘေးတစ်ဖက်တစ်ချက်တွင် တည်ရှိပြီး ရေသုံးစွဲရာတွင် သူများသည် ငါများသည် ဟူ၍ ပြဿနာတက်နေသည်မှာ ယနေ့တိုင်ဖြစ်သည်။ ဤအချက်များအရ ရေသယံဇာတ၏ တန်ဖိုးကို သိနိုင်သည်။

### ရေသယံဇာတ ချွေတာသုံးစွဲကြ

အင်္ဂလိပ်ဆိုရိုးစကားတစ်ခု ရှိသည်။ "The best things in life are free"ဟူ၍ ဖြစ်သည်။ ဘဝမှာ အကောင်းဆုံးအရာများကို အခမဲ့ရနိုင်အောင် သဘာဝကြီးက ဖန်တီးပေးထားသည်ဟု အဓိပ္ပာယ်ရသည်။ “ဖားသူငယ်သည် သူအသက်ရှင်နေထိုင်ခွင့်ရသည့် ကန်ထဲကရေကို မသောက်”ဟု ရှေးက အင်ကာလူမျိုးတို့ အဆိုလည်းရှိသည်။ ဤစကားမှာ သတ္တဝါများပင် မိမိ၏အသက်ဇီဝ တည်ရာရေကို တန်ဖိုးထားကြောင်း သာဓကပင်ဖြစ်သည်။ ထို့ကြောင့် ရေချိုသယံဇာတကို ချွေတာသုံးစွဲသင့်သည်။

### ရေချွေတာရန် နည်းလမ်းအချို့

ချွေတာသုံးစွဲရမည့်နည်းလမ်းအချို့မှာ ရေကို မလိုအပ်ဘဲ မသုံးစွဲခြင်းနှင့် လိုအပ်မှသာ ထိရောက်အောင်သုံးစွဲခြင်း၊ ရေအလေအလွင့်ဖြစ်စေသော ပိုက်ပေါက်များကို ပြုပြင်ခြင်း၊ အိုးခွက်များကို ဆေးကြောရာတွင် ပထမဆုံးရေအစား ဆန်ဆေးရေကိုသုံးစွဲခြင်း၊ ပန်းကန်ဆေးရေကို သစ်ပင်ရေလောင်းရာတွင် အသုံးပြုခြင်း၊ မိုးရေကို စနစ်တကျခံယူသုံးစွဲခြင်း၊ ရေထုညစ်ညမ်းမှုမဖြစ်အောင် ထိန်းသိမ်းပေးခြင်းနှင့် ရေသောက်ရာတွင် ရေကိုကုန်နိုင်သလောက်သာ ခပ်သောက်ခြင်းစသည်တို့ဖြစ်သည်။

### ရေအရင်းအမြစ် ထိန်းသိမ်းစို့

ရေသည် ကမ္ဘာပေါ်တွင် သဘာဝအလျောက်ရရှိနေသော အဖိုးတန်သယံဇာတတစ်မျိုး ဖြစ်သည်။ သဘာဝကပေးသဖြင့် အလကားရနိုင်သော်လည်း အလဟဿမဖြစ်အောင် သုံးစွဲဖို့လိုသည်။ ကမ္ဘာ့လူဦးရေတိုးပွားမှုအရ ရေကိုစနစ်တကျ သုံးစွဲရေးသည် အရေးကြီးသော အခန်းကဏ္ဍဖြစ်လာသည်။ စားနပ်ရိက္ခာဖူလုံစေဖို့အတွက်လည်း ရေအရင်းအမြစ်သည် အထူးလိုအပ်သည်။ ထို့ကြောင့်လည်း “ ကမ္ဘာ့စားနပ်ရိက္ခာဖူလုံဖို့ ရေအရင်းအမြစ် ထိန်းသိမ်း စို့” ဟူသောဆောင်ပုဒ်များ ပေါ်ထွက်လာခဲ့ခြင်းဖြစ်သည်။

ကမ္ဘာ့ရေသယံဇာတကို ထိန်းသိမ်းနိုင်စေရန်အတွက် ၁၉၉၃ ခုနှစ်မှစ၍ ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေညီလာခံကြီးက မတ် ၂၂ ရက်ကို ပထမဆုံး ကမ္ဘာ့ရေသယံဇာတနေ့အဖြစ် သတ်မှတ်၍ ကျင်းပလာခဲ့သည်မှာ ယခုဆို ၂၉ နှစ်ရှိပြီ ဖြစ်သည်။ ကမ္ဘာကြီးတွင်ရှိသော ရေများအနက် အမှန်တကယ်သုံးစွဲနိုင်သောရေပမာဏမှာ ၃ ရာခိုင်နှုန်း သာရှိသဖြင့် အလွန်နည်းသော ပမာဏဖြစ်သည်။ ထိုအထဲတွင် စီးပွားရေးကဏ္ဍ၊ စိုက်ပျိုးရေးကဏ္ဍ၊ အခြားအထွေထွေအသုံးပြုမှုနှင့် ကမ္ဘာ့ရေထုညစ်ညမ်းမှုကြောင့် သုံးစွဲနိုင်သည့် ကမ္ဘာ့ရေပမာဏသည် အလွန်နည်းပါးလာသည်ဖြစ်၍ အဖိုးတန်သော ရေသယံဇာတကို ထိန်းသိမ်းကြရန် ကမ္ဘာ့ရေသယံဇာတနေ့တွင် တိုက်တွန်းရေးသားလိုက်ပါသည်။ ။

# ၁၃၈၃ ခုနှစ် ရန်ကုန်မြို့တော်ဗဟိုမဏ္ဍပ် မဟာသင်္ကြန်ရေသဘင်ပွဲတော်ကျင်းပနိုင်ရေး ညှိနှိုင်းအစည်းအဝေးကျင်းပ

**ရန်ကုန် မတ် ၂၁**

မြန်မာသက္ကရာဇ် ၁၃၈၃ ခုနှစ်၊ ၂၀၂၂ ခုနှစ် ရန်ကုန်မြို့တော်ဗဟိုမဏ္ဍပ် မဟာသင်္ကြန်ရေသဘင်ပွဲတော် ကျင်းပရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၉ နာရီက ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ မြို့တော်ခန်းမ ပထမထပ်ရှိအစည်းအဝေး ခန်းမ(၄)၌ ကျင်းပသည်။

အစည်းအဝေးသို့ ရန်ကုန်မြို့တော်ဗဟိုမဏ္ဍပ် မဟာသင်္ကြန်ရေသဘင်ပွဲတော် ကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်မြို့တော်ဝန် ဦးဗိုလ်ဌေး၊ လုပ်ငန်းကော်မတီအတွင်းရေးမှူး၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး ဦးညွန့်ဖေ၊ ကော်မတီဝင်များ၊ ဌာနမှူးများ၊ ဒုတိယ ဌာနမှူးများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် သက်ဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြို့တော်ဝန်က ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးအတွက် ၂၀၂၀ ပြည့်နှစ်နှင့် ၂၀၂၁ ခုနှစ်တို့တွင် ရေသဘင်ပွဲတော်ကို ကျင်းပခြင်း မရှိသော်လည်း ယခု ၂၀၂၂ ခုနှစ်တွင် ဗဟိုမဏ္ဍပ် မဟာသင်္ကြန် ရေသဘင်ပွဲတော်ကို စည်ကား သိုက်မြိုက်စွာ ကျင်းပနိုင်ရေး သက်ဆိုင်ရာဌာနများ နှင့် အနုပညာရှင်များ ပူးပေါင်း၍ ဝိုင်းဝန်းလုပ်ဆောင် ကြရန်၊ ရေသဘင်ပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေး အဓိကဦးစားပေး လုပ်ဆောင်ကြရန်၊ ယခင်နှစ်များနည်းတူ လမ်းလျှောက်သင်္ကြန်ကိုလည်း ထည့်သွင်း၍ ပါဝင်ဆင်နွှဲနိုင်ရေးကိုလည်း လုပ်ဆောင် ကြရန်၊ ဗဟိုမဏ္ဍပ်ဖြစ်မြောက်ရေးအတွက် ဌာန ဆိုင်ရာများမှ ဆပ်ကော်မတီများဖွဲ့စည်း၍ ပူးပေါင်း လုပ်ဆောင်ကြရန်၊ ယိမ်းပြိုင်ပွဲများလည်း ပါဝင် ကျင်းပမည်ဖြစ်သောကြောင့် ယိမ်းအကပြိုင်ပွဲ လျှောက်လွှာများလည်း ခေါ်ယူနေပြီဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် လုပ်ငန်းကော်မတီ အတွင်းရေးမှူး က ရန်ကုန်မြို့တော်ဗဟိုမဏ္ဍပ် မဟာသင်္ကြန် ရေသဘင်ပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင် ရေးအတွက် ဆွေးနွေးပြောကြားပြီး လုပ်ငန်း ကော်မတီ တွဲဖက်အတွင်းရေးမှူး၊ စီမံရေးရာဌာန၊ ဌာနမှူး ဦးကျော်မင်းက ဆပ်ကော်မတီများ ဖွဲ့စည်း ထားရှိမှု၊ လုပ်ငန်းတာဝန်များ ခွဲဝေထားရှိမှုတို့အား



ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ တက်ရောက်လာသော ဌာနမှူး များနှင့် ဧည့်သည်တော်များက သင်္ကြန်ပွဲတော် ကျင်းပနိုင်ရေးနှင့် ပတ်သက်၍ လုပ်ငန်းကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြသည်။

ယခုအခါ ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှု လျော့ပါးလာသည့်အလျောက် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏ လမ်းညွှန်မှုကိုခံယူ၍ ရန်ကုန် မြို့တော်နေပြည်သူများ စိတ်လက်ပေါ့ပါးပြီး ပျော်ရွှင် ချမ်းမြေ့စေရေးအတွက် ရန်ကုန်မြို့တော်စည်ပင် သာယာရေး ကော်မတီက ရန်ကုန်မြို့တော် မဟာသင်္ကြန်ကို မြန်မာ့ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးစံ များနှင့်အညီ ယခု မြန်မာသက္ကရာဇ် ၁၃၈၃ ခုနှစ်တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# မြို့နယ်များ၌ လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲများ ကျင်းပ

**လဲချား**

လဲချားမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အခြေခံပညာဦးစီးဌာနနှင့် အားကစားနှင့် ကာယပညာဦးစီးဌာနတို့ ပူးပေါင်း၍ လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲကို အခြေခံပညာ အထက်တန်းကျောင်း၌ မတ် ၂၁ ရက်က ကျင်းပသည်။

ဟောပြောပွဲတွင် မြို့နယ်ပညာရေးမှူး (ကိုယ်စား) အထက ကျောင်းအုပ်ဆရာမကြီး ဒေါ်မိုးစန္ဒာလွင်က "စိတ်ဓာတ်ကောင်းပြီး စည်းကမ်းရှိမှ တိုးတက်မည်" ခေါင်းစဉ်၊ ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်နန်းမြင့်မြင့်ဆွေ က " အကျင့် စာရိတ္တကောင်းမွန်ရေးနှင့် မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး" ခေါင်းစဉ်၊ မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနမှူးဦးထိန်လင်းက "လူငယ်နှင့် အားကစားစိတ်ဓာတ်မြှင့်တင်ရေး" ခေါင်းစဉ်များဖြင့် ဟောပြောသည်။

**မြို့နယ် (ပြန်/ဆက်)**

**နမ့်စန်(တ)**

ရှမ်းပြည်နယ်တောင်ပိုင်း နမ့်စန်မြို့နယ် အမှတ် (၅) ရပ်ကွက် အခြေခံပညာအထက်တန်းကျောင်းခွဲ၌ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မြို့နယ်ပညာရေးဌာနနှင့် မြို့နယ် အားကစားနှင့် ကာယပညာဦးစီးဌာနတို့ပူးပေါင်း၍ လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲကို မတ် ၂၁ ရက်က ကျင်းပသည်။

ဟောပြောပွဲတွင် မြို့နယ်ပညာရေးမှူး ဦးမြင့်လွင်က လူငယ်များ စိတ်ဓာတ်ကောင်းမွန်ရေးနှင့် စည်းကမ်းလိုက်နာရေး ခေါင်းစဉ်ဖြင့် အသိပညာပေးဟောပြောခဲ့ပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ဥမ္မာအောင်က လူငယ်နှင့် စာရိတ္တ၊ လူငယ်နှင့်ရည်မှန်းချက် ခေါင်းစဉ်များဖြင့် ဟောပြောကာ မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနမှ ဒုလက်ထောက် ကြီးကြပ်ရေးမှူး ဦးအေးချမ်းနိုင်က လူငယ်နှင့်အားကစား၊ လူငယ်နှင့် မူးယစ်ဆေးအန္တရာယ် စသည့်ခေါင်းစဉ်များဖြင့် အသိပညာပေး ဟောပြောပြီး ကျောင်းသားကျောင်းသူများအတွက် အားကစား ပစ္စည်းများ ပေးအပ်သည်။

**မြို့နယ် (ပြန်/ဆက်)**

**အောင်လံ**

မကွေးတိုင်းဒေသကြီး အောင်လံမြို့နယ်၌ အခြေခံပညာဦးစီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မြို့နယ်အားကစားနှင့်



ကာယပညာဦးစီးဌာနတို့ ပူးပေါင်း၍ လူငယ်ရေးရာ အသိပညာပေး ဟောပြောပွဲကို အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်း ရွှေရတု ခန်းမ၌ ယနေ့ ကျင်းပသည်။

ဟောပြောပွဲတွင် မြို့နယ်ပညာရေးမှူး ဦးချစ်လွင်က အကျင့်စာရိတ္တ ပိုင်း ကောင်းမွန်ရေးဆိုင်ရာ ခေါင်းစဉ်၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးဦးမျိုးသိန်းက လူငယ်များ အသိပညာ ဗဟုသုတတိုးတက်မြင့်မားရေးနှင့် မျိုးချစ်စိတ်ဓာတ်ရှင်သန်ရေး ခေါင်းစဉ်၊ မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနမှ နည်းစနစ်မှူး ဦးဝင်းဇော်အေးက အားကစား၏ အဓိပ္ပာယ်ခေါင်းစဉ်ဖြင့် ဟောပြောခဲ့ပြီး လက်တွေ့သရုပ်ပြမှုများ ဆောင်ရွက်သည်။

**မြို့နယ်(ပြန်/ဆက်)**

**မြဝတီ**

ကရင်ပြည်နယ် မြဝတီခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီး ဌာန၊ ခရိုင်အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြို့နယ်ပညာရေး ဦးစီးဌာနတို့ပူးပေါင်းကာ ယနေ့နံနက်ပိုင်းက လူငယ်ရေးရာ အသိပညာ ပေးဟောပြောပွဲကို အမှတ်(၄)အခြေခံပညာအလယ်တန်းကျောင်းတွင် ကျင်းပသည်။

ဟောပြောပွဲတွင် မြို့နယ်ပညာရေးမှူး ဦးမြင့်ဦးက အမှာစကား ပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မာမာရီက လူငယ်များစာရိတ္တမြင့်မား စေရေး၊ ပေါင်းသင်းဆက်ဆံရေး ထားရှိရမည့် ဘဝရည်မှန်းချက်ပန်းတိုင် များ၊ ကျန်းမာရေးဆိုင်ရာဗဟုသုတများနှင့် မိမိတိုင်းပြည်နှင့် လူမျိုး အပေါ် မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်စေရေးတို့ကို လည်းကောင်း၊ ခရိုင်အားကစားနှင့် ကာယပညာဦးစီးဌာနမှ အငယ်တန်းစာရေး ဒေါ်အိသဇင်က လူငယ်များအနေဖြင့် ကျောင်းပညာရေးအပြင် အားကစားကဏ္ဍ အထူးလေ့လာလိုက်စားစေလိုကြောင်း၊ အားကစား ကဏ္ဍနှင့်သက်ဆိုင်သည့် အခြေခံအချက်(၄)ချက်တို့ကို ဟောပြော သည်။

ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အသိပညာပေးပိုစတာများ၊ ဗဟုသုတရရှိစေမည့် သုတ/ရသစာအုပ်စာစောင်များ ခင်းကျင်းပြသပေး ခဲ့ရာ ကျောင်းသား ကျောင်းသူများက စိတ်ပါဝင်စားစွာလေ့လာဖတ်ရှုကြ ကြောင်း သိရသည်။

**မန်းသန်းရွှေမြင့်(ပြန်/ဆက်)**

**ထားဝယ်**

နိုင်ငံတစ်ဝန်း လူငယ်ဘက်စုံဖွံ့ဖြိုးရေးအစီအစဉ်များအဖြစ် အခြေခံ ပညာကျောင်းများတွင် လူငယ်ရေးရာအသိပညာပေးဟောပြောပွဲကို ဆောင်ရွက်လျက်ရှိရာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အခြေခံပညာဦးစီးဌာနနှင့် အားကစားနှင့် ကာယပညာဦးစီးဌာနတို့ ပူးပေါင်း၍ လူငယ်ရေးရာအသိပညာပေးဟောပြောပွဲကို ယနေ့မွန်းလွဲ ၁ နာရီက ထားဝယ်မြို့ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း ပညာ့ဗိမာန်ခန်းမ၌ ကျင်းပသည်။

ဟောပြောပွဲတွင် ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီး ဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်မာဖြူက " အကျင့် စာရိတ္တကောင်းမွန်ရေးနှင့် မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ခရိုင်အားကစားနှင့်ကာယပညာ ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်စံပယ်သွင်က လူငယ်များ ကျန်းမာ ကြံ့ခိုင်ပြီး ထူးချွန်ထက်မြက်သော အားကစားသမားကောင်းများဖြစ် လာရန်ကိုလည်းကောင်း ဟောပြောသည်။

ဆက်လက်၍ ခရိုင် တာဝန်ခံပညာရေးမှူးဆရာမကြီး ဒေါ်စန်းမွေး က"စိတ်ဓာတ်ကောင်းပြီး စည်းကမ်းရှိမှ တိုးတက်မည်" ခေါင်းစဉ်ဖြင့် ဟောပြောသည်။

ယင်းနောက် တိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးတင်ရွှေက အခြေခံပညာ အထက်တန်း ကျောင်း ခုနစ်ကျောင်းအတွက် အားကစားပစ္စည်းများ ပေးအပ်ရာ ခရိုင်တာဝန်ခံပညာရေးမှူး ဆရာမကြီး ဒေါ်စန်းမွေးက လက်ခံရယူ သည်။

**ရွှေပင်လယ်(ထားဝယ်)**

## ကလိန်အောင်မြို့တွင် (၇၇)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် သတင်းစကားလက်ကမ်းစာစောင်များ အခမဲ့ဖြန့်ဝေ

**ကလိန်အောင် မတ် ၂၁**

မတ် ၂၇ ရက်တွင် ကျရောက်မည့် (၇၇)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် သတင်းစကားလက်ကမ်းစာစောင်များကို ယနေ့နံနက် ၈ နာရီက ထားဝယ်ခရိုင် ကလိန်အောင်မြို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများ က အထက-ကလိန်အောင်ကျောင်းမှ ကျောင်းသား ကျောင်းသူများနှင့်ပြည်သူများ လက်ဝယ်အရောက် အခမဲ့ဖြန့်ဝေပေးသည်။

လက်ကမ်းစာစောင်တွင် ဗိုလ်ချုပ်အောင်ဆန်း၏ ၁၉၄၇ခုနှစ် ဗမာနိုင်ငံလုံးဆိုင်ရာ မီးသတ်အစည်းအရုံးကြီးတွင် ပြောကြားသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်များ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင်၏ (၇၆)နှစ်မြောက်တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားတွင် ပြောကြားသည့် မိန့်ခွန်း ကောက်နုတ်ချက်များ၊ ကဗျာ၊ ကာတွန်း၊ ဆောင်ပုဒ်များပါဝင်ကြောင်းသိရသည်။

**ခင်ခင်လှဲ့**

# မုန်တိုင်းငယ်အန္တရာယ် သတိပေးထုတ်ပြန်ချက်များ လိုက်လံနှိုးဆော်မှုနှင့်အတူ သဘာဝဘေးကာကွယ်ရေး အသင့်စုဖွဲ့ပြင်ဆင်မှုများဆောင်ရွက်

## သုံးခွ

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ်မီးသတ်တပ်ဖွဲ့က မီးဘေးအန္တရာယ်ကြောင့် ပြည်သူများ ၏ အသက်အိုးအိမ်၊ စည်းစိမ်များ ဆုံးရှုံးမှုမဖြစ်ပေါ်စေရေးအတွက် မီးဘေးလုံခြုံရေးအပြင်၊ သဘာဝ ဘေးအန္တရာယ်များ ကျရောက်ဖြစ်ပေါ်ပါကအချိန်နှင့် တစ်ပြေးညီ ကူညီဆောင်ရွက်ပေးနိုင်ရန် ကူညီရှာဖွေကယ်ဆယ်ရေးအဖွဲ့၊ အသင့်စုဖွဲ့ထားရှိသည့်အပြင် ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

မတ် ၂၀ ရက်ကစ၍ မြို့နယ်မီးသတ်စခန်းမှူး ဦးဆောင်၍ မီးသတ်တပ်ဖွဲ့ဝင်များက သဘာဝဘေးအန္တရာယ်ဖြစ်ပေါ်ပါက အချိန်နှင့် တစ်ပြေးညီ အလျင်အမြန်တုံ့ပြန်ကူညီ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်၊ လုပ်ငန်းသုံးကိရိယာပစ္စည်းများအား ရင်းနှီးကျွမ်းကျင်စွာအသုံးပြုတတ်ရန်၊ အသင့်အနေအထားဖြစ်စေရန် လေ့ကျင့်ဆောင်ရွက်လျက် ရှိသည်။ ထို့အတူ မြို့နယ်မီးသတ်တပ်ဖွဲ့မှ တာဝန်ရှိသူများက မုတ္တမပင်လယ်ကွေ့ကမ်းနီးဒေသဖြစ်သော ဇောတိကကျေးရွာ အုပ်ချုပ်ရေးမှူး နေအိမ်၌ ဇောတိက၊ အောင်ပန်းစိန်၊ သမစိတ္တ စသည့်ကျေးရွာများမှ ဒေသခံပြည်သူများအား သဘာဝဘေးအန္တရာယ်ဖြစ်ပေါ်လာပါက ဆောင်ရွက်ရမည့်လုပ်ငန်းအဆင့်ဆင့်ကို အသိပညာပေးရှင်းလင်းပြောကြားခဲ့ပြီး Cyclone Shelter အား ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **ကိုကျော်(သုံးခွ)**

## ဒေးဒရဲ

ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်မီးသတ်ဦးစီးဌာနတို့ ပူးပေါင်း၍ ပြည်သူများအား မုန်တိုင်းငယ်အန္တရာယ် ကြိုတင်ကာကွယ်ရေး သတိပေးထုတ်ပြန်ချက်များကို မတ် ၂၁ ရက်က နံနက် ၈ နာရီမှ စတင်၍ လူစည်ကားရာနေရာများနှင့် မြစ်ကမ်းတစ်လျှောက်၌ အသံချဲ့စက်များဖြင့် လိုက်လံအသိပေးနှိုးဆော်လျက် ရှိသည်။

အဆိုပါ အသိပေးနှိုးဆော်ခြင်းများကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြင့်မြင့်ခိုင်နှင့် ဝန်ထမ်းများ၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးဟန်ဝင်းစိုးနှင့် တပ်ဖွဲ့ဝင်များက မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ မုန်တိုင်းငယ်အန္တရာယ် သတိပေးထုတ်ပြန်ချက်များ၊ မုန်တိုင်းငယ် (Depression) ၏ အရှိန်ကြောင့် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်းများ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနေထိုင်ကြပါရန်နှင့် ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အသံချဲ့စက်များဖြင့် လိုက်လံအသိပေးနှိုးဆော်ခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **အေဇာလင်း**

## ငါးသိုင်းချောင်း

ဧရာဝတီတိုင်းဒေသကြီး ငါးသိုင်းချောင်းမြို့၌ မတ် ၂၁ ရက် နံနက်ပိုင်းက ဒေသခံပြည်သူများမုန်တိုင်းအန္တရာယ်နှင့် သဘာဝဘေးအန္တရာယ်များမှ ကြိုတင်သတိပြုကာကွယ်နိုင်ရေးအတွက် မြို့ပေါ်ရပ်ကွက်များရှိ လမ်းဆုံ၊ လမ်းခွနေရာများတွင် အသံချဲ့စက်ယာဉ်ဖြင့် လှည့်လည်ကြေညာခြင်း၊ ဝေန်မြစ်ကမ်းတစ်လျှောက်ရှိ ရပ်ကွက်များအတွင်း လမ်းပိုင်းများတွင် အသံချဲ့စက်များဖြင့် လိုက်လံအသိပေးကြေညာခြင်းများကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ပေးလျက်ရှိသည်။

သဘာဝဘေးအန္တရာယ်ကျရောက်လာပါက နယ်မြေမီးသတ်စခန်း ရှာဖွေကယ်ဆယ်ရေးအဖွဲ့ဖြင့် ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းများအတွက် ကြိုတင်ပြင်ဆင်စုစည်းဆောင်ရွက်ထားရှိပြီး ဝေန်မြစ်ကမ်းဘေးတစ်လျှောက်ရှိ ရပ်ကွက်၊ ကျေးရွာများတွင်နေထိုင်သည့် ပြည်သူများသို့ မုန်တိုင်းအန္တရာယ်ကျရောက်လာပါက အချိန်မီဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးနိုင်ရေးနှင့် အရေးပေါ်ယာယီကယ်ဆယ်ရေးစခန်းများကိုလည်း ရွှေ့ပြောင်းပေးနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိကြောင်း သိရသည်။ **စိုးမင်းဦး(ပြန်/ဆက်)**

## ကျိုက်လတ်

ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မီးသတ်ဦးစီးဌာနတို့ ပူးပေါင်း၍ မုန်တိုင်းသတိပေးချက်နှင့် ပြည်သူများလိုက်နာဆောင်ရွက်ရန် အချက်များကို မတ် ၂၀ ရက်ကစ၍ မြို့နယ်အတွင်း လိုက်လံအသိပေး နှိုးဆော်ခဲ့ကြသည်။

အသိပေးချက်များတွင် မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပြန်ထားသည့် မုန်တိုင်းငယ်သတိပေးချက်တွင်ပါဝင်သော မုန်တိုင်းငယ်အခြေအနေ၊မုန်တိုင်းငယ်၏တည်နေရာ၊ ဗဟိုချက်လေဖိအားနှင့် လေတိုက်နှုန်း၊ နောက် ၃၆ နာရီအတွင်းခန့်မှန်းချက်၊ သတိပေးနှိုးဆော်ချက်၊ အကြံပြုချက်များနှင့် ပြည်သူများလိုက်နာဆောင်ရွက်ရန် အချက်များကို အသိပေးနှိုးဆော်ခဲ့ကြသည်။ **မြို့နယ်(ပြန်/ဆက်)**



သဘာဝဘေးအန္တရာယ် ကျရောက်လာပါက အချိန်နှင့်တစ်ပြေးညီ ကူညီကယ်ဆယ်နိုင်ရေးအတွက် ဘိုကလေးမြို့နယ် မီးသတ်ဦးစီးဌာန၌ မတ် ၂၁ ရက် နံနက် ၁၀ နာရီက မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့နှင့် ဌာနဆိုင်ရာများ၊ မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်းကာ ကူညီကယ်ဆယ်ရေးပစ္စည်းများ၊ ကူညီကယ်ဆယ်ရေးအဖွဲ့များ အသင့်စုဖွဲ့ထားရှိစဉ်။ မိုးစက်(ဘိုကလေး)



ရခိုင်ပြည်နယ် ဂွမြို့နယ်၌ သဘာဝဘေးအန္တရာယ်များ ကျရောက်လာပါက ကြိုတင်ကာကွယ်ဆောင်ရွက်နိုင်ရေးအတွက် ဌာနဆိုင်ရာများပူးပေါင်း၍ မုန်တိုင်းငယ်သတိပေးချက်ကို ပြည်သူများ သိရှိစေရေးနှင့် ကြိုတင်ကာကွယ်ဆောင်ရွက်နိုင်ရေး အသိပညာပေးနှိုးဆော်မှုများ မတ် ၂၀ ရက် ညနေပိုင်းနှင့်ညပိုင်းက မြို့ပေါ်ရပ်ကွက်များ၊ ရဟိုင်ကူးတို့ကျေးရွာနှင့် ကမ်းခြေဦးတို့သို့ သွားရောက် ဆောင်ရွက်စဉ်။ ရွှေရည်ဝင်းကျော်

## ရေး

မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနမှ ထုန်ပြန်လျက်ရှိသည့် မုန်တိုင်းအန္တရာယ်အသိပေးကြေညာချက်များကို မြို့နယ်မီးသတ်ဦးစီးဌာနက မတ် ၂၁ ရက် နံနက် ၈ နာရီတွင် မြို့နယ်ပေါ်ရပ်ကွက်များနှင့် ချောင်းတောင်ကျေးရွာအတွင်း လှည့်လည်အသိပေးနှိုးဆော်လျက်ရှိသည်။

အဆိုပါ အသိပေးနှိုးဆော်ရာတွင် မုန်တိုင်းအန္တရာယ်အတွက် ကြိုတင်ပြင်ဆင်ထားရှိရမည့် မိမိတို့ အိမ်ပတ်ဝန်းကျင်၌ ဘေးအန္တရာယ်ဖြစ်နိုင်ခြေများနှင့်အိမ်ကြံ့ခိုင်မှုကို စစ်ဆေးရန်၊ အိမ် အနီးရှိ ကျိုးကျနိုင်သော သစ်ပင်သစ်ကိုင်းများကို ရှင်းလင်းထားရန်၊ မိသားစုများအရေးပေါ်ပြောင်းရွှေ့နိုင်ရန်နေရာ၊ လမ်းကြောင်းများနှင့် မိသားစုဆုံရပ်ကို ကြိုတင်သတ်မှတ်ထားရန်၊ အရေးပေါ်သုံးပစ္စည်းများနှင့် အသက်ကယ်ပစ္စည်းများကို ကြိုတင်ပြင်ဆင်ထားရှိရန်၊ သက်ဆိုင်ရာမှထုတ်ပြန်သော မိုးလေဝသသတင်းများကို စဉ်ဆက်မပြတ် နားထောင်ပြီး အကြံပြုချက်များကို လိုက်နာကြရန်၊ မုန်တိုင်းဖြစ်ပေါ်နေချိန်တွင် ရှောင်ရှားရမည့်အချက်များ လှည့်လည်နှိုးဆော်ကြသည်။

ထို့နောက် မြို့နယ်မီးသတ်ဦးစီးမှူးရုံးနှင့် ရန်ကြီးအောင် အရန်မီးသတ်စခန်းများတွင်လည်း မုန်တိုင်းကျရောက်လာပါက လိုအပ်သည့် ရှာဖွေကယ်ဆယ်ရေးပစ္စည်းများကိုလည်း အဆင်သင့်ပြင်ဆင်ထားရှိပြီးဖြစ်ကြောင်း သိရသည်။ **ခင်သိမ့်သိမ့်ရည် (ပြန်/ဆက်)**

## ကြံခင်း

ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့၌ မိုးလေဝသနှင့် ဇလဗေဒဦးစီးဌာနမှ မုန်တိုင်းသတိပေးထုတ်ပြန်ချက်ကို ပြည်သူများသတိပြုသိရှိပြင်ဆင်ဆောင်ရွက်နိုင်ရန် မတ် ၂၀ ရက် ညနေ ၆ နာရီခွဲ က မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မြို့နယ်မီးသတ်ဦးစီးဌာန၊ မြို့နယ်ရဲတပ်ဖွဲ့မှ တာဝန်ရှိသူများပူးပေါင်း၍ ကြံခင်းမြို့ပေါ်ရပ်ကွက်များ၊ လမ်းများနှင့် လူစည်ကားရာလမ်းထိပ်နေရာများ၌ အသံချဲ့စက်ဖြင့် အသိပေးနှိုးဆော်ခဲ့သည်။ (အောက်ပုံ)

ထို့ပြင် ကြံခင်းမြို့နယ်မီးသတ်ဦးစီးဌာနမှ မြို့နယ်မီးသတ်ဦးစီးမှူး ဦးကိုကိုနိုင်နှင့် သန္နေမီးသတ်တပ်ဖွဲ့ဝင်များက သဘာဝဘေးအန္တရာယ် ရုတ်တရက်ကျရောက်ပါက ကာကွယ်ရေးလုပ်ငန်းများဆောင်ရွက်နိုင်ရန် အသက်ကယ်ပစ္စည်းများကို အသင့်အနေအထားပြင်ဆင်ဆောင်ရွက်ထားကြောင်း မြို့နယ်မီးသတ်ဦးစီးမှူးထံမှ သိရသည်။ **မိုးမိုး(ပြန်/ဆက်)**








# ဘင်္ဂလားပင်လယ်အော်တွင်ဖြစ်ပေါ်နေသော မုန်တိုင်းငယ်နှင့်ပတ်သက်၍ ကြိုတင်ပြင်ဆင်ဆောင်ရွက်နိုင်ရန်အတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ပြုလုပ်

**နေပြည်တော် မတ် ၂၁**
ဘင်္ဂလားပင်လယ်အော်တွင် ဖြစ်ပေါ်နေသော မုန်တိုင်းငယ်နှင့် ပတ်သက်၍ ကြိုတင်ပြင်ဆင်ဆောင်ရွက်နိုင်ရန်အတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ(၁)၌ ပြုလုပ်ရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်အောင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြပြီး ခရိုင် ငါးခရိုင်မှ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ ဥက္ကဋ္ဌများက Video Conferencing စနစ်ဖြင့် တက်ရောက်ကြသည်။

အစည်းအဝေးတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားပြီး တိုင်းမှူးက သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကိစ္စရပ်များကို ဆွေးနွေးပြောကြားသည်။ ထို့နောက် တိုင်းဒေသကြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ တိုင်းဦးစီးမှူး၊ တွဲဖက်အတွင်းရေးမှူးနှင့် ခရိုင်ငါးခရိုင်မှ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ ဥက္ကဋ္ဌများက သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကိစ္စရပ်များကို ဆွေးနွေးတင်ပြကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# မုန်တိုင်းအန္တရာယ်ရှောင်ရှားနိုင်ရန် ငါးဖမ်းရေယာဉ်များအား အသိပေးနှိုးဆော်ထား

**ရန်ကုန် မတ် ၂၁**
ဘင်္ဂလားပင်လယ်အော်မှ မြန်မာပြည်ကုန်းတွင်းပိုင်းသို့ ဝင်ရောက်မည့် အာဆာနီ(Asani)မုန်တိုင်းကြောင့် ရခိုင်ပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးရှိ ပင်လယ်ပြင်ငါးဖမ်းစက်လှေ၊ ငါးသယ်ယာဉ်နှင့် ကျားဖောင်လုပ်သားများ အသက်အန္တရာယ်ကင်းဝေးစေရန် မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနနှင့် ငါးလုပ်ငန်းဦးစီးဌာနတို့မှ အထူးသတိပေးနှိုးဆော်ထားကြောင်း သိရသည်။

လေဖိအားနည်းဖြစ်ပေါ်ရာမှ အားကောင်းသော မုန်တိုင်းငယ် အဖြစ်သို့ပြောင်းလဲသော အာဆာနီမုန်တိုင်းရွေ့လျားမှုကို မြန်မာ့ကမ်းရိုးတန်းနှင့် ကုန်းတွင်းပိုင်းသို့ဝင်ရောက်နိုင်မှုကို မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ အချိန်နှင့်တစ်ပြေးညီ သတင်းထုတ်ပြန်လျက်ရှိပြီး မတ် ၂၁ ရက် ညပိုင်းတွင် ကိုကိုးကျွန်းအနီးနှင့် ၂၂ ရက် နံနက်ပိုင်းတွင် ဟိုင်းကြီးကျွန်းသို့လည်းကောင်း၊ မတ် ၂၃ ရက်တွင် ရခိုင်ကမ်းရိုးတန်းတောင်ပိုင်း သံတွဲမှ ကုန်းတွင်းပိုင်းသို့ မုန်တိုင်းဝင်ရောက်မည်ဖြစ်ကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သတင်း ထုတ်ပြန်ထားသည်။

"မုန်တိုင်းလမ်းကြောင်းက သံတွဲနဲ့ ကျောက်ဖြူကြားဖြစ်တဲ့ ရခိုင်ပြည်နယ် ကမ်းရိုးတန်းအလယ်ပိုင်းကို ဖြတ်သန်းနိုင်တယ်။ မုန်တိုင်းအန္တရာယ်သုံးမျိုးဖြစ်တဲ့ မိုးသည်းထန်ခြင်း၊ လေပြင်းတိုက်ခတ်ခြင်းနဲ့ မုန်တိုင်းဒီရေတက်ခြင်းဆိုပြီး ရှိမယ်။ လက်ရှိလမ်းကြောင်းအရ မုန်တိုင်းရဲ့ လက်ယာဘက်လမ်းကြောင်းမှာ ကျရောက်နေတဲ့ ဧရာဝတီတိုင်းဒေသကြီးဟာ အထူးသတိထားရမှာပါ။ ပြီးတော့ မွန်၊ တနင်္သာရီ ကမ်းရိုးတန်းနဲ့ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက် သတိထားရမှာပါ။ ကုန်းပေါ်ဒေသတွေဆိုရင် မိုးသည်းထန်စွာရွာပြီး ရုတ်တရက်ရေကြီးတာ၊ တောင်ကုန်း၊ တောင်တန်းနဲ့ တောင်စောင်းတွေ၊ မြေတွေပြိုတာတွေ အထူးသတိထားရမယ်။ ပင်လယ်မှာဆိုရင် မုန်တိုင်းမရောက်မီ မုန်တိုင်းရှေ့ပြေး တိမ်တိုက်တွေရောက်လာတတ်တဲ့အတွက် လေဆင်နှာမောင်းကို သတိပြုရမှာပါ။ မိုးတိမ်တောင်တွေကနေ လျှပ်စီးလက် မိုးကြိုးပစ်တာတွေ ကြုံရနိုင်တယ်။ မတ်လမှာ မုန်တိုင်းဖြစ်တာရှားတယ်။ ဖြစ်ခဲ့ရင် အိန္ဒိယကမ်းခြေဘက်ကို သွားတာများတယ်။ ဒီနေ့ကစပြီး မတ် ၂၃ ရက် မွန်းလွဲပိုင်းမှာ မုန်တိုင်းအန္တရာယ်ကင်းသွားမှာဆိုတော့ သဘာဝအန္တရာယ်အတွက် ကြိုတင်ရှောင်ရှားပြင်ဆင်ထားဖို့ လိုပါတယ်။ မတ် ၂၁ ရက် ညပိုင်းနဲ့ ၂၂ ရက်တွေဟာ မုန်တိုင်းအန္တရာယ် အများဆုံးရင်ဆိုင်ရမယ့် အချိန်ဖြစ်တာကြောင့် အားလုံး အထူးသတိထားပြီး ပြင်ဆင်ထားဖို့ လိုပါတယ်"ဟု နေပြည်တော် မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးလှထွန်းက ပြောသည်။

ရခိုင်ပြည်နယ်သို့ မတ် ၂၃ ရက်တွင် မုန်တိုင်းဝင်ရောက်မည်ဟု ခန့်မှန်းထားပြီး ယနေ့တွင် မိုးအုံ့လျက်ရှိသည်။ ပင်လယ်ပြင်ရှိ ငါးဖမ်းရေယာဉ်များနှင့် ငါးသယ်ရေယာဉ်များဝင်ရောက်ရန် ရခိုင်ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာနမှ အထူးသတိပေးထုတ်ပြန်ထားရာ ငါးဖမ်းရေယာဉ် အစင်း ၁၅ဝ ခန့် ဝင်ရောက်ရန်ရှိနေပြီး ငါးဖမ်းရေယာဉ်အချို့မှာ နီးစပ်ရာကျွန်းများသို့ ဝင်ရောက်နားခိုလျက်ရှိသည်။

"မုန်တိုင်းက မတ် ၂၃ ရက်မှာ ရခိုင်ပြည်နယ်ကို ဝင်နိုင်တာကြောင့် ကမ်းကိုဝင်ရောက်မယ့် ငါးဖမ်းရေယာဉ်တွေကို ဝင်ရောက်ခွင့်ပြုကြောင်း အသိပေးထားပါတယ်။ ပင်လယ်ပြင်က ရေယာဉ် ၁၅ဝ ကျော်ဟာ ကမ်းဘက်ကို ရွှေ့လာကြပြီးတော့ ရာသီဥတုဖောက်လာရင် ပြေးဝင်လာကြမှာပါ။ စက်တပ်ရေယာဉ်တွေဖြစ်တဲ့အတွက် အမြန်ဝင်ရောက်ဖို့ လွယ်ပါတယ်။ မုန်တိုင်းဟာ သံတွဲခရိုင်ကို ဝင်ရောက်မယ်လို့ ခန့်မှန်းထားတာကြောင့် ပင်လယ်ပြင်မှာရှိတဲ့ ငါးဖမ်းရေယာဉ်များကို ကျွန်းခိုဖို့နဲ့ ကမ်းကိုဝင်ရောက်ဖို့ အသိပေးထားပြီးပါပြီ။

"ပြီးတော့ ခရိုင်/ မြို့နယ်ရုံးတွေကိုလည်း သဘာဝဘေးအန္တရာယ်ကြောင့် နိုင်ငံပိုင်ပစ္စည်း၊ ဌာနပိုင်ပစ္စည်းများ ဆုံးရှုံးမှုမရှိစေဖို့၊ ရေလွတ်ရာရွှေ့ပြောင်းထားဖို့နဲ့ ဝန်ထမ်းများဘေးအန္တရာယ်ကင်းရှင်းဖို့ သက်ဆိုင်ရာဌာနဆိုင်ရာများနဲ့ပူးပေါင်းပြီး ညွှန်ကြားချက်အတိုင်း လိုက်နာဆောင်ရွက်ဖို့ သတင်းထုတ်ပြန်ထားပါတယ်" ဟု ရခိုင်ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးသက်ဦးက ပြောသည်။

ယနေ့ညနေပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီး၏ ကောင်းကင်ယံတို့တွင် မုန်တိုင်းအရှိန်ကြောင့် အုံ့မှိုင်းလျက်ရှိပြီး ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင်တွင် ငါးဖမ်းလှေ ၄ဝဝ ကျော်နှင့် ကျားဖောင် ၂ဝဝ ကျော်ရှိ၍ မျှောပိုက်အပါအဝင် ပင်လယ်ပြင်ရှိ ငါးဖမ်းလှေများ နီးစပ်ရာကျွန်းများသို့ ဝင်ရောက်လျက်ရှိရာ ကျန်ရှိသော ငါးဖမ်းလှေအစင်း ၇ဝ ကျော်ကို ကမ်းနှင့် ကျွန်းများသို့ဝင်ရောက်ရန် ညွှန်ကြားထားသည်။

"ဧရာဝတီတိုင်းဒေသကြီးကို မုန်တိုင်းဝင်ရောက်နိုင်တာကြောင့် ပင်လယ်ပြင်က ငါးဖမ်းလှေနဲ့ ကျားဖောင်တွေ ပြန်ဝင်ဖို့နှိုးဆော်ထားပြီးပါပြီ။ ကမ်းဝေးကပြန်ဝင်ဖို့ ငါးဖမ်းလှေအချို့တော့ ကျန်သေးတယ်။ တိုင်းဒေသကြီးအစိုးရအဖွဲ့နဲ့ ဌာနဆိုင်ရာအားလုံး သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးဆိုင်ရာစီမံမှုအတွက် ယနေ့မှာ တွေ့ဆုံပါတယ်။ ဟိုင်းကြီးကျွန်းကို မုန်တိုင်းဝင်မယ်ဆိုရင် မတ် ၂၂ ရက်မှာ ဧရာဝတီတိုင်းဒေသကြီးကို မုန်တိုင်းဝင်နိုင်တယ်။ အားလုံး အသင့်အနေအထားရှိနေပါတယ်" ဟု ဧရာဝတီတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးဝင်းမြင့်စောက ပြောသည်။

မုန်တိုင်း အာဆာနီသည် မတ် ၂၁ ရက် ညပိုင်းတွင် ကိုကိုးကျွန်းအနီးသို့ စတင်ဝင်ရောက်မည်ဖြစ်ရာ ရခိုင်ပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးရှိ ပင်လယ်ပြင်ငါးဖမ်းရေယာဉ်များနှင့် ရေလုပ်သားများအား မုန်တိုင်း အန္တရာယ်ကင်းဝေးစေရန် မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနနှင့် ငါးလုပ်ငန်းဦးစီးဌာနတို့မှ အထူးသတိပေးနှိုးဆော်ထားကြောင်း သိရသည်။

**ညိမ်းသူ (သတင်းစဉ်)၊ ဓာတ်ပုံ-ကနူး**



ပုသိမ်ခရိုင် မီးသတ်တပ်ဖွဲ့ဝင်များ ဟိုင်းကြီးကျွန်းမြို့နယ်သို့ သွားရောက်၍ ကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ရန် ပြင်ဆင်နေစဉ်။

❖ *ကျောဖုံးမှ*
ကျေးရွာအတွင်းရှိ ရွာသူရွာသားများမှာ ၎င်းအကြမ်းဖက်အဖွဲ့များ၏ အကြမ်းဖက်ရန်ပြုမည့် ဘေးအန္တရာယ်မှ လွတ်မြောက်နိုင်ရေး ထွက်ပြေးတိမ်းရှောင်ခဲ့ရသည်။

ထိုသို့ ရွာသူရွာသားများက ဘေးလွတ်ရာသို့ ထွက်ပြေးတိမ်းရှောင်လျက်ရှိစဉ် အကြမ်းဖက်သမားများသည် အဆိုပါကျေးရွာရှိ နေအိမ်များအား မီးရှို့ဖျက်ဆီးခဲ့သဖြင့် မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ပြီး မီးလောင်ကျွမ်းမှုကြောင့် ဦးစိုးမြင့်(၅၁)နှစ် (ဘ)ဦးလှိုင်း၏ နေအိမ်ရှိ ဆိုင်ကယ် သုံးစီး၊ မော်တော်ယာဉ် တစ်စီး၊ ၎င်း၏ ညီဖြစ်သူ ဦးဖိုးချစ်(၄၅)နှစ်၏ နှစ်ထပ်တိုက်နေအိမ် တစ်လုံး၊ ဆိုင်ခန်း တစ်ခန်းနှင့် ဒေါ်အိမ်စည်(ခ)မလွမ်းပို(၃၅)နှစ် (ဘ)ဦးတိုး၏ နှစ်ထပ်တိုက်နေအိမ် တစ်လုံးတို့ မီးလောင်ကျွမ်းပျက်စီးဆုံးရှုံးခဲ့ရခြင်းဖြစ်ကြောင်း သိရသည်။

အလားတူ မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ် မြို့ရှောင်လမ်းတွင် ဖွင့်လှစ်ထားသည့် ရွှေဗျိုင်းဖြူ စက်သုံးဆီဆိုင်အား ယနေ့မွန်းလွဲ ၂ နာရီ မိနစ် ၄ဝ ခန့်တွင် လက်နက်ကိုင် အကြမ်းဖက်သမား ငါးဦးက လက်လုပ်မိုင်းများဖြင့် ဖောက်ခွဲပြီး ဝန်ထမ်းများအား ရိုက်နှက်၍ ငွေကျပ်သိန်း ၁၅ဝ ခန့်အား အတင်းအဓမ္မ လုယက်ယူဆောင်ကာ ဆိုင်ရှိ CCTV များနှင့် အခြားအဆောက်အဦများအား ရိုက်ခွဲဖျက်ဆီး ထွက်ပြေးသွားခဲ့ကြောင်း သိရှိရသည်။

ထိုသို့ အပြစ်မဲ့ပြည်သူများပိုင်ဆိုင်သည့် နေအိမ်အဆောက်အဦများ၊ မော်တော်ယာဉ်များအား အကြောင်းမဲ့ဖောက်ခွဲခြင်း၊ မီးရှို့ဖျက်ဆီးခြင်းများ ဆောင်ရွက်ခဲ့သည့် အကြမ်းဖက်သမားများအား ဖော်ထုတ်ဖမ်းဆီး၍ ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ဒေသခံပြည်သူများနှင့် ပူးပေါင်း၍ လုံခြုံရေးလုပ်ငန်းစဉ်များနှင့်အညီ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်၌ မီးရထားသံလမ်းရှိ ချောင်းကူးတံတားအား PDF အမည်ခံ အကြမ်းဖက်သမားများက မိုင်းထောင်ဖောက်ခွဲဖျက်ဆီး

**နေပြည်တော် မတ် ၂၁**
နိုင်ငံရေးအစွန်းရောက် အကြမ်းဖက်သမားများအနေဖြင့် နိုင်ငံတော်အတွင်း လမ်းပန်းဆက်သွယ်ရေးပြတ်တောက်စေရန်နှင့် ကုန်သွယ်စီးဆင်းမှုများရပ်တန့်စေရန် ရည်ရွယ်၍ လမ်း၊ တံတားများအား မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်းများအား လုပ်ဆောင်လျက်ရှိသည်။

ထိုသို့ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်လျက်ရှိရာ ယနေ့ နံနက် ၇ နာရီ မိနစ် ၅ဝ တွင် မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် သထုံစုကျေးရွာအနီး ရန်ကုန်-မော်လမြိုင် ရထားလမ်း မိုင်တိုင်အမှတ် ၈၂ မိုင် ၇ ဖာလုံနှင့် ၈ ဖာလုံအကြား ခဝါချောင်းကူး ရထားသံလမ်းတံတားအား PDF အမည်ခံအကြမ်းဖက်အဖွဲ့က လက်လုပ်မိုင်းဖြင့် ဖောက်ခွဲခဲ့ရာ ရထားသံလမ်း အနည်းငယ် မီးလောင်ပျက်စီးခဲ့ကြောင်း သိရှိရသည်။

အထက်ပါဖြစ်စဉ်မှ မီးရထားလမ်းရှိ ချောင်းကူးတံတားအား မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သည့် အကြမ်းဖက်သမားများကို ဖော်ထုတ်ဖမ်းဆီး၍ ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆောင်ရွက်လျက်ရှိကြောင်းနှင့် ပျက်စီးသွားသော ချောင်းကူးတံတားအား သက်ဆိုင်ရာတာဝန်ရှိသူများက အမြန်ပြန်လည်ပြုပြင်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ၂၀၂၂-ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုအောင်မြင်မည့်သူများအတွက် ဆေးတက္ကသိုလ်များနှင့် သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်များသို့ ဝင်ခွင့်ခေါ်ယူရေး ကြေညာချက်

ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ် ဦးစီးဌာနသည် ပြည်သူလူထုအား အရည်အသွေးပြည့်ဝ၍ လူတိုင်း လက်လှမ်းမီသော ကျန်းမာရေးစောင့်ရှောက်မှုရရှိစေရန်အတွက် ကျန်းမာရေးကဏ္ဍဆိုင်ရာ မူဝါဒများချမှတ်ပြီး ကျန်းမာရေးလူ့စွမ်းအား အရင်းအမြစ်များကို လေ့ကျင့်မွေးထုတ်ပေးလျက်ရှိပါသည်။

ထို့အပြင် ပိုမိုထိရောက်ကောင်းမွန်သော ကျန်းမာရေးစောင့်ရှောက်မှုကို ပေးစွမ်းနိုင်ရေးအတွက် စေတနာ၊ မေတ္တာ၊ ကရုဏာ၊ ဝါသနာနှင့် ပြည့်စုံသည့် ဆရာဝန်များ၊ သွားဘက်ဆိုင်ရာ ဆရာဝန်များကို လေ့ကျင့်မွေးထုတ်နိုင်ရန် ရည်ရွယ်၍ ၂၀၂၂-ခုနှစ်၊ တက္ကသိုလ်ဝင် စာမေးပွဲဖြေဆိုအောင်မြင်မည့်သူများအတွက် ဆေးတက္ကသိုလ်များနှင့် သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်များသို့ ဝင်ခွင့်ခေါ်ယူရာတွင် မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ ဇီဝဗေဒ (၆)ဘာသာ ရမှတ်၏ သတ်မှတ်စုစုပေါင်းရမှတ်ရရှိသူများအနက်မှ အင်္ဂလိပ်စာ၊ ဓာတုဗေဒ၊ ဇီဝဗေဒ(၃)ဘာသာ စုစုပေါင်းရမှတ်(အများ/အနည်း)ပေါ် မူတည်၍ လူတွေ့စစ်ဆေးခြင်းစာမေးပွဲ ဖြေဆိုခွင့်ပြုမည်ဖြစ်ပြီး ရွေးချယ်ခံရသူများအား ဆေးတက္ကသိုလ်များနှင့် သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်များသို့တက်ရောက်ခွင့်ပြုမည်ဖြစ်ကြောင်း ကျောင်းသား/သူများ ကြိုတင်သိရှိနိုင်ရေးအတွက် အသိပေးကြေညာအပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**
၁၇-၃-၂၀၂၂

## ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော် လှူဒါန်းခြင်းများ ဆောင်ရွက်

**နေပြည်တော် မတ် ၂၁**

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ ဝန်ထမ်းအရာထမ်း၊ အမှုထမ်းမိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်များ ဆက်ကပ်လှူဒါန်းခြင်းကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ်ရှိ မြို့မဈေးကုန်းကျောင်းတိုက်နှင့် ဇမ္ဗူသီရိမြို့နယ်ရှိ မဟာဝိဇိတာရုံစာသင်တိုက်တို့သို့လည်းကောင်း၊ ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ်ရှိ မြို့မပရဟိတကျောင်းတိုက်သို့လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်ရှိ သာသနာ့ပါလပရိယတ္တိစာသင်တိုက်သို့လည်းကောင်း၊ ရှမ်းပြည်နယ် လားရှိုးမြို့နယ်ရှိ မြို့မပရိယတ္တိစာသင်တိုက်သို့လည်းကောင်း **(အပေါ်ပုံ)** ဆရာတော်၊ တာဝန်ရှိသူများက သွားရောက်ဆက်ကပ်သံဃာတော်များအတွက် ဆွမ်းဆန်တော်များကို လှူဒါန်းခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**






ရန်ကုန်တိုင်းဒေသကြီးလုံးဆိုင်ရာ ဝိနယာနုဂ္ဂဟ အသင်း အကြိမ်(၉၀) မြောက် ဘုရားဖြူ ဝိနည်းစာတော်ပြန်ပွဲ စာအောင်ဆုနှင်းသဘင် အခမ်းအနားကို ပုဇွန်တောင်မြို့နယ် ဘုရားဖြူကျောင်းတိုက်၌ မတ် ၁၉ ရက်က ကျင်းပရာ အသင်းဒုတိယဥက္ကဋ္ဌ ဒေါက်တာ ဇော်မြင့်က စာအောင်သံဃာတော်အရှင်မြတ်တို့အား အောင်လက်မှတ်ဆက်ကပ်စဉ်။
အာကာလင်း

**လျှပ်စစ်ဓာတ်အားကို ချွေတာနိုင်သည့် နည်းလမ်းများ**

မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ

## World H'Cap System (WHS) နှင့် ပတ်သက်၍ မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ် မိတ်ဆက်

**ရန်ကုန် မတ် ၂၁**

မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်သည် World H'Cap System (WHS) နှင့်ပတ်သက်၍ လုပ်ဆောင်ရမည့် လုပ်ငန်းတာဝန်များ၊ အချက်အကျောပေးစနစ်ကို လွယ်ကူစွာ တွက်ချက်ပေးမည့် Computer Software နှင့် မိတ်ဆက်ခြင်း အခမ်းအနားကို မတ် ၂၁ ရက် မွန်းလွဲပိုင်းက မြန်မာဂေါက်ကလပ် ကိုးမိုင်၌ ကျင်းပသည်။ **(အောက်ပုံ)**




မိတ်ဆက်ပွဲတွင် မြန်မာဂေါက်သီးရိုက်အသင်း ဥက္ကဋ္ဌဦးသောင်းလှိုင်က အမှာစကားပြောကြားပြီး မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ် တွဲဖက်အတွင်းရေးမှူး ဦးမျိုးသီဟက နှုတ်ခွန်းဆက်စကားပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်၏ World H'Cap System ဖြစ်မြောက်ရေးကော်မတီ ဥက္ကဋ္ဌ ဦးဇာနည်ဝင်းက World H' Cap System နှင့် Rule of Handicapping တို့ကို ရှင်းလင်းခြင်း၊ အသုံးပြုမည့် Computer Software နှင့် ပတ်သက်ပြီး မိတ်ဆက်ခြင်းတို့ကို ပြုလုပ်သည်။ ထို့နောက် မြန်မာဂေါက်သီးရိုက်အသင်း အတွင်းရေးမှူး ဦးသန်းထွန်းက မြန်မာဂေါက်သီးရိုက်အသင်း ကိုးမိုင်တွင် World H' Cap System အကောင်အထည်ဖော် ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကို ရှင်းလင်းဆွေးနွေးကြသည်။

ထို့နောက် တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းကြပြီး တာဝန်ရှိသူများက ရှင်းလင်းပြောကြားသည်။ အခမ်းအနားသို့ ဂေါက်ကလပ်အသီးသီးမှ စိတ်ပါဝင်စားသူ ၃၀ တက်ရောက်သည်။

**ကိုညီလေး၊ ဓာတ်ပုံ-ကိုထွန်း**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 4F/7020, Toyota Mark-II, GX 110, Sallon (4X2)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဇာခြည်ဦး ၇/ပခန(နိုင်)၂၆၁၅၇၂ က(ကမ-၃)ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)အင်းစိန်**

### ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက် အမှတ် ၁၀/မြို့မမြောက်ရပ်၊ ရတနာဒီပ ရပ်ကွက်မှ၊ မြေဧရိယာ ဝဒသမ ၀၅၅ဧကရှိ ၊ မြေကွက် အမှတ် (ပ-၃၃၃၆၁)၏ မြေချပါမစ်(စလစ်) မူရင်းပျောက်ဆုံးသွားသဖြင့် မြေကွက်အမည်ပေါက် ဦးဇော်ထွန်း ၁၂/ဥကတ(နိုင်)၁၁၉၆၅ (ဘ) ဦးလှရွှေမှ မြေချပါမစ်(စလစ်)မိတ္တူမှန်ထုတ်ပေးပါရန် မြေချပါမစ်(စလစ်)မူရင်း ပျောက်ဆုံးကြောင်း တရားရုံးကျမ်းကျိန်ဆိုချက်မူရင်း၊ ကိုယ်တိုင်ဝန်ခံကတိပြုချက်မူရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ရဲစခန်းထောက်ခံချက်မူရင်းများ တင်ပြပြီး လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံး အမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ရက် ၃၀ အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေချပါမစ်(စလစ်)မူရင်း မိတ္တူမှန်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

### ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ဒက္ခိဏခရိုင်၊ ဇမ္ဗူသီရိမြို့နယ်၊ ဘောဂသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၂/သီရိရတနာ)၊ မြေကွက်အမှတ်(SH-၀၁၄)၊ ဧရိယာ ၀ ဒသမ ၄၄ ဧကရှိ Khant Shwe Pyi Co.,Ltd အမည်ပေါက် မြေကွက်အား ဦးဇာနည်ကျော် (ဒါရိုက်တာ) ၈/ခမန(နိုင်)၁၃၄၇၆၉ မှ မြေကွက်နေရာချထားပေးခြင်း အကြောင်းကြားစာ၊ မြေကွက်တန်ဖိုးငွေသွင်းချလန်၊ Khant Shwe Pyi Co.,Ltd ၏ ဒါရိုက်တာအစည်းအဝေးဆုံးဖြတ်ချက်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်းများတင်ပြပြီး Khant Shwe Pyi Co.,Ltd အမည်ပေါက်ဖြင့် မြေငှားစာချုပ် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ်လျှောက်ထားလာမှု အား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

### အထူးကိုယ်စားလှယ်လွှဲစာ ရုပ်သိမ်းကြောင်း

ကျွန်မ ဒေါ်ချိုချိုလွင် ၁၃/ကလန(နိုင်)၀၃၈၂၂၇ မှ ဦးရဲရင့် ၇/ပခန(နိုင်) ၀၀၀၁၆၉ အား ၂၅-၁-၂၀၂၁ရက်စွဲပါ စာအမှတ် ၂၄/၂၀၂၁ ဖြင့် လွှဲအပ်ထားသော အထူးကိုယ်စားလှယ်လွှဲစာအား ကြော်ငြာပါသည့်ရက်မှစ၍ ရုပ်သိမ်းလိုက်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ဒေါ်ချိုချိုလွင်**

## အက်ဖ်အေဖလား ကွာတားဖိုင်နယ် နော်တင်ဟမ်ကို အနိုင်ရရှိပြီး လီဗာပူး ဆီမီးဖိုင်နယ် တက်လှမ်း

အက်ဖ်အေဖလားကွာတားဖိုင်နယ်ပွဲစဉ်မှ နော်တင်ဟမ်အသင်းနှင့် လီဗာပူးအသင်းတို့ ပွဲစဉ်ကို မတ် ၂၁ ရက် နံနက်ပိုင်းက ယှဉ်ပြိုင်ကစားခဲ့ရာ လီဗာပူးအသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိပြီး ဆီမီးဖိုင်နယ်သို့ တက်လှမ်းနိုင်ခဲ့သည်။

နော်တင်ဟမ်အသင်းသည် အက်ဖ်အေဖလား ပဉ္စမအဆင့်တွင် ဟက်ဒါဖီးလ်အသင်းကို အနိုင်ရရှိသည့် ပွဲစဉ်မှ ကစားသမားစာရင်းအား လေးဦး အပြောင်းအလဲပြုလုပ်လာသလို လီဗာပူးအသင်းက နေ့ဝှစ်ချ်အသင်းအား အနိုင်ရရှိသည့် ပွဲစဉ်မှ ကစားသမားစာရင်းကို ငါးဦးအပြောင်းအလဲပြုလုပ်လာခဲ့သည်။

လီဗာပူးအသင်းသည် နော်တင်ဟမ်အသင်းကို ပွဲချိန်တစ်လျှောက် ဖိအားပေးကစားနိုင်ခဲ့သော်လည်း အသင်းတိုက်စစ်ကစားသမားများ အဆုံးသတ်လိုအပ်ချက်ရှိနေသည့်အတွက် သွင်းဂိုးရရှိရန် ရုန်းကန်ခဲ့ရသည်။ လီဗာပူးအသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို ပွဲချိန် ၇၈ မိနစ်တွင် ဆီမီကပ်စ်၏ ဖန်တီးမှုမှ ဂျိုတာက သွင်းယူပေးနိုင်ခဲ့သည်။

ယခုပွဲစဉ်တွင် အနိုင်ရရှိခဲ့သော လီဗာပူးအသင်းသည် အက်ဖ်အေဖလားဆီမီးဖိုင်နယ်တွင် ဆောက်သမ်တန်ကို ဂိုးပြတ်အနိုင်ရရှိခဲ့သည့် မန်စီးတီးအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

**အောင်ဇော်**

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ကျောက်စာရုံစေတီ(၁၂ × ၁၂× ၁၈)ပေ ၁ ဆူ တန်ဖိုး-၂၇၉ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ကျောက်စာရုံစေတီ ၁ ဆူ(ပိဋကတ်သုံးပုံ မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ ချပ်ပါ) | ၂၇၉. ၀၀ | ၇၆၀ ဆူ | ၁၆၅ ဆူ | ၅၉၅ ဆူ |
| ၂။ | ဓမ္မာရုံ(၂၁၃× ၉၀ × ၄၆)ပေ | ၈၇၃၀. ၂၀ | ၁ လုံး | ၇၀၀၀ သိန်း | ၁၇၃၀. ၂၀ သိန်း |
| ၃။ | ရေပန်းအကြီး (အချင်း ၇၅ ပေ၊ အမြင့် ၁၅ ပေ) | ၄၃၂၀. ၀၀ | ၁ ခု | - | ၁ ခု |
| ၄။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅. ၀၀ | ၁၈ ခု | - | ၁၈ ခု |
| ၅။ | High Mast မီးတိုင် (၂၀ မီတာ)၁ တိုင်လျှင် | ၄၉၄. ၀၀ | ၉ တိုင် | ၁ တိုင် | ၈ တိုင် |
| ၆။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂. ၀၀ | ၂၀၀ ခန်း | ၈ ခန်း | ၁၉၂ ခန်း |
| ၇။ | မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း | ၃၁. ၀၀ | ၄၅၅ ခန်း | ၂၃ ခန်း | ၄၃၂ ခန်း |
| ၈။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅. ၀၀ | ၅၀ တိုင် | ၂၆ တိုင် | ၂၄ တိုင် |
| ၉။ | လမ်းမီးတိုင်(၉ မီတာ) ၁ တိုင်လျှင် | ၁၀. ၀၀ | ၁၈၀ တိုင် | ၇၉ တိုင် | ၁၀၁ တိုင် |
| ၁၀။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇. ၀၀ | ၆၅၂ ခု | ၇၄ ခု | ၅၇၈ ခု |
| ၁၁။ | စကျင်ကျောက်ပြား ၁ ကျင်းနှုန်း | ၄. ၇၀ | ၂၁၁၉. ၅၃ ကျင်း | ၁၉ ကျင်း | ၂၁၀၀. ၅၃ ကျင်း |
| ၁၂။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှု) | ၄. ၁၀ | ၂၁၈. ၁၄ ကျင်း | ၁၄ ကျင်း | ၂၀၄. ၁၄ ကျင်း |
| ၁၃။ | ကွန်ကရစ် ၈ လက်မထုခင်းခြင်း | ၃. ၆၀ | ၅၉၁၀. ၆၆ ကျင်း | ၁၂ ကျင်း | ၅၈၉၈. ၆၆ ကျင်း |

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁၄။ | ကြွေပြား ၁ ကျင်းနှုန်း | ၂. ၀၀ | ၁၇၃၆. ၀၈ ကျင်း | ၇၃ ကျင်း | ၁၆၆၃. ၀၈ ကျင်း |
| ၁၅။ | မုစလိန္ဒအိုင် | ၁၀၅၁၉. ၀၀ | ၁ ကန် | - | - |
| | (က) အဝင်မုခ်အဆောက်အဦ စကျင်မြန်မာမှု လုပ်ငန်း(အတွင်းမီးအပါ) | ၃၅၃၆. ၀၀ | ၁ ခု | - | ၁ ခု |
| | (ခ) ရေကန်ဆောက်လုပ်ခြင်း(၃၁၅ ပေ× ၂၃၄ ပေ) | ၁၆၂၄. ၀၀ | ၁ ကန် | - | ၁ ကန် |
| | (ဂ) ရေကန်အတွင်းပတ်လမ်းနှင့် လက်ရန်းလုပ်ငန်း | ၉၁၇. ၀၀ | ၁ ခု | - | ၁ ခု |
| | (ဃ) ရေကန်အပြင်ပတ်လမ်းဘေးလှေကား (၂) စင်းနှင့်လက်ရန်းလုပ်ငန်း | ၁၀၀၈. ၀၀ | ၁ ခု | - | ၁ ခု |
| | (င) ရေကန်ပတ်လမ်းမီးတိုင်များထွန်းညှိပေးခြင်း လုပ်ငန်း(၁ တိုင် ၉. ၅) သိန်း | ၇၀၃. ၀၀ | ၇၄ တိုင် | - | ၇၄ တိုင် |
| ၁၆။ | ရင်ပြင်တော်ပင်မတံတား(၁၀ ပေခန်း ၁ ခန်း) | ၁၃၂၂. ၀၀ | ၉ ခန်း | - | ၉ ခန်း |
| ၁၇။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ× ၁၇၆ ပေ) | ၁၉၃. ၀၀ | ၈၂ ခု | - | ၈၂ ခု |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၀၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော** ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅

**(ခ) ဒေါ်အေးအေးကြည်** ၀၉-၄၂၉၇၂၂၅၄၈၊ ၂၅၅၈၂၅၂၁၆

## အမည်ပြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်နေ ဦးစံထွေး- ဒေါ်ခင်ဝင်းတို့၏သမီး မခင်မြတ်ထွေး ၁၂/ဒဂမ(နိုင်)၀၀၅၀၀၂ အား မစန္ဒာထွန်း(ခ)မခင်မြတ်ထွေးဟု ပြောင်းလဲခေါ်ဆိုပါရန်။

**စန္ဒာထွန်း(ခ)ခင်မြတ်ထွေး**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 9I-9359 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(ရွာသာကြီး)**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် GG-6009 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဒေါ်ဇင်ဖြူထွန်း(ခ)ဇင်ဇင်ဝင်းသည် ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၇၁)ရပ်ကွက်၊ မင်းရဲကျော်စွာလမ်း၊ အမှတ်(၁၅၉၅/က)ဟုခေါ်တွင်သော ဒေါ်အုန်းကြည်အမည်ပေါက် မြေချပါမစ်ဖြင့် ဧရိယာ (အလျား ၂၀ ပေx အနံ ၆၀ ပေ)မြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ဦးကျော်ထင် ၁၁/ရသတ(နိုင်)၁၀၆၆၇၉ မှ ဆက်စပ်စာချုပ်စာတမ်းများဖြင့် ဝယ်ယူပိုင်ဆိုင်၍ တရားဝင်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးကျော်ထင်ထံမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ဒေါ်ဇင်ဖြူထွန်း(ခ)ဇင်ဇင်ဝင်းမှ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေခဲ့ပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၇) ရက်အတွင်း ခိုင်လုံသော အထောက်အထား(မူရင်း)များနှင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်၍ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ**
**ဒေါ်ဇင်ဖြူထွန်း(ခ)ဇင်ဇင်ဝင်း**
**၁၂/တကန(နိုင်)၁၆၁၃၂၂**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အင်ကြင်း(ဥပဒေတွဲ့)**
**တရားလွှတ်တော်ရှေ့နေ(စဥ်-၁၄၆၃၄)**
**အမှတ်(၂၀၅)၊ သန္တာ(၁၀)လမ်း၊ (င)ရပ်ကွက်၊**
**မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၇၉၉၅၁၈၆၀၄**

## ကန့်ကွက်နိုင်ပါကြောင်း ကြေညာခြင်း

ဒက္ခိဏသီရိမြို့၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၁/ဟိုတယ်ဇုန်အရှေ့ရပ်)၊ မြေကွက်အမှတ်(A-၂၄၁)၊ မြေဧရိယာ ၀ ဒသမ ၂၄၁ဧကရှိ ဒေါက်တာစိုင်းစံဝင်း (ဘ) ဦးစံမြ ၉/မရတ(နိုင်)၁၀၄၇၂၁ အမည်ပေါက်နှစ်(၃၀)မြေငှားစာချုပ်မြေကွက်ကို ဒေါက်တာစိုင်းစံဝင်းထံမှ နေပြည်တော် စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၂၉၆၄/၂၀၁၉)၊(၆-၉-၂၀၁၉) ရရှိထားသူ ဒေါ်စမ်းစမ်းဌေး (ဘ)ဦးတင်လတ် ၉/လလန(နိုင်)၀၀၅၇၄၁ မှ ဒေါ်မြတ်မိုးဝင်း (ဘ) ဦးဘဝင်း ၇/ပမန(နိုင်)၀၉၁၁၁၅ နှင့် အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ငြင်းချက်ထုတ်ရန်ဆင့်စာ

**(တရားမကျင့်ထုံးဥပဒေအမိန့် - ၅၊ နည်းဥပဒေ - ၂၀)**

**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံးတော်**

**၂၀၂၂ခုနှစ် တရားမကြီးမှုအမှတ်-၆**

ဦးစောဖွဲ့ကိုကို နှင့် ဦးခင်မောင်
(၎င်း၏အခွင့်ရကိုယ်စားလှယ်
ဦးဝင်းရှိန်)

**တရားလို** **တရားပြိုင်**

ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ (၃)ရပ်ကွက်၊ (ချစ်တီးကုန်း)၊ အောက်ပုဇွန်တောင်လမ်း၊ (၁)လမ်းသွယ်၊ အမှတ်(၃၃)နေ ဦးခင်မောင်(စီအက်ဖ်-၀၇၈၂၈) (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက ရောင်းသူ၏ ကတိပျက်ကွက်မှုကြောင့် ဝယ်သူမှ ပဋိညာဉ်အတိုင်း သီးခြားဆောင်ရွက်ပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၂ခုနှစ် ဧပြီ ၆ရက် (၁၃၈၃ခုနှစ် တန်ခူးလဆန်း ၆ရက်) မွန်းမတည့်မီ ၁၀:၀၀နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် အထက်ပါရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၂ခုနှစ် မတ် ၂၁ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(နန်းရတနာလင်း)**
**ဒုတိယမြို့နယ်တရားသူကြီး(၂)**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံး**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 1D/3623 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် ၄၄ယ/၇၃၅၉၂ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 1J/3928 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရွှေဘုန်းရှိန်ရပ်ကွက်၊ အကွက်အမှတ် (၈၂၈)၊ ဦးပိုင်အမှတ်(၁-င)၊ ၄၃ လမ်းနှင့် ၄၅ လမ်းကြား၊ ၈၅ လမ်းနှင့် ရွှေတချောင်းလမ်းကြားရှိ ဒေါ်စိမ့်အမည်ပေါက်ကျန်မြေကွက်အား ဖခင် ဦးဖိုးအောင်၊ အမိ ဒေါ်သိန်းခင် အမည်ပေါက်သူ အစ်မ ဒေါ်စိမ့်တို့ အသီးသီးကွယ်လွန်၍ ကျန်ရစ်သူ တစ်ဦးတည်းသော (မောင်)ဦးအေးဖေ ၉/ရမသ(နိုင်)၀၅၅၇၁၈ က သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ အမွေဆက်ခံစာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေး**
**ကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက်အမှတ် (လလ-၁၀)၊ ဦးပိုင်အမှတ်(၈၂)၊ (၆၃x၆၄)လမ်း၊ မဂ္ဂရာလမ်းနှင့် တပင်ရွှေထီး လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးချစ်စိန်ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၁၀၅၆/၂၀၂၁)ဖြင့် ဝယ်ယူခဲ့သူ ဦးကြည်လွင် ၉/မနမ(နိုင်)၀၉၀၁၇၅က ဂရန်စာချုပ်မူရင်းမှာ လက်ဝယ်တွင်အသိမ်းလွန်၍ ပျောက်ဆုံးသွားပါသဖြင့် ပျောက်ဆုံးကြောင်း ရဲစခန်းနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်၊ တရားရုံးကျမ်းကျိန်ချက်များတင်ပြ၍ ဂရန်မိတ္တူ/အမည်ပြောင်း လျှောက်ထားရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန်နှင့် အမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေး**
**ကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁/ခ)၊လူနေရပ်ကွက်အမှတ် ခရေပင်ရိပ်မွန်အပိုင်း(၃)၊ မြေကွက်အမှတ်(၁၆၀)၊ အိမ်ရာစီမံကိန်းရှိ လုံးချင်းတိုက်အမှတ်(၁၅၉/B)ဟုခေါ်တွင်သော မြေအလျားxအနံ(၆၁x၈၀)ပေရှိ မြေငှားဂရန်မြေကွက်နှင့် မြေကွက်ပေါ်ရှိ လုံးချင်း(၂)တိုက်အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနတွင် တရားဝင်အမည်ပေါက် ပိုင်ဆိုင်သူ ဗိုလ်မှူးချုပ်ဝင်းမြင့် ၁၃/ကလန(နိုင်)၀၅၄၃၀၇ ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးဇော်ဝင်းနိုင် ၈/မထန(ဧည့်)၀၀၀၀၇၃ က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ် စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ တိကျခိုင်လုံသော တရားဝင်စာချုပ်စာတမ်းမူရင်းများနှင့်တကွ ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ ကျော်လွန်က အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးဆောင်ရွက်မည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဗိုလ်ဗိုလ်ဇော် LL.B,D.B.L,D.M.L**
**တရားလွှတ်တော်ရှေ့နေ(စဥ်-၁၄၆၉၈/၂၀၁၈)**
**အမှတ်(၁၁၃၀)၊ (၁၅)လမ်း၊ (၇)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊**
**ဖုန်း-၀၉-၄၅၀၀၃၅၀၇၀**




## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ၄၂ရပ်ကွက်၊ ရွှေဥဒေါင်းလမ်း၊ အမှတ် ၉၈၃နေ ဒေါ်စန္ဒာအေး ၁၂/ဒဂမ(နိုင်)၀၃၃၆၃၂၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၅၅၊ မြေကွက်အမှတ် ၇၀၉(ခ)၊ ပါမစ်မြေအမျိုးအစား၊ အကျယ်အဝန်း (၂၀'x ၆၀')ရှိ ဦးမြင့်ရွှေ ၁၂/တမန(နိုင်)၀၅၇၂၂၃ အမည်ပေါက် ပါမစ်မြေကွက်နှင့် ၎င်းမြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဝယ်ယူပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူ ဦးရဲထွန်း ၁၂/ဒဂရ(နိုင်)၀၁၄၅၆၅ထံမှ ၁၅-၁၀-၂၀၂၁ရက်စွဲပါ နှစ်ဦးသဘောတူ အိမ်ခြံမြေအရောင်းအဝယ်စာချုပ် ချုပ်ဆိုပြီး ကျွန်ုပ်တို့၏ မိတ်ဆွေက ရောင်းဖိုးငွေအပြည့်အဝပေးချေ၍ လက်ဝယ်လက်ရောက် ရယူပိုင်ဆိုင်ထားသူတစ်ဦး ဖြစ်ပါသည်။

အထက်ဖော်ပြပါ အိမ်မြေနှင့်ပတ်သက်ပြီး ကျွန်ုပ်တို့၏မိတ်ဆွေ ခွင့်ပြုချက်တစ်စုံတစ်ရာမရရှိဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ စွန့်လွှတ်ခြင်း၊ လှူဒါန်းခြင်း၊ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းတို့အား မပြုလုပ်ရန် အသိပေးလိုက်သည်။ အကယ်၍ ပြုလုပ်ပါက ပြုလုပ်သူနှင့် ပါဝင်ပတ်သက်သူတို့အပေါ် တည်ဆဲဥပဒေနှင့်အညီ တရားစွဲဆိုသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်ခိုင်ဆုဝေ(LL.B)** **ဒေါ်မိုးမီမီခိုင်(LL.B)**
**(စဥ်-၅၃၃၆၉/၂၀၂၀)** **(စဥ်-၅၃၄၉၁/၂၀၂၀)**
**အထက်တန်းရှေ့နေ** **အထက်တန်းရှေ့နေ**

**အမှတ် ၅၈၊ မဟာဗန္ဓုလပန်းခြံလမ်း (ဘားလမ်း)၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၄၅၀၀၂၈၁၀၄**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 3I/1609 Toyota Corolla Ax10UBE141, Saloon (4x2)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်နီနီမြင့် ၁၂/ကမတ(နိုင်)၀၁၄၄၉၀ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ်72W/12359 Honda Click -125 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်သော်ဇင်ဇင်ခိုင် ၅/ကသန(နိုင်)၀၉၈၅၈၉ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊**
**မန္တလေးမြို့**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ သကမ ၆/၅၄၆၊ ယခု အခေါ် ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ (၉)ရပ်ကွက်၊ ရေနံချောင်းလမ်း၊ အမှတ်(၅၄၆)ဟုခေါ်တွင်သော မြေအကျယ်အဝန်း(၄၀x၆၀)ပေရှိ မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ဦးစန်းလွင် ၁၂/မရက(နိုင်)၀၈၅၈၀၀ မှ အဆက်စပ်စာချုပ်များဖြင့် လက်ရောက်ရယူပိုင်ဆိုင်လာပြီး ကျွန်ုပ်၏မိတ်ဆွေမှဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ပိုင်းအား ပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ အရောင်းအဝယ်နှင့်ပတ်သက်ပြီး မည်သူမဆို အရောင်းအဝယ်ပြုလုပ်ခြင်းအား ကန့်ကွက်ရန်ရှိပါက ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ဤကြေညာစာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးသိန်းနိုင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဥ်-၄၆၈၉)၂၉-၇-၁၉၈၈**
**တိုက်(၅)၊ အခန်း(၁၀၁)၊ အောင်ဇေယျအိမ်ရာ၊ ကန္နားအလယ်ရပ်ကွက်၊**
**အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၅၀၈၁၆၅၈**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ သကမ ၆/၅၂၄၊ ယခု အခေါ် ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ (၉)ရပ်ကွက်၊ ရတနာလမ်း၊ အမှတ်(၅၂၄)ဟုခေါ်တွင်သော မြေအကျယ်အဝန်း(၄၀x၆၀)ပေရှိ မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ဒေါ်နွယ်နွယ်ဝင်း ၁၄/ညတန(နိုင်)၀၈၈၃၄၃ မှ အဆက်စပ်စာချုပ်များဖြင့် လက်ရောက်ရယူပိုင်ဆိုင်လာပြီး ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ပိုင်းအား ပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ အရောင်းအဝယ်နှင့်ပတ်သက်ပြီး မည်သူမဆို အရောင်းအဝယ်ပြုလုပ်ခြင်းအား ကန့်ကွက်ရန်ရှိပါက ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ဤကြေညာစာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးသိန်းနိုင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဥ်-၄၆၈၉)(၂၉-၇-၁၉၈၈)**
**တိုက်(၅)၊ အခန်း(၁၀၁)၊ အောင်ဇေယျအိမ်ရာ၊ ကန္နားအလယ်ရပ်ကွက်၊**
**အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၅၀၈၁၆၅၈**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇၆ယ/၂၇၃၂၁ OWL Click 110 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဖြူဖွေးသန့် ၅/ကသန(နိုင်)၁၁၃၀၃၄ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ နေပြည်တော်ရုံး**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက်အမှတ် (လလ-၁၀)၊ ဦးပိုင်အမှတ်(၈၃)၊ (၆၃x၆၄)လမ်း၊ မဂ္ဂရာလမ်းနှင့် တပင်ရွှေထီးလမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ခင်စောမွန်ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၁၀၆၁/၂၀၂၁)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်လွင်မာအောင် ၉/မနမ(နိုင်)၀၈၅၂၂၆ က ဂရန်စာချုပ်မူရင်းမှာ ပျောက်ဆုံးသွားပါသဖြင့် ပျောက်ဆုံးကြောင်း ရဲစခန်းနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ တရားရုံးကျမ်းကျိန်ချက်များတင်ပြ၍ ဂရန်မိတ္တူ/အမည်ပြောင်း လျှောက်ထားရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန်နှင့် အမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက်အမှတ်(ပပ- ၁၈)၊ ဦးပိုင်အမှတ်(၅၄)၊ ၆၄လမ်းx၆၅လမ်း၊ တပင်ရွှေထီး x ရွှေလုံဗိုလ်လမ်းကြားရှိ ဦးမောင်မောင်မြင့်အမည်ပေါက် တောဂရန်မြေကွက်အား ခင်ပွန်းဖြစ်သူ ဦးမောင်မောင်မြင့် ကွယ်လွန်၍ ဇနီးဖြစ်သူ ဒေါ်နန်းခမ်းစိန် ၁၃/မဆတ(နိုင်)၀၀၅၄၇၅က ၃၀၀၀၀/- ငွေသွင်းပြေစာမူရင်းမှာ ပျောက်ဆုံးသွားပါသဖြင့် ပျောက်ဆုံးကြောင်း ရဲစခန်းနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်များ တင်ပြ၍ အမွေဆက်ခံစာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၁၆)ရပ်ကွက်၊ မာလာမြိုင်(၈)လမ်း နေသူ ဒေါ်မီမီလွင် လွှဲအပ်ချက်အရ အောက်ပါအတိုင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်-

ဒေါ်မီမီလွင်၏ သမီးတော်စပ်သူ ဆုပြည့်ဝေသျှံ(ခ)ပုံ့ပုံ့ ၁၂/မဂဒ(နိုင်) ၁၀၄၃၀၀ သည် မိခင်ဖြစ်သူအား ကိုယ်စိတ်နှစ်ပါးဆင်းရဲခြင်းဖြစ်အောင် လုပ်ဆောင်သည့်အပြင် သာမက မိဘတို့၏ ဆိုဆုံးမမှုကို မနာခံဘဲ နေအိမ်မှထွက်ခွာသွားသဖြင့် သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ နောက်နောင် ယင်းနှင့်ဆက်နွယ်သမျှ ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်းနှင့် စုံစမ်းမေးမြန်းခြင်းသည်းခံပါ။

**လွှဲအပ်ချက်အရ**

**ဦးအောင်ရဲစိုး(LL.B)** **ဦးကျော်သက်အောင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဥ်-၁၅၉၈၅)** **တရားလွှတ်တော်ရှေ့နေ(စဥ်-၁၇၉၆၃)**

**အမှတ်(၁၄၈)၊ ဇော်ဂျီလမ်း၊ ဒက္ခိဏသီရိမြို့၊ နေပြည်တော်၊**
**ဖုန်း-၀၉-၂၅၀၆၇၉၁၄၅**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့နယ်၊ ဗိုလ်ရာညွန့်လမ်း၊ အမှတ်(၅၆)ရှိ သဇင်ကွန်ဒို၊ တိုက်(ဘီ)၊ အခန်း(၅၀၃)ဟုခေါ်တွင်သော ကွန်ဒိုတိုက်ခန်း(၁)ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ၎င်းကိုယ်တိုင်လွှဲပြောင်းရောင်းချပိုင်ခွင့် ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူဖြစ်သော ဦးကျော်လှိုင် ၁၂/ပဘတ(နိုင်)၀၀၀၃၂၂ ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးလွင်ဦး(LL.B)** **ဒေါ်ဌေးဌေး(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဥ်-၆၂၃၅)** **တရားလွှတ်တော်ရှေ့နေ(စဥ်-၇၆၉၇)**

**တိုက်အမှတ်(၈၈)၊ မြေညီထပ်၊ ၃၈ လမ်း(အလယ်)၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၅၀၅၀၇၉၉**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ မတ္တရာမြို့နယ်၊ လက်ကြောင်းကြီးကျေးရွာအုပ်စု၊ မြို့ကုန်းကျေးရွာနေ ဦးတင်ရှိန် ၉/မတရ(နိုင်)၀၅၂၅၈၉၊ ဒေါ်အမာတင် ၉/မတရ (နိုင်)၀၅၁၇၈၆ တို့၏ သား ကိုပြည့်ဖြိုးအောင်(ခ)ကိုဖြိုး ၉/မတရ(နိုင်)၁၈၂၀၅၀ သည် မိဘတို့၏ဆိုဆုံးမမှုစကားကို နားထောင်ခြင်းမရှိဘဲ မိဘများအား စိတ်ဆင်းရဲမှုဖြစ်အောင် အကြိမ်ကြိမ်ပြုမူ ဆောင်ရွက်နေပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ပါကြောင်း အများ သိစေရန် ကြေညာအပ်ပါသည်။ ကိုပြည့်ဖြိုးအောင်(ခ)ကိုဖြိုးနှင့်ပတ် သက်၍ မည်သည့်ကိစ္စကိုမျှ တာဝန်ယူဖြေရှင်း ဆောင်ရွက်ပေးမည် မဟုတ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဦးတင်ရှိန် ၉/မတရ(နိုင်)၀၅၂၅၈၉**
**ဒေါ်အမာတင် ၉/မတရ(နိုင်)-၀၅၁၇၈၆**

## ကရင်ပြည်နယ်
## လမ်းဦးစီးဌာန၊ ဘားအံခရိုင်
## အိတ်ဖွင့်တင်ဒါ(Open Tender) ခေါ်ယူခြင်း

၁။ ကရင်ပြည်နယ်၊ လမ်းဦးစီးဌာနအတွင်းရှိ ခရိုင်များနှင့်အထူးအဖွဲ့များ၏ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်ပြည်ထောင်စု/ပြည်နယ် ငွေလုံးငွေရင်း/ပြင်ဆင်ထိန်းသိမ်းခြင်းရန်ပုံငွေဖြင့် ဆောင်ရွက်မည့်လမ်း-တံတားလုပ်ငန်းများအတွက် လုပ်ငန်းတင်ဒါများကို အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူမည်ဖြစ်ပါသည်-

**တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်ရက်/အချိန်** - ၂၂-၃-၂၀၂၂ရက် (အင်္ဂါနေ့) မှ ၂၀-၄-၂၀၂၂ရက် (ဗုဒ္ဓဟူးနေ့)၊ မွန်းလွဲ ၁:၀၀နာရီ

**တင်ဒါလျှောက်လွှာတင်သွင်းရမည့်ရက်/အချိန်** - ၂၁-၄-၂၀၂၂ရက်(ကြာသပတေးနေ့) မှ ၂၇-၄-၂၀၂၂ရက် (ဗုဒ္ဓဟူးနေ့)ထိ (ရုံးချိန်အတွင်း)

**တင်ဒါဖွင့်ပွဲကျင်းပမည့်ရက်/အချိန်** - ၁၀-၅-၂၀၂၂ရက်(အင်္ဂါနေ့)၊ နံနက် ၉:၃၀နာရီ

**တင်ဒါဖွင့်ပွဲကျင်းပမည့်နေရာ** - ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ အစည်းအဝေးခန်းမ၊ လမ်းဦးစီးဌာန၊ ဗိုလ်ချုပ်လမ်း၊ ဘားအံမြို့၊ ကရင်ပြည်နယ်

၂။ တင်ဒါလျှောက်လွှာပုံစံနှင့်စည်းကမ်းချက်များကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်-

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးအဖွဲ့**

**ဘားအံခရိုင်-ဖုန်း-၀၉-၉၅၁၁၀၆၈၇၉၊ ၀၉-၇၉၆၂၃၇၀၉**
**ကော့ကရိတ်ခရိုင်-ဖုန်း-၀၉-၇၉၀၂၇၇၁၄၀**
**မြဝတီခရိုင်-ဖုန်း-၀၉-၂၆၁၀၆၀၀၄၀**
**ဖာပွန်ခရိုင်-ဖုန်း-၀၉-၄၂၅၉၀၂၂၈၄**
**လမ်းအထူးအဖွဲ့(၂၂)-ဖုန်း-၀၉-၅၆၆၀၈၆၀**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ ရေဝဏ်လမ်းမကြီး၊ အမှတ်(၆၁)၊ မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော " ရေချမ်းသာအိမ်ရာ"ရှိ တိုက်အမှတ် (11-A)(၁၁ ထပ်)အခန်းအမှတ် ၂၄၃ အကျယ်အဝန်း၊ 600 sqft ရှိ အခန်းစာချုပ်အမှတ်(AYCD/Cont/134/2016)အား ဦးမိုးမြင့်သူမှပိုင်ဆိုင်ကာ ဇနီးဖြစ်သူ ဒေါ်ကေဇင်ထက် ၉/ခအဇ(နိုင်)၀၂၁၇၉၅ မှ တာဝန်ယူပြီး ဦးမိုးမြင့်ကိုယ်စား ရောင်းချရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ဇာနည်မြတ်မြတ်မိုး ၁၂/မဂဒ(နိုင်)၁၁၀၉၁၈ က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့် စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ တိကျခိုင်လုံသော တရားဝင်စာချုပ်စာတမ်း မူရင်းအထောက်အထားများနှင့်တကွ ယခုကြော်ငြာပါသည့်ရက်မှစ၍ ၇ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးအပိုင်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ် ပါသည်။

**လွှဲအပ်ညွှန်ကြားသူ-**
**ဒေါ်ဇာနည်မြတ်မြတ်မိုး**
**၁၂/မဂဒ(နိုင်)၁၁၀၉၁၈**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်စုစုအောင်(LL.B)**
**(စဉ်-၁၃၄၉၈/၂၀၁၇)**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ်(၉၉၉)၊ သစ္စာလမ်း၊ (၁၀)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊**
**ဖုန်း-၀၉-၇၇၈၉၄၀၂၀၆**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ သံတံတားရပ်ကွက်၊ ဇေယျဝတီလမ်း၊ အမှတ်(၃၃)မြေကွက်ပေါ်ရှိ (၈)ထပ်တိုက်အဆောက်အအုံ၏ (၇)ထပ်မြောက် Hall ခန်း၊ အကျယ်အဝန်း(၂၅ ပေ x ၅၀ ပေ)ရှိ ဓာတ်လှေကားပါ ရေမီးစုံ ကွန်ဒိုတိုက်ခန်း(၁)ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ဥပဒေနှင့်အညီ ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်လှသိန်း ၈/မကန(နိုင်)၀၂၂၄၂၄ ထံမှ ကျွန်ုပ်မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုမူရင်းအထောက်အထား ခိုင်လုံစွာဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးတိုင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဇော်မျိုးထက်(LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၃၇၁၇၉)**
**ဒေါ်သီတာစန်းလွင်(ခ)သီတာစန်း LL.B, D.B.L**
**အထက်တန်းရှေ့နေ(စဉ်-၅၁၇၆၉)**
**အမှတ်(၈၂)၊ ဗဟိုလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၄၂၀၀၄၀၁၄၉၊ ၀၉-၄၃၀၄၃၂၀၅**

## ခင်ပွန်းအဖြစ်မှအပြီးအပြတ်ကွာရှင်းပြတ်စဲကြောင်း မြွက်ဟကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၂/တောင်ရပ်ကွက်၊ ရန်ပြေ(၁)လမ်း၊ အမှတ်(၇၅၃)နေ ဦးလှသိန်း၏ သမီး မယဉ်မင်းဖြူ(ခ)ရရှီဒါဘီသည် ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ တာမွေကြီး(ခ)ရပ်ကွက်၊ ကျိုက္ကစံလမ်း၊ အမှတ်(၃၆၅)၊ ခုနစ်လွှာနေ ကိုကျော်မင်းထွန်း(ခ)မိုဟမ္မဒ်ဖိုင်ဇဲရ် (TME-၀၃၆၈၇၇)နှင့် ၂၃-၁၀-၂၀၁၅ ရက်တွင် အစ္စလာမ်တရားတော်နှင့်အညီ နေကာရ်ပြုထိမ်းမြားလက်ထပ်ခဲ့ပါသည်။

ယခုအခါ နိကာဟ်မင်္ဂလာ ကတိစာချုပ်ပါ စည်းကမ်းချက်များအရလည်းကောင်း၊ မြန်မာနိုင်ငံလုံးဆိုင်ရာ မော်လဝီအဖွဲ့ချုပ်(ဗဟို)ရုံးတော်၏ အစ္စလာမ်တရား ဥပဒေဖဿဝါမွေသတ်ဆုံးဖြတ်ချက်အရလည်းကောင်း၊ မြန်မာနိုင်ငံစွန္နီမူစလင်မ်လင်မယားကွာရှင်းရေးဥပဒေ(၁၉၅၃)အရ ကျွန်မသည် ကိုကျော်မင်းထွန်း(ခ)မိုဟမ္မဒ်ဖိုင်ဇဲရ်အား ၁၇-၃-၂၀၂၂ရက်မှစ၍ (သွလာကေဗာအင်န်)တစ်ကြိမ် အတည်ပြုခြင်းဖြင့် ခင်ပွန်းအဖြစ်မှ အပြီးအပြတ် ကွာရှင်းပြတ်စဲလိုက်ပြီဖြစ်ကြောင်း မြွက်ဟကြေညာအပ်ပါသည်။

လင်မယားကွာရှင်းပြတ်စဲကြောင်း ကြေညာခြင်းမှာ ကျွန်မအား မည်သူတစ်ဦးတစ်ယောက်မှ ဖြားယောင်းခြင်း၊ ခြိမ်းခြောက်ခြင်းမရှိပါ။ ကျွန်မ၏သဘောဆန္ဒအလျောက် ကိုယ်စိတ်နှစ်ပါး ကျန်းမာစွာဖြင့် မြွက်ဟကြေညာခြင်းဖြစ်ပါသည်။

**မယဉ်မင်းဖြူ(ခ)ရရှီဒါဘီ**
**၁၂/သကတ(နိုင်)၂၂၆၂၈၂**

## ကရင်ပြည်နယ်
## လမ်းဦးစီးဌာန၊ ဘားအံခရိုင်
## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ ကရင်ပြည်နယ်၊ လမ်းဦးစီးဌာနအတွင်းရှိ ခရိုင်များနှင့် အထူးအဖွဲ့များ၏ ၂၀၂၂-၂၀၂၃ဘဏ္ဍာနှစ် ပြည်ထောင်စု/ပြည်နယ် ငွေလုံးငွေရင်း/ပြင်ဆင်ထိန်းသိမ်းခြင်း ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လမ်း-တံတားလုပ်ငန်းများအတွက် ပစ္စည်းတင်ဒါများကို အိတ်ဖွင့်တင်ဒါ(Open Tender) ခေါ်ယူမည်ဖြစ်ပါသည်-

**တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်ရက်/အချိန်** - ၂၂-၃-၂၀၂၂ရက်(အင်္ဂါနေ့) ရုံးချိန်အတွင်း

**တင်ဒါလျှောက်လွှာပိတ်မည့်ရက်/အချိန်** - ၂၀-၄-၂၀၂၂ရက်(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁:၀၀နာရီ

**တင်ဒါဖွင့်ပွဲကျင်းပမည့်ရက်/အချိန်** - ၂၂-၄-၂၀၂၂ရက်(သောကြာနေ့) နံနက် ၉:၃၀နာရီ

**တင်ဒါဖွင့်ပွဲကျင်းပမည့်နေရာ** - ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ အစည်းအဝေးခန်းမ လမ်းဦးစီးဌာန၊ ဗိုလ်ချုပ်လမ်း၊ ဘားအံမြို့၊ ကရင်ပြည်နယ်

၂။ တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်-

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**

**ဘားအံခရိုင်-ဖုန်း-၀၉-၉၅၁၁၀၆၈၇၉၊ ၀၉-၇၉၆၂၃၇၀၉**
**ကော့ကရိတ်ခရိုင်-ဖုန်း-၀၉-၇၉၀၂၇၇၁၄၀**
**မြဝတီခရိုင်-ဖုန်း-၀၉-၂၆၁၀၆၀၀၄၀**
**ဖာပွန်ခရိုင်-ဖုန်း-၀၉-၄၂၅၉၀၂၂၈၄**
**လမ်းအထူးအဖွဲ့(၂၂)-ဖုန်း-၀၉-၅၆၆၀၈၆၀**

## ရောင်းချရန်ကြော်ငြာစာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၆၆)
## ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံးတော်
## ၂၀၁၅ခုနှစ် တရားမဇာရီမှုအမှတ်-၉၈

ဦးမောင်မောင်လွင် **တရားနိုင်** နှင့် ဦးတင်အောင် **တရားရှုံး**

ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံးတော်၊ တရားမကြီးမှုအမှတ် ၉၅/၂၀၁၂ အမှု၏ အနိုင်ဒီကရီကို အတည်ပြုဆောင်ရွက်ရန်အတွက် အောက်တွင် ဖော်ပြထားသော ပစ္စည်းကို ၂၀၂၂ခုနှစ် ဧပြီ ၂၉ရက် နံနက် ၁၀:၀၀နာရီတွင်၎င်းပစ္စည်းတည်ရှိရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။ ကိုယ်တိုင်သော်လည်းကောင်း၊ တရားဝင်လွှဲအပ်သည့် ကိုယ်စားလှယ်ဖြင့်သော်လည်းကောင်း၊ လေလံဆွဲဝယ်ယူနိုင်ကြောင်း ကြေညာလိုက်သည်။

**ပစ္စည်းစာရင်း**

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ လူနေရပ်ကွက်စီမံကိန်းနှင့် မြေတိုင်း ၁၄ စီမံကိန်း-၂မှ မြေကွက်အမှတ်-၂၉၃(ပေ၄၀xပေ၆၀)မြေရင်းနှင့် တွယ်ကပ်ဆက်စပ်နေသော (၄)ပင်၊ သုံးခန်းအောက်ထပ်ကွန်ကရစ်ခင်း၊ ကျွန်းပါကေးခန်းလုံးပြည့်နံရံအုတ်ကာ၊ အပေါ်ထပ်ပျဉ်ကာ အဆောက်အအုံ သံဆန်ခါနှင့်ခြံစည်းရိုးခတ်၊ ယင်းတွင် တပ်ဆင်ထားသော လျှပ်စစ်မီတာတစ်လုံးနှင့် ဂျိုးဖြူရေသွယ်မီတာတစ်လုံး။

**လေလံကြမ်းခင်းဈေးကျပ်သိန်း(၂၈၅၀)**
**လေလံရောင်းချမည့်စည်းကမ်းချက်များ**

၁။ ပစ္စည်းစာရင်းတွင်ဖော်ပြထားသော အချက်အလက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်အရ သိရသမျှဖြစ်သည်။ မှားယွင်းခြင်း၊ ကွင်းကျန်ခြင်းတစ်ခုခုပေါ်ပေါက်ပါက တရားရုံးက တာဝန်ယူမည်မဟုတ်ပါ။ တရားရှုံး၏ အကျိုးသက်ဆိုင်သမျှကိုသာ ရောင်းချလိမ့်မည့်အကြောင်း လေလံဆွဲဝယ်မည့်သူတို့အား အထူးသတိပြုရန် နှိုးဆော်လိုက်သည်။

၂။ လေလံတင်ရောင်းချမည့်နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့်အတိုင်းရောင်းချမည်ဖြစ်သည်။

၃။ ဈေးနှုန်းအမြင့်ဆုံးဝယ်ယူသူအား လေလံဆွဲဝယ်ယူသူအဖြစ် သတ်မှတ်မည်။ သို့သော်အမြင့်ဆုံးပေးသည့်ဈေးနှုန်းမှာ ရောင်းချသည့်ပစ္စည်းအတွက် လက်ခံရန် မသင့်ကြောင်း ရောင်းချသူအရာရှိက ထင်မြင်လျှင် လက်မခံဘဲ ငြင်းပယ်ပိုင်ခွင့်ရှိသည်။

၄။ လေလံတင်ရောင်းချပြီး မရွှေ့မပြောင်းနိုင်သော ပစ္စည်းများအတွက် လေလံဆွဲဝယ်သူက ငွေကျပ် ၁၀၀ လျှင် ၂၅ ကျပ်ကို လေလံဆွဲဝယ်ယူပြီးသည်နှင့်တစ်ပြိုင်နက် နေ့ချင်းပေးသွင်းရမည်။ ထို့သို့ပေးသွင်းခြင်းမပြုလျှင် တစ်ဖန်ပြန်လည်လေလံတင်ရောင်းချလိမ့်မည်။

၅။ လေလံဆွဲဝယ်ယူသူများသည် ရောင်းချသည့်အရာရှိက သတ်မှတ်ထားသည့် စပေါ်ငွေကို တင်သွင်းမှသာ လေလံဆွဲဝယ်ယူခွင့်ရှိရမည်။

၆။ လေလံဆွဲဝယ်ယူရရှိသူသည် ၂၅ရာခိုင်နှုန်း နေ့ချင်းပေးသွင်းပြီးနောက် ကျန်ငွေများကို လေလံတင်ရောင်းချသည့်ရက်ကိုပယ်၍ ၁၅ရက်မြောက်နေ့ ရုံးဆင်းချိန်မတိုင်မီ ပေးဆောင်ရမည်။ ၁၅ရက်မြောက်သည့်ရက်သည် ရုံးပိတ်ရက်ဖြစ်လျှင် ပထမရုံးဖွင့်သည့်ရက်တွင် အပြေအကျေပေးသွင်းရမည်။

၇။ လေလံကျန်ငွေများကို အထက်ပါနေ့ရက်များတွင် ပေးဆောင်ရန် ပျက်ကွက်ပါက ပစ္စည်းကို တစ်ဖန်လေလံတင်ရောင်းချလိမ့်မည်။ ပေးသွင်းထားသည့်လေလံငွေများကို ဘဏ္ဍာအဖြစ်သိမ်းဆည်းခြင်းခံရမည်။

၂၀၂၂ ခုနှစ် မတ် ၁၁ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ လေလံတင်ရောင်းချရန် ကြော်ငြာစာထုတ်ပေးလိုက်သည်။

**(စိုးဝင်း)**
**တွဲဖက်ခရိုင်တရားသူကြီး(၅)**
**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာ

